www.burmeseclassic.com

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

## ချောကလက်ထောင်ချောက်


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးအောင်မိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)
မျက်နှာဖုံးဒီဇိုင်း - ရဲလေး
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅၊ ဖေဖော်ဝါရီ
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၁

၈၉၅.၈၃
မိုးစက်ပိုင်
ချောကလက်ထောင်ချောက်/မိုးစက်ပိုင်။ – ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ၊ ၂၀၁၅ ။
စာ - ၈၁၊ ၁၃ x ၂၀ စင်တီ။
(၁) ချောကလက်ထောင်ချောက်

www.burmeseclassic.com

## အမှာ

တကယ်လို့ . . .

ဒီဝတ္ထုလေးဟာ ပန်းပွင့်လေးတစ်ပွင့်ပဲ ဆိုပါစို့။

အဲဒီပန်းပင်လေးကို ကျွန်တော်နဲ့အတူ စိုက်ပျိုးခဲ့သူကတော့ ခင်မင်ရတဲ့ ကိုကျော်ကျော်ထွန်း (ဒါရိုက်တာ ညြရသ) ပဲ ဖြစ်ပါတယ်။

ကျွန်တော်

မိုးစက်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ရုတ်တရက်ဆိုသလို . . .

အိမ်အပေါ်ထပ်ရှိ ပြတင်းတံခါးဆီမှ ခရမ်းပြာရောင်ခရမ်းနုရောင် ကြွေဝန်းဒိုင်းကြီးကဲ့ သို့သော နှင်းဆီဖြူရောင်သီချင်းသံကြီးက လွင့်ပျံလာသည်။ ပြတင်းပေါက်အောက် ရှိ ဥယျာဉ်တည့်တွင် ကားရေဆေးနေသော ကြွယ်ဝအောင်တစ်ယောက် ဦး ခေါင်းကို အမြန်အလှည့်ပေးလိုက်မိ၏။

အိမ်အပေါ်ထပ်က . . .

ဒီသီချင်းသံ . . .

ဒါဆို . . . ငါ လုပ်ရမှာက . . .

ထိုသောအတွေးနှင့်အတူ အိမ်ရှေ့ခြံထဲတွင် ပန်းအိုးများ နေရာ ချနေသော ဦးကျောက်ခဲဆီသို့ လှမ်းကြည့်ကာ အော်ပြောလိုက်၏။

“ဦးလေးကျောက်ခဲရေ . . . ထုံးစံအတိုင်း လာပြန်ပြီဗျို့၊ ပန်းတွေ ကျွန်တော်သွားယူပြီး အမြန်လာခဲ့တော့”



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခဲ ထိုနေရာမှ လှစ်ခနဲ ပြေးထွက်သွားသည်။ ချက်ချင်းဆိုသလို ကြွယ်ဝအောင်လည်း ရေပိုက်ကို ပစ်ချကာ ကားပေါ် အမြန်တက်၍ စက်နှိုးပြီး ကားနေရာရွှေ့လိုက်၏။ ထိုအချိန်မှာပဲ ဦးကျော်ခဲက ကန်စ (တာပေါ်လင်စ) ကြီး ကိုင်ကာ အနားသို့ ပြန်ရောက်ရှိနေလေပြီ။

"ဦးလေးကျော်ခဲ ... ကန်စကို အမြန်ဖြန့်လိုက်ဗျ"

ဆယ်ပေပတ်လည်လောက်ရှိမည့် ကန်စကြီးကို ဖြန့်ကာ ဦးကျော်ခဲနှင့်ကြွယ်ဝအောင်တို့ အစွန်းတစ်ဖက်စီမှ ကိုင်ထားလိုက်ကြ၏။ အနေအထားကို ပြောရလျှင်တော့ အပေါ်ထပ်ပြတင်းပေါက်ဆီမှ ဘာပစ္စည်း ကျလာလာ မြေကြီးပေါ်သို့ ပြုတ်မကျစေရန် ခံထားခြင်းပဲ ဖြစ်လေသည်။

မရှေးမနှောင်းမှာပင် သီချင်းသံထွက်နေသော ပြတင်းပေါက်ဆီမှ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ တစ်ခုပြီးတစ်ခု ဝဲပျံကျလာလေတော့ သည်။ ထိုပစ္စည်းများကို မြင်သာအောင် အမှတ်စဉ်မတပ်ဘဲ ဖော်ပြရလျှင် တော့ ... ဖက်ခေါင်းအုံး၊ မွေးပွရုပ်၊ ခေါင်းလျှော်ရည်ဘူး၊ မိတ်ကပ်ဘူး ဟန်းဖုန်း ... အစရှိသည်တို့ ဖြစ်လေသည်။

အောက်တွင်ခံထားသော တာပေါ်လင်စထဲသို့ ကျလာသည့် ပစ္စည်းများကိုကြည့်ကာ ဦးကျော်ခဲက သက်ပြင်းချရင်း ကြွယ်ဝအောင်ကို လှမ်းပြောလိုက်သည်။

"ကောင်လေးရေ ... ခုတလော ဒီသားအဖတိုက်ပွဲက ပိုဆိုးလာ သလိုပဲကွ ... နော့"

ကြွယ်ဝအောင်က ပခုံးအသာတွန့်ပြလိုက်ရင်း ...

"ထုံးစံအတိုင်း သူ့အဖေ နောက်အိမ်ထောင်ပြုမယ့်ကိစ္စနဲ့ ပတ်





သက်ပြီး စကားများတာပဲနေမှာပေါ့ ဦးလေးကျော်ခဲရာ၊ မြူမိုးကလည်း တစ်ဦးတည်းသော သမီး၊ အမေလည်း မရှိတော့ဘူးဆိုတော့ ဖြစ်နေမှာပဲ လေ"

ဦးကျော်ခဲက ခေါင်းညိတ်ရင်း ...

"ဟုတ်ပါ့ကွာ ... ဦးအောင်မိုးဘက်က ကြည့်ရင်လည်း မြူမိုး အသက်အရွယ်ရောက်တဲ့အထိ ပြုစုစောင့်ရှောက်လာခဲ့တာလေ၊ ခုချိန်ကျ တော့လည်း ဆေးပေးမီးယူလေး ရှာချင်မှာပေါ့ကွာ၊ ဘယ်သူ့ကိုမှတော့ အပြစ်တင်လို့ မရပါဘူး၊ အရေးကြီးတာကတော့ မြူမိုး ဒေါသထွက်ပြီဆိုရင် သီချင်းအကျယ်ကြီးဖွင့်၊ ပစ္စည်းတွေ လွှင့်ပစ်တတ်သလို ငါတို့ဘက်ကလည်း ခုလို တာဝန်သိသိ ပစ္စည်းတွေမကျိုးမပဲ့အောင် ကန်စခံထားရုံပဲ ရှိတော့ တာပေါ့ ... ဟားဟား"

BURMESE CLASSIC

ပြောပြီး ဦးကျော်ခဲက တဟားဟား ရယ်လေတော့သည်။ ကြွယ်ဝအောင်လည်း အလိုက်သင့် ပြန်ပြုံးရင်း ပြောလိုက်၏။

"ဟဲ ဟဲ ... ဦးလေးကျော်ခဲတောင် သူတို့သားအဖအကြောင်း ဆော်တော်သဘောပေါက်လာပြီပဲ၊ ကျွန်တော်ကတော့ ဒီအိမ်ကို ခပ်ငယ်ငယ် ကတည်းက ရောက်နေတာဆိုတော့ ဆရာ့အကြောင်းရော၊ မြူမိုးအကြောင်း ရော နောကျေနေပြီဗျ၊ ခုလည်း ခဏနေရင် မြူမိုး ဒေါသပြေသွားပါလိမ့်မယ်"

ထိုအချိန်မှာပဲ အပေါ်ထပ်ဆီမှ သီချင်းသံက ရုတ်တရက် ပြန်တိတ် သွားလေသည်။ ကြွယ်ဝအောင်က ပြတင်းပေါက်ဆီ တစ်ချက်လှမ်းကြည့် လိုက်ပြီးမှ ဦးကျော်ခဲအား ထပ်ပြောလိုက်၏။

"ကဲ ကျွန်တော် မပြောဘူးလား၊ သီချင်းသံ ပိတ်သွားပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲလည်း ယာယီရပ်သွားပြီဗျ။ ဦးလေး ဒီပစ္စည်းလေးတွေ သိမ်းလိုက်ရအောင်''

ဦးကျောက်ခဲက ခေါင်းအသာညိတ်ရင်း သံယောဇဉ် မကုန်သေးဟန်ဖြင့် အပေါ်ထပ် ပြတင်းပေါက်ဆီသို့ ထပ်ကာ လှမ်းကြည့်လိုက်ပြန်သည်။ တစ်ဆက်တည်းပဲ ဦးကျောက်ခဲ၏မျက်နှာအမူအရာ ပြောင်းသွားရင်းက ကြယ်ဝအောင်ဆီ ကြည့်ကာ အလန့်တကြားအော်ဟစ်ပြောလိုက်၏။

''ဟာ . . . ကြယ်ဝအောင် . . . မင်း . . . မင်း''

ဦးကျောက်ခဲစကားက ထွက်မလာဘဲရပ်သွားသည်။ ကြယ်ဝအောင်က နားမလည်ဟန်ဖြင့် မေးဆတ်ရင်း ကြောင်တောင်တောင် ပြန်မေးလိုက်၏။

''ဦးလေးကျောက်ခဲ . . . ဘာလဲဗျ . . . အလန့်တကြား''

ဦးကျောက်ခဲက ဘာမှပြန်မပြောဘဲ မျက်လုံးကြီးပြူးကာ ပြန်ကြည့်နေသည်။ ထိုအချိန်မှာပဲ အိမ်အပေါ်ထပ်ဆီမှ နောက်ဆုံးကျည်ဆံဟုယူဆရသည့် ပန်းအိုးတစ်လုံးက လှပစွာ လွင့်ပျံလာပြီး ကြယ်ဝအောင်နဖူးဆီသို့ တည့်မတ်စွာ မိတ်ဆက်လိုက်လေသည်။

''ခွပ် !''

''အား''

ဘာဖြစ်သည်ဆိုတာကိုတော့ ဦးကျောက်ခဲလည်း ကြယ်ဝအောင်အား ထပ်ရှင်းပြရန်မလိုတော့ချေ။ နဖူးဆီသို့ လက်ဖြင့် အသာစမ်းရင်းက ချွဲပစ်စေးထန်းသည့် အထိအတွေ့ကြောင့် ကြယ်ဝအောင် ကိုယ့်ကိုယ်ကိုယ် နားလည်လိုက်လေသည်။ ကွဲပြီ။

■



## (၂)

သူငယ်ချင်းတွေနှင့် ချိန်းဆိုထားသော ကော်ဖီဆိုင်ရှေ့သို့ ရောက်ရောက်ချင်း မြူမိုး ကားဘာရိတ်ကို ဆောင့်နင်းကာ တုံ့ခနဲ ရပ်လိုက်သည်။ ကားစက်ပိတ်သွားစေရန် သော့ကိုလည်း ခပ်ကြမ်းကြမ်းလေး လှည့်ပိတ်လိုက်၏။ ပြီး ကားပေါ်မှ ဆောင့်ကြီးအောင့်ကြီးဆင်းကာ ကားတံခါးကိုလည်း ဒိုင်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်သည်။ ထိုနောက် ဆိုင်ထဲသို့ လျှပ်စစ်ခြေလှမ်းများဖြင့် လှမ်းဝင်လိုက်၏။ ထိုမျှလောက်ဆိုလျှင် မြူမိုး ဒေါသထွက်နေမှန်း ပရိသတ်ကြီးလည်း ရိပ်မိလောက်ပြီ။

ဆိုင်ထဲရောက်တော့ ဝေ့ကာ လှမ်းကြည့်လိုက်မိ၏။ စားပွဲတစ်ဝိုင်းမှာ အတူထိုင်ကာ စကားတစ်လုံးမှ မပြောမဆိုဘဲ ဖုန်းကိုယ်စီ ပွတ်နေကြသော နီလာနှင့်ခိုင်ခိုင်တို့အား တွေ့လိုက်ရသည်။ မြူမိုးလည်း မျက်မှောင်ကြုတ်ကာ ခုံတစ်ခုံဆွဲ၍ ဝင်ထိုင်လိုက်ပြီးမှ ခပ်ဆတ်ဆတ်လေး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . နင်တို့က အဲဒါ ဘာဖြစ်နေကြတာလဲ"

နီလာက အရင်ကြည့်လာသည်။ ကြည့်သည့်ပုံစံကိုက မနိုတရိုနှင့် ဖြစ်၏။ ပြီး . . . အကြည့်ကိုလွှဲကာ ဖုန်းကို ပြန်ပွတ်နေသဖြင့် မြူမိုး အသည်းယားရသွားပြီး စားပွဲကို ဘုန်းခနဲမြည်အောင် လက်နှင့်ရိုက်လိုက်ကာ . . .

"ဟဲ့ မိန်းမတွေ . . . အဲဒါက ဘာလုပ်နေကြတာလဲလို့"

ထိုအခါမှ နှစ်ယောက်စလုံး လန့်ဟန်ဖြင့် ဖုန်းကိုယ်စီ စားပွဲပေါ်သို့ တင်လိုက်သည်။ ပြီး . . . နီလာကပဲ မျက်စောင်းထိုး၍ . . .

"လန့်လိုက်တာဟယ် . . . ဘာဖြစ်ရမှာလဲ၊ ဒီမှာ ငါတို့ online သုံးနေတာလေ"

မြူမိုးက မျက်နှာလေးမဲ့လိုက်ရင်း . . .

"နင်တို့နှစ်ယောက်ကိုတော့ အံ့သြတယ်၊ သူငယ်ချင်းနှစ်ယောက် အတူရှိနေတာတောင် စကားမပြောမဆိုကြဘဲ online သုံးနေကြတယ် ဟုတ်လား၊ ဘယ်လိုဟာတွေလဲ . . . နင်တို့က"

ခိုင်ခိုင်က ပြုံးစိစိပြန်ကြည့်လာပြီး . . .

"ပြောပါတယ်ဟာ . . . ခုနကပဲ ပြောနေသေးတယ်"

မြူမိုးက . . .

"မပြောပါဘူးဟာ . . . ငါ ဆိုင်ထဲဝင်လာကတည်းက ကြည့်နေတာ၊ နင်တို့နှစ်ယောက်စလုံး ဖုန်းကိုပဲ သဲကြီးမဲကြီး ပွတ်နေကြတာမြင်တယ် . . . မညာနဲ့"

နီလာက ရယ်ရင်း . . .

"ဖုန်းပွတ်တာ ပွတ်တာပဲလေ၊ ငါတို့က Facebook သုံးရင်း





ပြောစရာရှိရင် Chatbox က ပြောနေကြတာ၊ သဘောပေါက်ပြီလား"

"အင်"

မေးမိသည့် ကိုယ့်ပါးစပ်ကိုပဲ ဖြတ်ရိုက်ချင်စိတ် ပေါက်သွားရသည်။ တော်တော်ဟုတ်တဲ့ ဟာမတွေ။ လူချင်းတွေ့နေတာတောင် Online က စကားပြောနေကြသည်တဲ့။

"နင်တို့ကလည်း လွန်လွန်းပါတယ်ဟာ . . . အချိန်ရှိသရွေ့ ဒီဖုန်းပဲ ပွတ်နေတာပဲ၊ ဖုန်းသာ သက်ရှိဆိုရင် အော်တာကြာပြီ"

ခိုင်ခိုင်က ရယ်သည်။

"ဒါကတော့ဟယ် . . . ခေတ်ကိုက"

"ခဲကြွနေတာလေ"

စကားမဆုံးခင်မှာ မြူမိုးက ဖြတ်ပြောလိုက်ခြင်းဖြစ်သည်။ နီလာက စားပွဲပေါ်၌ရှိနေသော ရေဘူးထဲမှ ရေတစ်ခွက် ငှဲ့ပေးရင်း . . .

"ကဲ . . . မြူမိုး . . . ပြောရတာ မောနေဦးမယ်၊ ရေအရင် သောက်လိုက်ဦး။ ပြီးမှ ပြောစရာရှိတာ ဆက်ပြော"

မြူမိုးက မျက်စောင်းထိုးလိုက်ပြီးမှ ရေခွက်ကို ယူကာ ဆတ်ခနဲ မော့သောက်လိုက်သည်။

ခိုင်ခိုင်က . . .

"ဆိုပါဦး . . . နင် ဖုန်းဆက်ပြီး ချိန်းကတည်းက တစ်ခုခု ပေါက်ကွဲချင်ဆိုတာတော့ သဘောပေါက်တယ်၊ ခု ဘာဖြစ်လာပြန်တာလဲ"

လေပူကြီးကို အရင်မှုတ်ချလိုက်ရင်း မြူမိုး ပြန်ပြောလိုက်သည်။

"ဘာဖြစ်ရမှာလဲဟာ . . . ဖေဖေပေါ့၊ ငါ သဘောမတူပါဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတဲ့ဟာကို ဟိုမိန်းမကြီးပဲ ယူဖို့ လာလာပြောနေလို့ပေါ့"

နီလာက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး . . .

"သြော် . . . အဲဒီကိစ္စဖြစ်ပြန်ပြီလား။ နင့်ဖာသာကြီးကလည်းဟာ ဒီအရွယ်ရောက်မှ အကြောက ထောင်နေသေးတယ်"

"ဟဲ့ . . . နင် ငါ့အဖေကို ဘယ်လိုပြောလိုက်တာလဲ"

မြူမိုး ဆတ်ခနဲ ပြန်မေးလိုက်သဖြင့် နီလာက ဟီးခနဲ ရယ်လိုက်ရင်း . . .

"အဟီး . . . ငါက ဥပမာပေးတာပါ၊ ဒီလိုလေဟာ . . . ခု . . . နင့်အဖေရဲ့အသက်အရွယ်၊ စီးပွားရေးအနေအထားနဲ့ ဒေါ်ဝေမာလို ပွဲစားမိန်းမတစ်ယောက်ကို ယူချင်နေတာကို ပြောတာပါ"

စကားအဆုံးမှာ မြူမိုးက သက်ပြင်းချလိုက်ပြီး . . .

"နင်တို့ မသိသေးတဲ့ကိစ္စတွေ ရှိတယ်ဟ၊ ဖေဖေက ဒေါ်ဝေမာကို ယူချင်နေတာ အကြောင်းရှိတယ်"

"ဟင် . . . ဘယ်လိုဖြစ်လို့လဲ၊ ဘာညာရှော့ခ်တက်နေလို့လား"

မြူမိုးက ခေါင်းခါလိုက်ရင်း . . .

"ဟာ . . . အဲလိုမဟုတ်ပါဘူး၊ ဒေါ်ဝေမာက ဖေဖေရဲ့ငယ်ရည်းစားလေ၊ အဲဒါကြောင့် လက်ထပ်ချင်နေတာ"

"သြော် . . . အဲလိုလား၊ အင်း . . . အဲလိုဆိုတော့လည်း နင့်ဖာသာကြီးကို အပြစ်အရမ်းပြောလို့မရဘူး မြူမိုး၊ ဘာဖြစ်လို့လဲဆိုတော့ နင့်အမေဆုံးပြီးကတည်းက နောက်အိမ်ထောင်မပြုဘဲ ဒီအရွယ်ထိ နင့်ကို စောင့်ရှောက်လာတာလေ၊ ခု . . . နင်လည်း အရွယ်ရောက်ပြီဆိုတော့





သူလည်း ဆေးပေးမီးယူလေး ရှာချင်မှာပေါ့ဟယ်"

နိုင်နိုင်စကားအဆုံးမှာ မြူမိုး သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"ဟုတ်တော့လည်း ဟုတ်ပါတယ်ဟယ် . . . မေမေက ငါ သိတတ်စအရွယ်ကပဲ ဆုံးသွားခဲ့တာလေ၊ အဲဒီအချိန်ကပဲ ဖေဖေက ငါ့ကို အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး ပြုစုစောင့်ရှောက်ခဲ့တာ၊ ငါ့အဘိုးအဘွား တွေရှိတဲ့ နိုင်ငံခြားကိုတောင် ငါ့ပညာရေးအတွက် မလွှတ်ချင်ဘဲ လွှတ်ခဲ့တာ ငါသိပါတယ်၊ ဒါပေမဲ့ဟာ . . . ငါ့အနေနဲ့ ဖေဖေ့ကို ဘယ်သူနဲ့မှ ထပ်ပြီး လက်မထပ်စေချင်ဘူး၊ ဒီအတိုင်းပဲ နေစေချင်တယ်"

"ဒါကတော့ နင့်ဆန္ဒလေဟယ်၊ နင့်အဖေဘက်က ကြည့်ရင်လည်း သူ့ငယ်ရည်းစားနဲ့ ပြန်ပေါင်းထုတ်ချင်နေတာဖြစ်မှာပေါ့"

မြူမိုးက လေပူကြီးကို ဆင့်ကဲဆင့်ရဲ မှုတ်ထုတ်လိုက်ရင်း . . .

"အဲဒါကြောင့်လည်း ဖေဖေနဲ့ငါ တကျက်ကျက် စကားများနေရတာပေါ့၊ အဲ့ကိစ္စအတွက်ပါ ဘယ်လိုလုပ်ရင်ကောင်းမလဲဟင်၊ အကြံလေး ဘာလေး ပေးပါဦး"

စကားအဆုံးမှာ နီလာက . . .

"ဒီလိုလုပ်ပါလားဟာ . . နင် အဲဒီကိစ္စကို Facebook မှာ Status တင်ပြီး အကြံတောင်းကြည့်ပါလား။ နင့်မှာလည်း friend တွေ များတာပဲ ဟာကို"

ထိုစကားကြောင့် မြူမိုး စိတ်တိုသွားရပြီး . . .

"နီလာ . . . နင် ပေါက်ကရတွေ မပြောနဲ့ဟာ၊ ကိုယ့်အိမ်တွင်းရေးကို Facebook ပေါ်တင်တော့ တစ်တိုင်းတစ်ပြည်လုံးကို ကြော်ငြာသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမှာပေါ့ ဟာ၊ တော်တော် စဉ်းစားတတ်တဲ့ ဦးနှောက်ပဲ''

''အေးလေ ... ဘာတွေပြောနေမှန်းမသိဘူး''

နိုင်နိုင်က ကြားထဲက ဝင်ကာ အမှတ်ယူလိုက်သည်၊ နီလာက နိုင်နိုင်ကို ပေစောင်းစောင်းကြည့်လိုက်ပြီး ...

''ငါလည်း စဉ်းစားမိတာကို ပြောတာပဲလေ၊ နင့်မှာ အကြံရှိရင် ပေးလိုက်ပါလား''

စကားအဆုံးမှာ နိုင်နိုင်က မျက်နှာကို အတင်းကြီး တည်ပစ်လိုက်ရင်း ...

''အေး ... ငါ စဉ်းစားကြည့်မယ်''

နိုင်နိုင် အသဲအသန်စဉ်းစားနေချိန်က သုံးမိနစ်လောက် ကြာမည်ထင်သည်။ အနီးစပ်ဆုံး ပြောရလျှင် ခေါက်ဆွဲပြုတ်တစ်ထုပ် ပြုတ်ချိန်လောက်။ ထိုသို့စဉ်းစားလိုက်ပြီးမှ နိုင်နိုင်မျက်နှာက ဝင်းခနဲဖြစ်လာပြီး...

''ဟုတ်ပြီ ... မြူမိုး ... ငါ အကြံရပြီ''

မြူမိုးက စကားမထောက်ပေးဘဲ ပြောကြည့်လေ ... ဟူသော မျက်နှာပေးနှင့် အသာပြန်ကြည့်လိုက်၏။ နိုင်နိုင်က ဘယ်သူ့တိုက်တွန်းချက်မှ မပါဘဲ အားတက်သရော ပြောလေသည်။

''ဒီလိုလုပ်ဟာ ... အချိန်ဆွဲထားတဲ့အနေနဲ့ နင် အိမ်ထောင်ပြုပြီးမှ နင့်အဖေကို ကြိုက်တာလုပ်လို့ ပြန်ပြောလိုက်ပေါ့ ... မကောင်းဘူးလား''

စကားအဆုံးမှာပဲ နီလာက မျက်ခုံးနှစ်ဖက်စုရှုံ ...

''အာ ... နင့်အကြံကလည်း ... မြူမိုးက အိမ်ထောင်ပြုဖို့ နေနေသာသာ ရည်းစားမှမရှိတာကို''





''အေးလေ ... အဲဒါကြောင့်ပဲ အချိန်ဆွဲထားလို့ရအောင် အဲလို ပြောခိုင်းတာပေါ့ ... ငတုံးမ နီလာရဲ့၊ မြူမိုးက ရည်းစားမရှိတော့ အိမ်ထောင်ပြုဖို့ဆိုတာ ဘယ်ဆီနေမှန်းမသိသေးဘူးလေ၊ မြူမိုး အိမ်ထောင်ပြုပြီးမှ သူ့အဖေက သူ့ကိစ္စကို စဉ်းစားလို့ရမှာဆိုတော့ မြူမိုးအဖေ အိမ်ထောင်ပြုဖို့ဆိုတာ ပိုဝေးပြီပေါ့ ... မဟုတ်ဘူးလား''

ထိုအခါမှ နီလာက ဟီးခနဲရယ်လိုက်ကာ ...

''အဟီး ... ဟုတ်သားပဲ''

စကားအဆုံးမှာပဲ မြူမိုးက စားပွဲကို လက်နှင့် ဖြန်းခနဲပုတ်လိုက်ရင်း ဝမ်းသာဟန်ဖြင့် ...

''မှန်တယ် နိုင်နိုင် ... လောလောဆယ်အခြေအနေမှာ နင်ပေးတဲ့ အကြံက အကောင်းဆုံးပဲ ... နင် တော်တယ်''

နိုင်နိုင် သဘောကျစွာ တဟက်ဟက်ရယ်လိုက်သည်။ မြူမိုးက ဆက်ပြောလိုက်၏။

''ထပ်ပြောရရင်တော့ ဒီနေ့အဖို့ နင့်ကို သိပ်ကျေးဇူးတင်သွားပြီ နိုင်နိုင်''

''ကျေးဇူးတင်ရုံပဲလားဟ''

စကားခေါ်သလို ပြန်မေးလာသည်မို့ မြူမိုးက ...

''လာမယ်လေ ... ငါ့ဘက်ကလည်း နင့်ကို ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ ဖုန်းတစ်လုံး လက်ဆောင်ဝယ်ပေးဖို့ စဉ်းစားထားပါတယ်ဟ''

နိုင်နိုင်မျက်နှာက တစ်မုဟုတ်ချင်း ဝင်းတောက်ထိန်လင်းသွားသော်ငြား ချက်ချင်းပဲ လျှာခလုတ်တိုက်မတတ် ပြန်မေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းတစ်လုံးဟုတ်လား။ ဘာဖုန်းလဲဟင် . . . မြူမိုး Iphone လား။ Samsung လား။ HTC လား။ ဒါမှမဟုတ် Sony"

စကားမဆုံးခင်မှာပဲ မြူမိုးက ဖြတ်ပြောလိုက်သည်။

"နိုင်နိုင် . . . နင် ဘာတွေလျှောက်ပြောနေတာလဲ၊ ငါ ဝယ်ပေးမယ့် ဖုန်းတစ်လုံးဆိုတာက လိုင်းကတ်ကို ပြောတာ၊ ဘာယူမှာလဲ . . . MPT လား၊ MEC လား။ ဒါမှမဟုတ် Telenor လား၊ Ooredoo လား။ ကြိုက်တာပြော၊ ထောင့်ငါးရာတန် တစ်ကတ်ဝယ်ပေးမယ် . . . သိလား"

"ဟဲ့ . . . မြူမိုး . . . အရူးပလုတ်မ၊ နင် တော်တော် အကုန်အကျများသွားဦးမယ် သိလား . . . ဘာလိုင်းကတ်မှ မယူဘူး။ ဖုန်းဘီလ်မတတ်နိုင်ဘူးဟဲ့"

နိုင်နိုင်စကားအဆုံးမှာတော့ မြူမိုးနှင့်နီလာတို့ သဘောကျစွာ ရယ်လိုက်ကြလေသည်။

လောလောဆယ်အဖို့ မြူမိုးစိတ်တွေ လွတ်လပ်ပေါ့ပါးသွားသည်ကတော့ အမှန်ပင်။

■

## (၃)

"စိတ်ချပါ ဝေမာရယ် . . . ဒီနေ့ကျရောက်တဲ့ ဝေမာမွေးနေ့မှာ ဆေမာ လုံးဝအံ့သြပြီး ပျော်ရွှင်ဖြစ်သွားစေမယ့် လက်ဆောင်မျိုး ကိုယ်ပေးမှာပါ . . . ဟဲဟဲ"

အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဖုန်းပြောနေသော ဦးအောင်မိုးမျက်နှာကြီးက ငယ်မူငယ်သွေးတွေကြွကာ နီရဲကြည်တောက်နေသည်။ ခုလို ငယ်ရည်းစားနှင့် ဖုန်းပြောတိုင်း တခြားလူတွေကြားမှာ ဖြင့် အိမ်ရှိ သီသန့်ရုံးခန်းထဲတွင်သာ ပြောလေ့ရှိ၏။ ဒီနေ့လည်း မွေးနေ့ရှင် ဒေါ်ဝေမာက ဘာလက်ဆောင်ပေးမှာလဲဟု မေးနေသဖြင့် ရှင်းပြနေခြင်းဖြစ်သည်။

"သိပါတယ် ဝေမာရယ်၊ ကိုယ့်လက်ဆောင်ကို ဝေမာ့လက်ထဲထိ ရောက်အောင် အိမ်က ဟိုကောင် ကြယ်ဝအောင်နဲ့ ပို့ခိုင်းလိုက်ပါမယ်။ ဒါဆိုရင်တော့ ဝေမာ . . . သိတယ်နော် . . . ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဘာပြန်ပြောသည်မသိ။ ဦးအောင်မိုး တဟီးဟီးရယ်လိုက်ပြန်သည်။ ထိုအချိန်မှာပဲ အခန်းတံခါးခေါက်သံ ထွက်ပေါ်လာသဖြင့် ဦးအောင်မိုးက ...

"ဝေမာရေ ... ဒါပဲနော် ... ကိုယ် ခဏနေရင် ဟိုကောင်နဲ့ လက်ဆောင်ပို့နိုင်းလိုက်မယ်၊ ဒါပဲ ... ဒါပဲ၊ အာဘွား ... မွမွ"

အသက်အရွယ်နှင့် မလိုက်စွာ ပလီပလာတွေပြောပြီး ဦးအောင်မိုး ဖုန်းချလိုက်၏။ ပြီး ... မျက်နှာကို ချက်ချင်းတည်လိုက်ပြီး အသံမာမာနှင့် ခပ်ကျယ်ကျယ် လှမ်းပြောလိုက်သည်။

"တံခါးစေ့ထားတယ် ဟေ့ကောင် ... တွန်းဖွင့်ပြီး ဝင်ခဲ့"

အခန်းတံခါး အသာဟသွားပြီး နဖူးတွင် ပတ်တီးစည်းထားသော ခေါင်းတစ်လုံးက အရင်ဝင်လာသည်။ ထိုခေါင်းနှင့်အတူ ခန္ဓာကိုယ်ကြီးတစ်ခုပါ အတွဲလိုက်ဝင်ရောက်လာပြီး ဦးအောင်မိုးအား လှမ်းပြောလိုက်၏။

"ကျွန်တော် ရောက်ပါပြီ ဆရာ"

"အေး ... မြင်တယ်လေကွာ၊ ငါ မျက်စိမမှုန်သေးဘူးကွ"

ဆရာနှင့်တပည့်ကတော့ ထိုကဲ့သို့ ချစ်ကြည်ဖြူကြလေသည်။ ကြွယ်ဝအောင်က ဘာမှဆက်မပြောဘဲ ငုပ်တည်တည်ရပ်နေသဖြင့် ဦးအောင်မိုးက တပည့်ကျော်ကို စုန်ချည်ဆန်ချည် ကြည့်လိုက်ပြီးမှ မျက်နှာကိုမဲ့ကာ

"ဟေ့ကောင် ... မင်းနဖူးက ဒဏ်ရာက ဘယ်လိုနေသေးလဲ၊ သိပ်မများဘူးမလား"

ကြွယ်ဝအောင်က နဖူးမှ ဒဏ်ရာကို စမ်းလိုက်ရင်း ...

"ရပါတယ် ဆရာ၊ သုံးချက်ပဲ ချုပ်ရတာပါ"





"ဩော် အေး ... မင်းကလည်း မင်းပဲ ကြွယ်ဝအောင်ရေ ဖန်းအိုးတစ်လုံးလွင့်လာတာတောင် မမြင်တာ အံ့ပါရဲ့"

ကြွယ်ဝအောင်က မသိမသာ နှာခေါင်းရှုံ့ရင်း ...

"ဟုတ်ပါတယ် ဆရာ ... ရုတ်တရက်ဆိုတော့ မမြင်လိုက်တာနဲ့ [illegible]နှစ်ကောင်ကြားက မြေစာပင်လေး ဖြစ်သွားတာပါ"

ထိုစကားကြောင့် ဦးအောင်မိုး ဆတ်ခနဲ တွန့်သွားရပြီး ...

"ဟေ့ကောင် ... မင်းစကားက ဘာစကားလဲ၊ မင်းပြောမှပဲ ငါတို့[illegible]အဖက ကျွဲသားအဖ ဖြစ်ဦးမယ်၊ မင်းကွာ"

"အဲဒီလို မဆိုလိုပါဘူး ဆရာ"

ဦးအောင်မိုးက လက်ကာပြရင်း ...

"တော်ကွာ ... မင်း မရှောင်လို့ မင်းခံရတာပဲ၊ ထားလိုက်တော့ [illegible] မင်းကို နိုင်းစရာရှိလို့ ခေါ်လိုက်တာ ကြွယ်ဝအောင်"

ခေါင်းညိတ်လိုက်ရင်း ကြွယ်ဝအောင်က ...

"သိပါတယ် ဆရာ၊ ဆရာ ဘယ်တော့မှ မုန့်ဖိုးတွေ, ဘာတွေ [illegible]ဖို့ မခေါ်တတ်ဘူးဆိုတာ သိထားပြီးသားပါ"

"အေး ... သိရင်လည်း ပြီးတာပဲ၊ မင်းကို ငါ ပြောရဦးမယ်၊ [illegible] ငါ့အိမ်မှာ နေတာလည်း ကြာလှပြီ မင်းကို လစာလည်း ပေးထားတယ်၊ [illegible]နေစရာနဲ့ စားစရာဆိုလည်း ပေးထားတယ်၊ အဲဒါကို မင်းက နာတယ် [illegible]ဆင်နေတာလား"

ကြွယ်ဝအောင် ခေါင်းခါလိုက်သည်။

"မထင်ပါဘူး ဆရာ၊ ဆရာက ကျွန်တော့်ကို ငယ်ငယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးရှင်ပါ''

''အေး . . . မင်း အမြဲနားလည်ထားဖို့တော့ လိုတယ်ကွ၊ ဒါပေမဲ့ . . . မင်းကို ငါ ကြည့်ကြည့်နေတာ ကြာပြီ . . . မင်းကိုလေ အလုပ်တစ်ခု ခိုင်းလိုက်တိုင်း စိတ်ချရတယ်လို့ကို မရှိဘူး၊ အမြဲတမ်း စောက်တလွဲလုပ်တယ်၊ အဲဒီအကျင့်လေးရော ပြင်ဖို့ အစီစဉ်ရှိရဲ့လား''

''ကြိုးစားနေပါတယ် ဆရာ၊ ဒါပေမဲ့ . . . ဆရာ စီးပွားပျက်အောင် လုပ်မှုရေးထိခိုက်အောင်တော့ ကျွန်တော် မလွဲဖူးပါဘူး''

''ဟုတ်ပါပြီကွာ . . . သင်ခြေဆင်လက်နဲ့ ဆင်နားရွက်ကတော့ မင်း တော်တော်ပေးတတ်ပါတယ်၊ ဟော့ကောင် မင်းဖုန်း ခဏပေးစမ်း''

ထိုစကားကြောင့် ကြွယ်ဝအောင် ရုတ်တရက် ကြောင်အမ်းသွား ရင်း ဘောင်းဘီအိတ်ထဲမှ ဟန်းဖုန်းကို ထုတ်လိုက်မိသည်။ ချက်ချင်း လှမ်းမပေးသေးဘဲ ပြန်မေးလိုက်၏။

''ကျွန်တော့်ဖုန်း ဘာလုပ်မလို့လဲ ဆရာ၊ အထဲမှာ ဘာညာတွေ မရှိဘူးနော်၊ ဆရာ ရှာနေရင် ပင်ပန်းမှာစိုးလို့ပြောတာ''

ဦးအောင်မိုးက ယောင်ကာ ခေါင်းညိတ်လိုက်ရင်း . . .

''ဩော် . . . ဟုတ်လား၊ အဲဆိုလည်း နေပါစေတော့ကွာ၊ ငါက မင်းဆီမှာ Home made လေးတွေရှိရင် Zapya လေးနဲ့ ကူးမလားလို့ ဟာ . . . ဟော့ကောင် မင်းဆီက ဘာလုပ်ဖို့ ကူးမှာလဲကွ၊ ငါတော် ယောင်ကုန်ပြီ''

ကြွယ်ဝအောင်က ပြုံးစိစိလုပ်ရင်း . . .

''မသိဘူးလေ ဆရာရယ် . . . ဆရာက ဖုန်းတောင်းတော့





ကြည့်တာပါ''

''ဟော့ကောင် . . . ဖုန်းတောင်းတယ်ဆိုတာက မင်းကို ငါ ပေးကိုင် ထားတဲ့ ဟန်းဆက်ကို ကြည့်မလို့ကွ၊ ငါ မင်းကို ခဏပေးကိုင်ထားတဲ့ ဟန်းဆက်က မော်ဒယ်အမြင့်နော်၊ ဈေးကြီးတယ်၊ မင်း . . . အဲဒီဟန်းဆက် ကို သပ်သပ်ရပ်ရပ် ကိုင်လား၊ မကိုင်လားဆိုတာ စစ်မလို့ကွ၊ ပေးစမ်းပါ''

ကြွယ်ဝအောင်က လက်ထဲမှ ဖုန်းကို လှမ်းပေးလိုက်သည်။ ဦးအောင်မိုးက ဖုန်းအဟောင်းအရောင်းအဝယ်လုပ်သည့် ပွဲစားကဲ့သို့ ဖုန်းကို ပြန်လှန်ခေါက်ပြန်ကြည့်ပြီးမှ ပြန်ပေးလိုက်ရင်း . . .

''သေချာကိုင်ကွ . . . အောက်တွေဘာတွေ ပြုတ်ပျက်မကျစေနဲ့''

''အေး . . . ဆို''

''ဟော့ကောင် . . . ဘာပြောလိုက်တယ်''

''ဩော် . . . ရေလည်း အစိုမခံဘူးလို့ ပြောတာပါ ဆရာ''

''မကြားတကြားမပြောနဲ့ကွ . . . ပီပီသသပြော''

ကြွယ်ဝအောင် ပခုံးအသာတွန့်လိုက်သည်။ ထိုအခါမှ ဦးအောင် မိုးက သတိရဟန်ဖြင့် . . .

''မင်းကို ဆုံးမနေရတာနဲ့ ခိုင်းမယ့်ကိစ္စက မေ့တော့မယ်''

ထိုသို့ပြောပြီး ဦးအောင်မိုးက စားပွဲပေါ်၌ အသင့်တင်ထားသည့် ဗူးတစ်ဗူးကို လှမ်းယူလိုက်သည်။ ပြီး . . . ကြွယ်ဝအောင်ကို ကြည့်လျက် . . .

''ကြွယ်ဝအောင် . . . ဒီကိတ်မုန့်ဘူးကို ငါ့မိတ်ဆွေ ဒေါ် အိမ်ကို မင်းကိုယ်တိုင် သွားပေးရမယ်''



www.burmeseclassic.com

www.burmeseclassic.com



"အထဲမှာ ဘာပါလို့လဲ ဆရာ"

ဦးအောင်မိုးမျက်နှာက ဆတ်ခနဲ တည်သွားပြီး ...

"ကိတ်မုန့်ဘူးပဲကွ ... အထဲမှာ ကိတ်မုန့်ပဲ ပါမှာပေ့ါ၊ လျှာမရှည်နဲ့ကွာ၊ ပြန်လည်း မမေးနဲ့၊ မင်း ဒီကိတ်မုန့်ဘူးကို ဒေါ်ဝေမာ့လက်ထဲ ရောက်အောင်သွားပေး၊ ဒါပဲ ငါလိုချင်တယ် ... ရော့ ... ခု သွားတော့"

ပြောရင်း ဦးအောင်မိုးက လှမ်းပေးလာသည်။ ကြွယ်ဝအောင် လှမ်းယူလိုက်သော်လည်း ဦးအောင်မိုးက သူ့လက်ကို နောက်သို့ဆုတ်လိုက်ရင်း မပေးသေးဘဲ ...

"ဟော့ကောင် ထပ်မှာမယ် ... ဘာမှအလွဲလွဲ အချော်ချော် မဖြစ်စေနဲ့နော်၊ မင်းတာဝန်က ဒီကိတ်မုန့်ဘူးကို ဝေမာလက်ထဲ အရောက်ထည့်ဖို့ပဲ"

"သိပါပြီ ဆရာ"

ဒါသည်ကိုပင် ကျေနပ်ဟန်မရှိသော ဦးအောင်မိုးက ...

"ပြန်ပြောကြည့်စမ်း ... ငါမှာတာ ဘာလဲ"

ကြွယ်ဝအောင်က ခေါင်းတဖျင်းဖျင်းကုတ်လိုက်ရင်း ...

"ဒါကို ယူသွားရမယ်ဗျာ ... ဟိုရောက်ရင် ဝေမာ့ကို ထည့်လိုက်ရုံပဲ ... ဒါပဲမလား"

"ဟော့ကောင်"

"ဪ ... ဒီကိတ်မုန့်ကို ဒေါ်ဝေမာလက်ထဲရောက်အောင် ထည့်ခဲ့ရမယ်လို့ ပြောတာပါ ဆရာ"

"ကြောင်တောင်တောင် မလုပ်နဲ့ ... ကြောင်တောင်တောင်





မလုပ်နဲ့၊ သွားတော့ ဟော့ကောင် ... ခုသွားပို့လိုက်၊ လမ်းမှာ ဘယ်မှမဝင်နဲ့ ကြားလား"

ကြွယ်ဝအောင်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ပါ ဆရာ ... အဲဒါဆိုလည်း ကျွန်တော် သွားမယ်လေ၊ ကိတ်မုန့်ဘူးပေးတော့"

"ဪ ... အေး ... ရော့ သေချာကိုင်သွား"

ဦးအောင်မိုး ပေးလာသောကိတ်မုန့်ဘူးကို ကြွယ်ဝအောင်က ယိုတာထက်ပို၍ ဂရုစိုက်ဟန်လုပ်လျက် တယုတယလေး လှမ်းယူလိုက်သည်။ ပြီး ... ဦးအောင်မိုးကို တစ်ချက်ကြည့်ကာ ချာခနဲလှည့် ထွက်လိုက်ပါလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ဒေါ်ဝေမာအိမ်သို့ မြန်မြန်ထက်ထက်ရောက်အောင်ဆိုပြီး ကားကို လမ်းကြိုလမ်းကြားတွေထဲမှ ဖြတ်မောင်းလာရင်း ကြွယ်ဝအောင် တွေးမိသည်။ ကိုယ့်ဆရာဦးအောင်မိုးသည် ဘယ်လောက်မှ တန်ဖိုးမရှိလှ သည့် ကီတ်မုန့်လေးတစ်လုံးကို လက်ဆောင်သွားပို့နိုင်းပြီး စိတ်မချသော အမူအရာနှင့် အထပ်ထပ်မှာလိုက်သေးသည်။

တကယ်တမ်း စဉ်းစားကြည့်လျှင် ကိုယ်ယူမည့် မိန်းမတစ်ယောက်ကိုတော့ တန်ဖိုးရှိသည့် ပစ္စည်းတစ်ခုခု ပေးသင့်သည်လေ။ ခုတော့ ပလိန်းကီတ်လေးတစ်လုံးတည်း။ ထပ်ပြောရလျှင် သွားပို့ရသည့်ကိုယ့်တောင် လူပင်ပန်းသည့်အပြင် ကားဆီဖိုးနှင့်တွက်လျှင်လည်း မကိုက်ချေ။

သူဌေးတချို့ဟာ ဒီလိုကြောင်တောင်တောင် လူစားတွေပါပဲဟု ကြွယ်ဝအောင် မညှာမတာ မှတ်ချက်ချလိုက်၏။ ခုလည်း ကားလမ်းမကြီးမှ သွားလျှင် ကားပိတ်မည်စိုးသောကြောင့် ရွှေတောင်ကြား (ဝင်ဒါမီယာ)





ရပ်ကွက်ထဲမှ ဖြတ်မောင်းလာခြင်းဖြစ်သည်။

ထိုသို့မောင်းလာစဉ်မှာပဲ ကားက ဘာဖြစ်သည်မသိ။ ဖွတ်ချက် ဖွတ်ချက်ဟူ၍ပင် မမည်ဘဲ တုံ့ခနဲစက်ပိတ်ကာ ထိုးရပ်သွားလေသည်။ ဆီပျောက်မီးပျောက်လောက်တော့ နားလည်သည်မို့ ကြွယ်ဝအောင် ကားပေါ်မှဆင်းကာ စက်ဖုံးဖွင့်၍ ကြည့်လိုက်၏။

ကား၏စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းသွားသောအပြစ်ကို ရှာတွေ့ပါသည်။ ကိုယ့်ဘာသာကိုယ် ပါလာသော ကိရိယာလေးနှင့် ပြင်လျှင်တောင် နာရီဝက်လောက် ကြာမည်ထင်၏။ ထပ်ပြောရလျှင် ခုလို ရွှေတောင်ကြား ရပ်ကွက်မျိုးမှာက ဝပ်ရှော့လည်း ရှိဟန်မတူချေ။ ပတ်ဝန်းကျင်လှမ်းကြည့်လိုက်လျှင်ပင် ဘာဆိုင် ... ဘာကန့်နားမှ မတွေ့ရ၊ ဒီလိုသူဌေးရပ်ကွက်တွေထဲရှိ အိမ်တွေက အမြဲတစေ တံခါးပိတ်ထားတတ်ကြသည်။ တစ်ခုခု အကူအညီလိုလျှင်ပင် တောင်းလို့ရမည့်ပုံ မရှိချေ။

ထိုသောအနေအထားမျိုးမှာတော့ ကြွယ်ဝအောင်လည်း ကိုယ့်ဘာသာကိုယ် ကားပြင်ရတော့သည်။ အရေးထဲမှအရာပေါ်ဆိုသလို ကိုယ့်သောက်လုပ်နှင့်ကိုယ် ရှုပ်နေပါသည်ဆိုကာမှ သောက်ဖုန်းက လိုင်းမိပြီး ဝင်လာသေးသည်။ ဘယ်သူတောင်းစား ဆက်သည်မသိ။

လက်မှာပေနေသော စက်ဆီတွေကို အရင်သုတ်ရသည်။ ပြီး ... ဘောင်းဘီအိတ်မှဖုန်းကို နှိုက်ယူကာ နံပါတ်ကြည့်လိုက်၏။ ဦးအောင်မိုး ...။ ဘာထပ်နိုင်းဦးမည်မသိဟု တွေးကာ ဖုန်းဖွင့်ကိုင်လိုက်သည်။

“ပြော ... ဆရာ”

“ဟေ့ကောင် ... မင်း ဘယ်ရောက်နေပြီလဲ”

www.burmeseclassic.com

www.burmeseclassic.com



အသံက ငှက်ဆိုးထိုးသံတွင် စိတ်မချသော အရောင်တွေ ရောပါနေသည်။ ကြွယ်ဝအောင်က ...

"ဘယ်မှမရောက်သေးဘူး ဆရာ၊ လမ်းမှာ ကားပျက်သွားလို့ဖြင်နေတယ်"

ဦးအောင်မိုးဘက်မှ အသံ ခေတ္တတိတ်သွားသည်။ ပြီးမှ စိတ်မရှည်ဟန်ဖြင့် ...

"မင်းကွာ ... ကိုယ် အမြဲမောင်းနေတဲ့ ကားရဲ့ကျန်းမာရေးကိုခဏခဏ စစ်ထားတာ မဟုတ်ဘူး၊ ခုတော့ လမ်းတစ်ဝက်မှာဖြစ်ပြီ၊ ဟော့ကောင် ... ငါ့ကိတ်မုန့်က အရေးကြီးတယ်နော်၊ အဲဒါကို မင်း ရောက်အောင်သွားပို့ရမှာ"

"သိပါတယ် ဆရာ၊ ခု ... ကျွန်တော် ဆရာရဲ့ဩဝါဒကို ဆက်ခံယူရမှာလား၊ ဒါမှမဟုတ် ... ကားပြီးအောင် ပြင်ပြီး ဆက်သွားရမလား"

"ဟော့ကောင် ... အပိုတွေပြောမနေနဲ့၊ ကားပြီးအောင် ပြင်ပြီးငါခိုင်းတာကို ဆက်လုပ်၊ ဒါပဲ"

ပြောပြီး ဦးအောင်မိုးက အရင်ဖုန်းချသွားသည်။ အဲလို အလိုက်သိတာမဟုတ်ဘူးဟု တွေးလိုက်ရင်း ကြွယ်ဝအောင် ကားဆက်ပြင်လိုက်၏။

နောက်ထပ်ဆယ်မိနစ်လောက်ကြာတော့ ကားက လတ်တလောပြန်မောင်းရန် အဆင်ပြေသွားလေပြီ။ ကြွယ်ဝအောင်လည်း ကားစက်ဖုံးကိုပြန်နှိပ်၍ လက်တွင်ပေကျံနေသော စက်ဆီတွေကို သန့်စင်ကာ ကားစက်နှိုးထားလိုက်၏။

ကားစက်က ရှောရှောရှုရှု နိုးလာပါသည်။ သို့နှင့် လိုရာခရီးသို့ဆက်သွားရန် ကားပေါ်ပြန်ထိုင်လိုက်ချိန်မှာပဲ ဗိုက်ထဲမှ ဂွီခနဲမြည်ကာတလှုပ်လှုပ်နှင့် ဆာလာပြန်သည်။ ဗိုက်ဖြည့်ရန် စဉ်းစားရင်း ပတ်ဝန်းကျင်သို့ တစ်ချက်ထပ်ကာ ကြည့်လိုက်မိပြန်၏။ အထက်မှာဆိုခဲ့သည့်အတိုင်းသူရောက်နေသော ရပ်ကွက်ကလည်း လမ်းသေးဆိုင်လေးတွေ တစ်ဆိုင်မှမရှိချေ။ ကားပေါ်မှာလည်း အံဆာပြေသောက်ရန် ရေဘူးလေးပင် ပါမလာသဖြင့် ကြွယ်ဝအောင်က လုပ်ရမည့်မှန်းမသိတော့။

သို့နှင့် ကြံရာမရဖြစ်နေရာမှ ကားထဲ ဝေ့ကြည့်လိုက်မိသည်။ စားရေးဆိုသည့်အသိနှင့်အတူ လက်တစ်ဖက်က ဦးအောင်မိုး ပို့ခိုင်းလိုက်သောကိတ်မုန့်ဘူးဆီသို့ ဆတ်ခနဲရောက်သွား၏။

စက္ကူဘူးအဖုံးကို အသာဖွင့်ကြည့်လိုက်သည်။ ဘူးထဲတွင် ငြိမ်သက်စွာရှိနေသော ပလိန်းကိတ်မုန့်တုံးလေးက ကြွယ်ဝအောင်အား ပြုံးပြနေပြန်သည်။

ကိတ်မုန့်တုံးလေးကို အသာယူလိုက်ပြီးမှ စဉ်းစားလိုက်၏။

ခုနေ ... ဒီကိတ်မုန့်ကို ငါ စားလိုက်ရင် ...

မဖြစ်သေး၊ ခေါင်းခါလိုက်၏။ တွေးကြည့်လိုက်လျှင်ပင် ဦးအောင်မိုးနှင့် သောက်ပြဿနာ အကြီးကြီးတက်မှာ မြင်ယောင်မိသည်။

ဒါဆို ... စားလိုက်ပြီး ကိတ်မုန့်တစ်လုံး လမ်းမှာ အစားပြန်ဝယ်သွားရင်ကော ...

ထိုအတွေးကတော့ မဆိုးချေ၊ သို့သော် လက်လွှတ်စပယ်လုပ်လို့တော့ မဖြစ်သေး။ ထပ်စဉ်းစားလိုက်၏။

ဟုတ်ပြီ။







www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဆီအိတ်ထဲမှ ဖုန်းကို အသာထုတ်ယူပြီး ကိတ်မုန့်ကုံလေးကို ဓာတ်ပုံရိုက်ယူထားလိုက်၏။ ဒါဆိုလျှင်တော့ ပြဿနာသိပ်ရှိမည်မဟုတ်။ လမ်းတစ်နေရာရောက်မှ ကိတ်မုန့်ဆိုင် တစ်ဆိုင်ဆိုင်သို့ဝင်၊ ဖုန်းထဲ၊ ဓာတ်ပုံ ကိုပြပြီး အလားတူ ကိတ်မုန့်တစ်ဝုံးဝယ်၊ ပြီး အသာပြန်ပြီး အစားထည့်ထား လိုက်လျှင် ပြီးပြီ။

ကြွယ်ဝအောင် ကိုယ့်စိတ်ကူးကိုယ် ကျေနပ်စွာ ခေါင်းတဆတ် ဆတ်ညိတ်ရင်း ပြုံးလိုက်၏။ ခုလောလောဆယ် ဆာနေသော ဗိုက်အတွက် ဝမ်းမီးငြိမ်းရန်တော့ အဆင်ပြေလေပြီ။

ကိတ်မုန့်တုံးကိုယူကာ ဆတ်ခနဲ တစ်ကိုက် အရင်ကိုက်လိုက်ပြီး ဝါးပင်မဝါးဘဲ မျိုချလိုက်၏။

တစ်ကိုက်ပြီး . . . နောက်တစ်ကိုက် . . . နောက်တစ်ကိုက် . . . နောက်တစ်ကိုက် . . .။

သုံးမိနစ်လောက်အတွင်းမှာတော့ ကိတ်မုန့်တစ်ဝုံးလုံး အစာအိမ် ထဲသို့ ရှောရှောရှူရှူရောက်ရှိသွားလေပြီ။

ကြွယ်ဝအောင် ပါးနားသပ်ရင်း ဆက်သွားရန် ကားစက်နှိုးလိုက် ၏။ ကားမောင်းမထွက်ခင် ဗိုက်ကလေးကို အသာပွတ်ပြီး စဉ်းစားမိလိုက်သေး သည်။

အရသာရှိလိုက်တာ။

■



(၅)

လမ်းတွင်တွေ့သော ကိတ်မုန့်ဆိုင်တစ်ဆိုင်ဝင်ကာ အလားတူ ကိတ်မုန့်တစ်လုံး ပြန်ဝယ်ပြီး ဒေါ်ဝေမာငြိမ်းရှိသို့ ချောမောစွာ ရောက်လာခဲ့ သည်။

ခြံရှေ့ ကားရပ်ပြီး ဟွန်းတီးလိုက်တော့ ခြံစောင့်အဘိုးကြီး ထွက် လာပါ၏။ ကြွယ်ဝအောင်က ဒီအိမ်သို့ မကြာခဏဆိုသလို (ဦးအောင်မိုး ရှိစဉ်တိုင်း) ရောက်ဖြစ်နေသဖြင့် ခြံစောင့်အဘိုးကြီးနှင့်လည်း မျက်မှန်းတန်း မိနေလေပြီ။

အဘိုးကြီးက ကြွယ်ဝအောင်ကို မြင်မြင်ချင်းပဲ နှစ်လိုဖွယ်ပြုံးရင်း

"ကောင်လေးပါလား . . . ကားခြံထဲဝင်ဦးမလား"

ကားဝင်နိုင်လောက်သည်အထိ ခြံတံခါး ဖွင့်ပေးရမလားဟု မေး ခြင်းဖြစ်သည်။ ကြွယ်ဝအောင်က ခေါင်းခါပြလိုက်ရင်း . . .

"မဝင်တော့ဘူး ဦးလေး။ ပစ္စည်းလေးတစ်ခု လာပို့တာပါ။ အိမ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝေမာ ရှိတယ်မလား''

"ရှိတယ်ကွဲ့ . . . ရှိတယ်၊ ဘာပစ္စည်းပေးမလို့လဲ၊ ဦးလေးကို ပေးလေ၊ သွားပေးပေးပါ့မယ်''

လက်အသာ ကာပြရင်း ကြွယ်ဝအောင်က ထပ်ပြောလိုက်၏။

"အဲလို ပေးလိုက်လို့ မဖြစ်ဘူးဗျ၊ ကျွန်တော့်ဆရာက ဒီပစ္စည်းကို ဒေါ်ဝေမာလက်ထဲရောက်အောင် ထည့်ပေးခဲ့ရမယ်လို့ မှာလိုက်တာ၊ ဦးလေး ခဏလောက် သွားပြောပေးပါဗျာ၊ ကျွန်တော် အချိန်သိပ်မရလို့''

ခြံစောင့်အဘိုးကြီးက လှစ်ခနဲ အရင်ပြုံးသည်။ ပြီး . . .

"သွားခေါ်စရာမလိုပါဘူး ကောင်လေးရာ . . . ခုခေတ်က ဆက်သွယ်ရေးတွေ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်နေပြီကွ၊ ခဏလေး . . . နှစ်မိနစ်ပဲစောင့်''

စကားအဆုံးမှာပင် ခြံစောင့်အဘိုးကြီးက သူ့ခါးတွင် ချိတ်ထားသော ဟန်းဖုန်းလေးကို ဖြုတ်၍ ဖုန်းဆက်လေတော့သည်။

"ဒေါ်ဝေမာ ခင်ဗျား . . . ကျွန်တော် ခြံစောင့်စိုးအောင်ပါ၊ ဟုတ်ကဲ့ . . . ဦးအောင်မိုးအိမ်က ကောင်လေး အိမ်ရှေ့ရောက်နေပါတယ်၊ ပစ္စည်းတစ်ခု လာပို့တာလို့ ပြောပါတယ်၊ အဲဒါ . . . ဒေါ်ဝေမာလက်ထဲအထိ ထည့်ခဲ့ရမယ်လို့ ထပ်ပြောပါတယ် . . . လာယူပေးနိုင်မလားခင်ဗျ''

တစ်ဖက်က ဘာပြန်ပြောသည်မသိ။ ခြံစောင့်အဘိုးကြီးက ခေါင်းညိတ်လိုက်ရင်း . . .

"ဟုတ်ကဲ့ ခင်ဗျ၊ စောင့်နိုင်းထားပါတယ် . . . ဒါပဲဗျ''

ဖုန်းချလိုက်ပြီးမှ ခြံစောင့်အဘိုးကြီးက ကြွယ်ဝအောင်ကို လှမ်းကြည့်ရင်း . . .





"ကောင်လေး . . . ဒေါ်ဝေမာ လာယူမယ်တဲ့ . . . ခဏစောင့်ဦး''

ကြွယ်ဝအောင်က ခေါင်းညိတ်ကာ ပြုံးလိုက်ရင်း . . .

"တယ်ဟုတ်ပါလားဗျ . . . ဦးလေးတောင် ဖုန်းတွေ ဘာတွေ သုံးနေပြီကိုး''

အဘိုးကြီးက တဟားဟား ရယ်လိုက်ပြီး . . .

"ခေတ်အဘိုးကြီးပဲကွာ . . . သုံးတာပေါ့၊ ဖုန်းကို ဆက်သွယ်ရေးအတွက်ပဲ သုံးတာမဟုတ်ဘူး . . . Online လည်း သုံးတယ်၊ မင်းသိတယ်မလား . . . Viber တို့ Facebook တို့လေ''

"အလို . . . ထပ်ဟုတ်ပြန်ပြီဗျာ၊ ဒါဆို . . . ဦးလေး တော်တော်ခေတ်မီနေပြီဗျ၊ ကျွန်တော်လည်း Facebook သုံးပါတယ်''

အဘိုးကြီးက ခပ်တည်တည်ပဲ . . .

"ဟုတ်လား . . . အဲဆိုရင်လည်း ငါ့အကောင့်ကို လှမ်း add လိုက်စမ်းကွာ''

"ဗျာ . . . ဟုတ်ကဲ့၊ ဦးလေးက ဘာနာမည်နဲ့ သုံးတာလဲ''

တစ်ချက်ပြုံးလိုက်ရင်း အဘိုးကြီးက ပြန်ပြောလာသည်။

"အချစ်ဝေသူကို အချစ်တွေပေးပါ . . ဆိုတဲ့ နာမည်ရိုက်ပြီး ရှာလိုက်ကွာ၊ Profile ပုံက ကိုရီးယားမင်းသား လီမင်ဟိုပုံနဲ့၊ အဲဒါ ငါပဲ''

"ဗျာ''

ကြွယ်ဝအောင် ပါးစပ်အဟောင်းသားဖြစ်ကာ အံ့သြသွားရင်း အသံလိုလိုတက်လာသော ရယ်ချင်စိတ်ကို မနည်းဖိနှိပ်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ... အချစ်ဝတ်သူကို အချစ်တွေပေးပါဆိုတဲ့ နာမည်နဲ့ လီမင်ဟိုပုံတင်ထားမှတော့ အဲဒီအကောင့်ပိုင်ရှင်ကို အသက်ခြောက်ဆယ်ကျော် ခြံစောင့်ကြီးတစ်ယောက်လို့ ဘယ်သူက ထင်တော့မှာလဲ။ လန်ချက်က တော့ နိုင်းပွိုင့်နိုင်းနိုင်းပဲ ... ဟာ ... ဟ ...။

ကြွယ်ဝအောင် ရယ်ချင်ပက်ကျိစိတ်ဖြင့် စဉ်းစားနေချိန်မှာပဲ ...

"ကြွယ်ဝအောင် ... မင်းဆရာက ဘာပေးနိုင်းလိုက်တာလဲ"

ဒေါ်ဝေမာရောက်လာသဖြင့် ကြွယ်ဝအောင် ဆတ်ခနဲဖြစ်သွားပြီး ကားထဲမှ ကိတ်မုန့်ဘူးကို ယူကာ လှမ်းပေးလိုက်ရင်း ...

"ဟုတ်ကဲ့ ... ဆရာက ဒီကိတ်မုန့်ဘူးလေး ပို့ခိုင်းလိုက်လို့ပျ မမလက်ထဲ အရောက်ပို့ခဲ့ဖို့ပါ မှာလိုက်လို့"

"ဪ ... အေးကွယ် ပေးပေး၊ မင်းဆရာကို ပြန်ပြောလိုက်ဦး ... ကျေးဇူးတင်တယ်လို့ သိလား"

"ဟုတ်ကဲ့ မမ ... အဲဒါဆို သွားပြီနော်"

ဒေါ်ဝေမာက ခေါင်းအသာညိတ်ပြသည်။ ကားစက်ပြန်နှိုးကာ မောင်းထွက်ရန် ဟန်ပြင်လိုက်ပြီးမှ သတိရသဖြင့် လှမ်းပြောလိုက်ရသေး၏ အချစ်ဝတ်သူကို အချစ်တွေပေးပါ ... ဆိုသူကြီးကိုပေါ့။

"ဦးလေးရေ ... ကျွန်တော် လှမ်း add လိုက်မယ်နော်၊ accept လုပ်ပေးဦးဗျ ... ဟဲ ဟဲ"

ပြောရင်း ကားမောင်းထွက်လိုက်ပါ၏။ အင်း ... ခေတ်ကြီးကိုက ခဲကြွနေတာ သေချာနေပါပြီ။

■



(၆)

ဖုန်းကိုင်ထားသော ဦးအောင်မိုး၏လက်တစ်ဖက်က စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ် တုန်ခါနေသည်။ တစ်ဖက်မှ ဖြေသံကို နားစွင့်ရင်း အားမလို အားမရ ထပ်ကာမေးလိုက်၏။

"ဝေမာလေး ... အထဲကို အသေအချာ ဖြကြည့်လေ ... တွေ့ပြီလား"

တစ်ဖက်မှ ဒေါ်ဝေမာကလည်း စိတ်လှုပ်ရှားသံအပြည့်ဖြင့် ကတုန်ကယင်လေး ပြန်ဖြေလာသည်။

"မတွေ့သေးဘူး ကိုအောင် ... ဝေမာလည်း အထဲထိ နှိုက်ရှာတာပဲ ဘယ်နားမှာလဲဟင်"

ဦးအောင်မိုး ရင်ဖိုလာပြီး ပြန်ပြောသည်။

"ဟာ ... အပေါ်နားလေးမှာပဲလေ ဝေမာရဲ့ သေသေချာချာလေး ရှာပြီး ချကြည့်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့မှ ရယ်သံလေး ပြန်ထွက်လာသည်။ ပြီး . . . မပြောလာသောစကားသံကလည်း ဆွဲအောင့်အောင့်။

"အကုန်ဖြဲရဲပြီး ချေထားလို့လည်း ကြေနေပြီ၊ အထဲမှာလည်း မွှေနှောက်ရှာပြီးပြီ ကိုအောင့်ပစ္စည်းက တွေ့လည်း မတွေ့ဘူး။ ဒီမှာ ကိတ်မုန့်တစ်လုံး မွစာကျဲနေပြီရှင့်"

ဦးအောင်မိုးရင်ထဲ ဒိန်းခနဲဖြစ်ကာ သွေးပင် တိုးလာသလို ခံစားလိုက်ရ၏။

"ဟာကွာ . . . ဒုက္ခပါပဲ၊ ဝေမာလေး အံ့ဩပျော်ရွှင်သွားအောင်ဆိုပြီး အဲဒီကိတ်မုန့်ထဲမှာ မွေးနေ့လက်ဆောင် စိန်တစ်ပွင့်မြှုပ်ပြီး ထည့်ပေးလိုက်တာ . . . အဲဒီစိန်က တစ်ရာကျော်လောက်တန်တယ်"

"ရှင်"

တစ်ဖက်မှ အံ့ဩသံထွက်လာပြီး ဆယ်စက္ကန့်လောက် အသံတိတ်သွားသည်။ ပြီး . . . စိုးရိမ်တုန်လှုပ်သံအပြည့်နှင့် ပြန်ပြောလာ၏။

"ကိုအောင် . . . ကိုအောင် တကယ်ပြောနေတာပါနော်၊ ဒီမှာလည်း ဘာစိန်မှ ရှာလို့မတွေ့ဘူး ကိုအောင်ရဲ့၊ တစ်ခုခုတော့ မှားနေပြီထင်တယ်၊ ပြန်စဉ်းစားကြည့်ပါဦး"

ဦးအောင်မိုး နဖူးထက်တွင် သောကချွေးများ သီးနိုလာသည်။ ပြန်စဉ်းစားကြည့်လိုက်တော့လည်း ဘာမှလွဲစရာ မှားစရာမရှိချေ။ စိန်ပွင့်ကို သူကိုယ်တိုင် ကိတ်မုန့်ထဲမှာ မြှုပ်၍ ကြွယ်ဝအောင်ကို သွားပို့ခိုင်းသည်မှာ နာရီပိုင်းပဲ ရှိသေးသည်။ ဒီအချိန်လေးတွင်းမှာ ပျောက်သွားသည်ဆိုတော့ အဖြေက တစ်ခုပဲရှိတော့၏။





ကြွယ်ဝအောင်။

ဒီကောင်ပဲ လမ်းမှာ စိန်ပွင့်ကိုတွေ့ပြီး ဘတ်သွားပြီလား။ ကြွယ်ဝအောင်မှာ ထိုသို့သောအကျင့်မျိုးတော့ မရှိချေ။ ငယ်ငယ်လေးကတည်းက အိမ်မှာခေါ်ယူကာ ကျွေးမွေးစောင့်ရှောက်ထားသည့်ကောင်မို့ ကျေးဇူးကန်းဦးမလား။ သို့သော်လည်း လူဆိုတာက လောဘဖောတိုက်လာလျှင် ဘာကျေးဇူးမှ မြင်တော့မည်မဟုတ်။ တွေးရင်းက ဦးအောင်မိုး ခေါင်းမူးလာသည်။ ထက်ရှိအနေအထားအတိုင်းဆိုလျှင်တော့ စွပ်စွဲစရာလူကလည်း ဒင်းတစ်ယောက်ပဲ ရှိနေသည်။ ဒါပေမဲ့ . . . တစ်ခုရှိတာက ကြွယ်ဝအောင်သာ စိန်ပွင့်ကို ဘတ်သွားရိုးမှန်လျှင် အိမ်ကိုတော ပြန်လာဦးပါ့မလား။ စိတ်ရှုပ်ထွေးစွာ ခေါင်းခါရမ်းလိုက်မိ၏။

တစ်ဖက်မှ ဒေါ်ဝေမာကို အရင်ပြောထားလိုက်သည်။

"ဝေမာ . . . သိပ်တော့လည်း စိတ်ပူမနေနဲ့ဦး။ ကိုယ် ကြွယ်ဝအောင် ပြန်လာရင် မေးကြည့်လိုက်ဦးမယ်၊ ပြီးရင် ဖုန်းပြန်ဆက်မယ် သိလား"

ပြောပြီး ဖုန်းချလိုက်၏။ အာဘွားတို့ မွှမွှတို့ပင် မလုပ်ဖြစ်တော့။ သောက,က များနေပြီလေ။

ထိုအချိန်မှာပဲ အိမ်ရှေ့ဆီမှ ကားဝင်လာသံကို ကြားလိုက်ရသဖြင့် ဦးအောင်မိုး အိမ်ရှေ့သို့ အမြန်ထွက်ကြည့်လိုက်သည်။ ကားပေါ်မှဆင်းကာ အိမ်ထဲဝင်လာသော ကြွယ်ဝအောင်ကို တွေ့လိုက်ရ၏။ ကိုယ်ကသာ သောကများနေသော်လည်း ကြွယ်ဝအောင်ကို ကြည့်ရသည်မှာ ဘာမှမဟုတ်သလိုတာ ဆုပ်ထားသူလို အေးအေးလူလူပင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မိုးက မဲ့ပြုံးတစ်ချက်ပြုံး၍ ခပ်တည်တည်လှမ်းမေးလိုက်၏။

"ဟော့ကောင် ... သွားတာ ကြာလှချည်လား၊ ဘာလဲ ... အပြန်မှာ စိန်ရွှေရတနာဆိုင်တွေ၊ ဘာတွေများ ဝင်နေလို့လားကွ ... ဟေ"

ကြွယ်ဝအောင်က အူတူတူပုံစံဖြင့် ပြန်ကြည့်လာသည်။

"ဆရာ ... စိတ်တော့ကောင်းပါသေးတယ်နော်"

အချိုးမပြေသောအဖြေကြောင့် ဦးအောင်မိုး ဒေါ်ပွသွားရရင်း ...

"ဟော့ကောင် ... မင်း ဘာစကားပြောတာလဲ၊ ငါက စိတ်မကောင်းဖြစ်ရအောင် ရူးနေတာမှမဟုတ်တာ"

ကြွယ်ဝအောင်က ခပ်တည်တည်ပဲ ...

"ရူးနေတာမဟုတ်ရင်လည်း ကိုယ့်စကားကိုယ် ပြန်စဉ်းစားလေ ဆရာရယ်၊ ကျွန်တော့်လို ဆရာ့အိမ်မှာ ကပ်နေပြီး အလုပ်လုပ်နေရတဲ့ကောင်က စိန်ရွှေရတနာဆိုင်ကို ဝင်စရာလားဗျ၊ အဲဒီအတွေးမျိုး ဘယ်အရွှေမှ ဝင်မှာမဟုတ်ဘူး"

"ဟော့ကောင်"

ထပ်ကာ အော်လိုက်ပြီးမှ ဦးအောင်မိုး ဘာဆက်ပြောရမည်မှန်း မသိဖြစ်သွားရသည်။ ဒီကောင့်ကို ဝေ့လည်ကြောင်ပတ် မေးခွန်းတွေနှင့် လှည့်ပတ်ကာ အစ်အောက်နေလျှင်လည်း သိပ်ထူးမည်မထင်တော့။ ထို့ကြောင့် ဒဲ့သာ မေးလိုက်တော့သည်။

"ကြွယ်ဝအောင် ... ငါ ရှည်ရှည်ဝေးဝေးလည်း မပြောချင်တော့ဘူးကွာ၊ မင်းကို ဒဲ့ပဲ မေးတော့မယ်၊ ငါ မင်းကို ဝေမှာသီ ကိတ်မုန့်ဝိုင်းမှ





လိုက်တယ်၊ အဲဒီကိတ်မုန့်ထဲမှ မွေးနေ့လက်ဆောင်ဆိုပြီး စိန်တစ်ပွင့် မြှုပ်ပေးလိုက်တယ်ကွ၊ ခု ဝေမှာ့ကို လှမ်းမေးတော့ မင်းသွားပို့လိုက်တဲ့ ကိတ်မုန့်ထဲမှာ စိန်ပွင့်ပါမလာဘူးတဲ့၊ ကဲပြော ... အဲဒီစိန်ပွင့်က ဘယ်ရောက်သွားတာလဲ"

ကြွယ်ဝအောင်မျက်နှာက တည်သွားသည်။ တစ်ဆက်တည်း အလျှင်အမြန် စဉ်းစားလိုက်မိ၏။ စိန်ပွင့်မြှုပ်ထားသော ကိတ်မုန့်အား ယမ်းတွင် သူစားလိုက်သည်။ ဒါဆို ...။

ခေါင်းခါရင်း လေပူကြီးကို မသက်မသာ မှုတ်ထုတ်လိုက်မိသည်။ ပြီး ... ဦးအောင်မိုးကိုကြည့်လျက် ...

"ဆရာက ကလေးအထာတွေနဲ့ romance (ရိုမန့်) သွားဆန်လိုက်တာကို၊ တော်သေးတာပေါ့ဗျာ ... ဆရာ့ရဲ့စိန်ပွင့်က ဘယ်မှမရောက်ပါဘူး ရှိပါတယ်"

ထိုစကားကြောင့် ဦးအောင်မိုး လှုပ်လှုပ်ရှားဖြစ်သွားရပြီး ...

"ရှိတယ် ဟုတ်လား၊ ရှိတယ်ဆိုရင် ဘယ်မှာလဲ အဲစိန်ပွင့် ... ပြန်ပေး"

ကြွယ်ဝအောင်က ဗိုက်ကို ပုတ်ပြလိုက်ရင်း ...

"ဒီအထဲမှာဗျ"

"ဘာ"

ပြောရင်းပင် ဦးအောင်မိုးက လျှပ်တစ်ပြက် ကြွယ်ဝအောင်အနားသို့ တိုးလိုက်ကာ ကြွယ်ဝအောင်၏ခါးနေရာအား ရဲပစ္စည်းရှာသလို အလောင်းရိုက်စမ်း၍ ရှာလေတော့သည်။ ခါးကို လာကိုင်သဖြင့် ကြွယ်ဝအောင်



www.burmeseclassic.com

www.burmeseclassic.com



ယားကျိုယားကျို ဖြစ်ကာ တွန့်လိမ်သွားရပြီး . . .

"ဟာ ဆရာ . . . ကလိမထိုးနဲ့လေဗျာ၊ ယားတယ်ဗျာ၊ အာလာလာ . . . ယားပါတယ်ဆို"

ဦးအောင်မိုးက လက်ကို ဆတ်ခနဲ ရုတ်လိုက်ကာ . . .

"ဟော့ကောင် . . . မင်းကို အပျင်းပြေ ကလိထိုးနေတာ မဟုတ်ဘူး။ မင်းဆီမှာ စိန်ပွင့်ရှိတယ်ဆိုလို့ ရှာနေတာ"

"ဩော် . . . ကဲ . . . ဒုက္ခပါပဲ ဆရာရယ် . . . ပြောတာကို ဆုံးအောင်နားထောင်ပါဦး။ စိန်ပွင့်ရှိတယ်ဆိုတာက ကျွန်တော့်ဗိုက်ထဲ၊ အဲ . . . အစာအိမ်ထဲမှာဗျ၊ လမ်းမှာ ကားပျက်တော့ ဗိုက်ဆာလာတာနဲ့ ဆရာ့ရဲ့ ကိတ်မုန့်ကို စားပစ်လိုက်တာ၊ အဲဒီတော့ ကျွန်တော့်ဗိုက်ထဲမှာပဲ ရှိမှာပေါ့"

"ဟာ . . . ဒါ . . . ဒါဆို ဝေမှာ့ဆီ သွားပို့လိုက်တဲ့ ကိတ်မုန့်ကကော"

"အဲဒါက အလားတူ တစ်လုံးဝယ်ပေးလိုက်တာပေါ့ဗျာ၊ ဆရာ စိန်ပွင့်ထည့်ထားမှန်းမှ မသိတာကိုး"

ဦးအောင်မိုးက ခေါင်းကို စုံကုတ်လိုက်ပြီး . . .

"မင်းကွာ . . . သောက်တလွဲအလုပ်ကို လုပ်ဖြစ်အောင် လုပ်လိုက်သေးတယ်၊ အဲဒါက အရေးမကြီးဘူး ဟော့ကောင်၊ မင်း လမ်းမှာ အိမ်သာတွေ ဝင်တက်လာသေးလား"

"ဟင့်အင်း . . . မတက်ပါဘူး ဆရာ"

"အဲဒါဆို . . . ဒီမှာ ခဏရပ်နေဦး၊ ဘယ်မှမသွားနဲ့"

ပြောပြီး ဦးအောင်မိုး ချာခနဲ လှည့်ထွက်သွားသည်။ မကြာပါ





လက်ထဲတွင် ပစ္စည်းပစ္စယများကိုင်ကာ ပြန်ရောက်လာသည်။ ကြွယ်ဝအောင်က ထိုပစ္စည်းများကို ကြည့်လိုက်ရင်း . . .

"ဆရာ . . . အဲဒါတွေက ဘာလုပ်မလို့လဲ"

ဦးအောင်မိုးက ဆေးပြားတစ်ပြားနှင့် ရေဘူးအား အရင်လှမ်းပေးလာသည်။

"ရော့ . . . ဒီဆေးကို အရင်သောက်လိုက်"

"ဗျာ . . . ဆရာ"

"လျှာမရှည်နဲ့ကွာ . . . သေဆေးမဟုတ်ဘူး။ သောက်မှာသာ သောက်စမ်းပါ"

ဆေးပြားကိုယူကာ ရေနှင့်မျောချလိုက်သည်။ ဆေးသောက်ပြီးပြီးချင်းပဲ ဦးအောင်မိုးက အိမ်သာတက်သည့်အိုးနှင့် ရာဘာလက်အိတ်တစ်စုံတို့အား ထပ်ကာ လှမ်းပေးရင်း . . .

"ရော့ . . . ချေးအိုးနဲ့လက်အိတ်"

"ဗျာ"

"မဗျာနဲ့ . . . ခုနက မင်းကို တိုက်လိုက်တာ ဝမ်းနုတ်ဆေးကွ၊ ဆေးစနေရင် မင်း၊ အိမ်သာတက်ချင်လာလိမ့်မယ်၊ ခု အိမ်သာထဲသွားတော့ အိုးနဲ့တက်နော်၊ ပြီးရင် . . . အဲဒီလက်အိတ်စွပ်ပြီး စိန်ပွင့်ကို ရအောင်ရှာခဲ့၊ ရှာမချင်း မင်း အိမ်သာထဲက ထွက်လာဖို့ မစဉ်းစားနဲ့ . . . ဒါပဲ"

"ဆရာရယ် . . . ရက်စက်လှချည်လားဗျာ"

မျက်နှာငယ်လေးလုပ်ကာ ကြွယ်ဝအောင် ပြန်ပြောလိုက်မိသည်။ ဦးအောင်မိုးက ခပ်တင်းတင်းပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

"အပိုတွေပြောမနေနဲ့ ဟောကောင် ... အိမ်သာထဲ ဒိုးလိုက်တော့ တော်ကြာ ဒီနေရာမှာပဲ ရေနဲ့ ဆေးချနေရဦးမယ်"

ယခုတစ်ခါတွင်တော့ ကြွယ်ဝအောင်လည်း စကားပြန်မပြောနိုင်တော့ချေ။ ဗိုက်ထဲ မှန်တိုင်းဝင်မွှေသည့်အလား တရစ်ရစ်နှင့် နာလာသည်မို့ ရှိသမျှ တင်ပါးကြွက်သားလေးနှင့် ယိုစိမ့်ကျမလာအောင် ထိန်းရင်း ဦးအောင်မိုးရှေ့မှ အနိုင်နိုင်ထွက်ခဲ့ရလေသည်။

အိမ်သာထဲတွင် ဘယ်နှမိနစ် ဘယ်နှမောင်းထွေ့ရလေဦးမည် မသိချေ၊ ဒုက္ခက ... အဲလို ...။

■

## (၇)

အိပ်ခန်းလေးထဲ သတင်းမေးရန် ဝင်လာသော ဦးကျောက်ခဲတစ်ယောက် ခုတင်ပေါ်တွင် ခပ်မျော့မျော့ပုံစံနှင့် အသာမှိန်းနေသည့် ကြွယ်ဝအောင်ကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားရသည်။

ကြွယ်ဝအောင်ကလည်း အခန်းထဲ လူဝင်လာသံကြားသဖြင့် မျက်စိဖွင့်အကြည့်တွင် ဦးကျောက်ခဲကို မြင်လိုက်ရသောကြောင့် အသာအားယူ၍ ထထိုင်လိုက်၏။

ဦးကျောက်ခဲက လက်ကာပြရင်း ...

"နေ ... နေ ... ကောင်လေး မထနဲ့ သက်သာသလိုနေပါကွာ၊ ရပါတယ်၊ ငါက သူစိမ်းမှမဟုတ်တာ"

ထိုသို့ပြောလိုက်သော်လည်း ကြွယ်ဝအောင်က လှဲနေရာမှ ထထိုင်ပြီးနေလေပြီ။ ဦးကျောက်ခဲကိုလည်း ပြန်ပြုံးပြလိုက်ပြီး ...

"ရပါတယ် ဦးလေးကျောက်ခဲရာ ... နာတာရှည်ရောဂါ ဖြစ်နေ

www.burmeseclassic.com



တာမှ မဟုတ်တာပဲ ... လာလေ ဦးလေး''

ခေါင်းညိတ်ရင်း ဦးကျောက်ခဲက ခုတင်အစွန်းတွင် ဝင်ထိုင်လိုက်သည်။

''ဘယ်လိုနေသေးလဲကွ ... မင်း ဗိုက်အခြေအနေက သက်သာသွားပြီလား''

ကြယ်ဝအောင်က မချိပြုံးနှင့် ခေါင်းညိတ်ပြလိုက်ရင်း ...

''တော်တော်လေးတော့ သက်သာနေပြီဗျ။ ဘောစိ တိုက်လိုက်တဲ့ ဝမ်းနုတ်ဆေးကလည်း အပြင်းစားဆိုတော့ ခပ်မျော့မျော့ဖြစ်သွားတာပါ။ သူ့စိန်ပြန်ရတာပဲ ကံကောင်း ... ဦးလေးကျောက်ခဲရေ''

စကားအဆုံးမှာ ဦးကျောက်ခဲက ခေါင်းတဆတ်ဆတ်ညိတ်သည်။ တစ်ဆက်တည်း သက်ပြင်းငွေ့ငွေ့ချပြီး ...

''အင်း ... မင်းကိုလည်း ငါ ကြည့်ကြည့်နေတာကွ၊ မင်း ဒီအိမ်မှာ ခုချိန်ထိနေနိုင်တာကို ငါ အံ့သြမိတယ်''

''ဗျာ ... ဘာဖြစ်လို့လဲဗျ''

ဦးကျောက်ခဲက ...

''ဘာဖြစ်ရမှာလဲကွ ... မင်းက ငါ ဒီအိမ်မှာ အလုပ်မလုပ်ခင်ကတည်းက ရောက်နေတာလေ၊ နေစရာနဲ့စားစရာတော့ ပေးထားပါတယ်၊ ဒါပေမဲ့ ... မင်းရတဲ့ လစာလေးက မဖြစ်စလောက်လေးကွ၊ ပြီးတော့ ... ဦးအောင်မိုးဆိုတဲ့ လူကလည်း မင်းအပေါ် ဘယ်တော့မှ အကောင်းမြင်တာ မဟုတ်ဘူး၊ အမြဲ အပြစ်ရှာပြီး ဆူပူကြိမ်းမောင်းနေတာလေ၊ အဲဒီလိုဘဝမျိုးနဲ့ မင်း နေနေနိုင်တာကို ငါ အံ့သြလို့ပါ''





ကြယ်ဝအောင်က ပြုံးသည်။ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်သော အပြုံးမျိုးလည်း ဖြစ်၏။ ပြီးမှ ... အေးအေးလူလူပဲ ပြန်ပြောလိုက်ပါသည်။

''ကျေးဇူးတရားတွေရှိလို့ပေါ့ ဦးလေးကျောက်ခဲရာ၊ ကျွန်တော် ငယ်ငယ်လေးတုန်းကပဲ ကျွန်တော့်အဖေက ကျွန်တော့်ကို ဘုန်းကြီးကျောင်းမှာ အပ်ခဲ့ပြီး ဖားကန့်မှာ ကျောက်သွားတူးခဲ့တာလေ၊ အဖေ ဖားကန့်မှာ ငှက်ဖျားနဲ့ ဆုံးပါးသွားတော့ မိဘမဲ့ဖြစ်နေတဲ့ ကျွန်တော့်ကို ဘောစိက ဘုန်းကြီးကျောင်းကနေ ဒီအိမ်ကိုခေါ်လာပြီး ကျွေးမွေးစောင့်ရှောက်ထားခဲ့တာဗျ၊ ဘောစိနဲ့အဖေက ကျောက်တွင်းမှာ သိခဲ့ကြတာလေ၊ အဖေကလည်း ဆုံးခင် ကျွန်တော့်ကို စောင့်ရှောက်ဖို့ဆိုပြီး အကူညီတောင်းခဲ့တာလို့ ပြောတယ်၊ ခု ကျွန်တော် အသက်ရှည်ရပ်တည်နေနိုင်တာ ဘောစိရဲ့ကျေးဇူးတွေကြောင့်ပါ၊ အဲဒါကိုတော့ မေ့ထားလို့မဖြစ်ဘူးလေ''

စကားအဆုံးမှာ ဦးကျောက်ခဲက ခေါင်းတဆတ်ဆတ်ညိတ်သည်။

''အေးကွာ ... မင်းရဲ့ကျေးဇူးသိတတ်တဲ့စိတ်ထားကိုတော့ ငါ လေးစားပါတယ်၊ ဒါပေမဲ့ ... ငါ တစ်ခုသတိထားမိတာ ရှိသေးတယ်ကွ''

ဆက်မပြောသေးဘဲ ဦးကျောက်ခဲက ပြုံးစိစိနှင့် ထပ်ကြည့်လာသည်။ ပြီးမှ ...

''မင်း ဒီအိမ်မှာ ခုချိန်ထိ ဆက်နေနေတာ ဟိုကောင်မလေး မြမိုးကြောင့်လည်း ပါတယ်မလား''

ထိုစကားကြောင့် ကြယ်ဝအောင်ရင်ထဲ နွေးပျပျဖြစ်သွားရသည်။ ဆီးသော ထူအမ်းသွားသောမျက်နှာကို ပြင်လိုက်ရင်း ရယ်ကျဲကျဲလုပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဦးလေးကျောက်ခဲကလည်း ပြောတော့မယ်၊ တော်ကြာ ... သောစကြားသွားလို့ အိမ်ပေါ်က ကန်ချနေပါဦးမယ်"

ဦးကျောက်ခဲက တဟားဟား ရယ်လေတော့၏။

"ဟား ဟား ... မကြောက်ပါနဲ့ ငါ့ကောင်ရာ ... မင်းဆရာက သူ့ကိစ္စနဲ့သူ မှုန်နေတာပါ၊ ငါ ပြောတာ ဟုတ်တယ်မလား၊ မင်း မြူမိုးကို လှမ်းကြည့်တိုင်း မင်းမျက်လုံးတွေက အမြဲအရောင်တောက်နေတာ ငါ သတိထားမိတယ်"

"အာ ... လုပ်လာပြန်ပြီ"

"မငြင်းနဲ့ ကောင်လေး ... ငါလည်း ငယ်ရာက ကြီးလာတာပါကွ အဲ ... တစ်ခုတော့ရှိတယ်၊ မြူမိုးကတော့ မင်းရင်ထဲကို မြင်မမြင်မသိပေမယ့် မင်းအပေါ်မှာတော့ သံယောဇဉ်ရှိတဲ့ပုံပါ"

စကားအဆုံးမှာ ကြွယ်ဝအောင်က လက်ကာပြလိုက်ပြီး ...

"တော်ပါတော့ ဦးလေးကျောက်ခဲရာ ... မြူမိုးက ကျွန်တော့် ကျေးဇူးရှင်ရဲ့သမီးပါ၊ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုပဲရှိရှိ ကျေးဇူးရှင်တွေကို တော့ ဘယ်တော့မှ မစော်ကားပါဘူး"

"ဟာ ... ဒီကောင်လေးကတော့ အတွေးချော်နေပြန်ပြီ၊ ချစ်တာ ဟာ စော်ကားတာမှ မဟုတ်တာကွာ၊ ကဲပါ ... ကဲပါ ... မင်း အနားယူ ရင်းနဲ့ အဲဒီကိစ္စကို ပြန်စဉ်းစားလိုက်ဦး၊ ငါ သွားတော့မယ် ... အလုပ်ရှိ သေးတယ်ကွ"

ပြောပြီး ဦးကျောက်ခဲက ရယ်ရင်း ထ,ထွက်သွားလေသည်။ ခေါင်းထဲ အတွေးတွေရောက်လာပြီး ကြွယ်ဝအောင် ငေါင်စီစီနှင့် ကျန်ခဲ့ရစ်





သူ ... မြူမိုးကို ချစ်နေလား။

ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်မိရင်း ခေါင်းအုံးအောက် လက်နှိုက် ထား ဟောင်းနွမ်းနေပြီဖြစ်သော အဖြူရောင်လက်ပတ်ကြိုးလေးကို ထုတ်ယူ ပြီး ကြည့်လိုက်သည်။

အဖြူရောင်အငွေ့အသက်တွေကြား ပုံရိပ်ဟောင်းတချို့က ရင်ထဲ သို့ စီးမျောဝင်ရောက်လာ၏။

အင်း ... ကြာတော့ ကြာခဲ့ပြီပဲလေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၈)

ကားမှန်တံခါးခေါက်လိုက်သောအသံကြောင့် ကားထဲတွင် ထိုင်ကာ အသာမှိန်းနေသော ကြွယ်ဝအောင် မျက်စိဖွင့်ကြည့်လိုက်သည်။ မြူမိုးနှင့် သူ့သူငယ်ချင်းနှစ်ယောက်ကို တွေ့လိုက်ရသဖြင့် ကားမှန် အသာချလိုက်ရင်း ပြောလိုက်၏။

"စားလို့သောက်လို့ ပြီးသွားပြီလား မြူမိုး၊ ကားတံခါးက လော့ခ်မချထားပါဘူး"

မြူမိုးက မျက်ခုံးလေးပင့်လိုက်ရင်း ...

"သိပါတယ် ... နင် အိပ်ပျော်နေတယ်ထင်လို့ နှိုးလိုက်တာ ... ဟဲ့ ... တက်ကြလေ"

မြူမိုးက သူ့သူငယ်ချင်းမနှစ်ယောက်ကိုပါ လှည့်ပြောလိုက်သေးသည်။ ပြီး ... ကားရှေ့မှပတ်ကာ ရှေ့ခန်းတွင် ဝင်ထိုင်လိုက်၏။ ကားပေါ် ရောက်ရောက်ချင်းပဲ မြူမိုးက ...





"ကြွယ်ဝအောင်ရယ် ... နင် တစ်ယောက်တည်း စောင့်နေရတာ ...ျင်းဘူးလား။ ငါတို့နဲ့ တစ်ခုခုလိုက်စားတာ မဟုတ်ဘူး"

ကြွယ်ဝအောင်က ခေါင်းခါလိုက်ရင်း ...

"ရပါတယ် ... ငါ မဆာလို့ပါ၊ ဒါနဲ့ ... နင်တို့ ဘယ်ဝင်ဦးမှာလဲ၊ ...ိမ်ပဲ တန်းပြန်တော့မှာမလား။ အတော်တောင် မှောင်နေပြီ"

ညကိုးနာရီလောက် ရှိနေပြီဖြစ်သဖြင့် ကြွယ်ဝအောင်က ပြောလိုက်ခြင်းဖြစ်သည်။ မြူမိုးက အပြင်ထွက်တိုင်း ကြွယ်ဝအောင်အား ကားလိုက် ...ောင်းခိုင်းသည်တော့ မဟုတ်ချေ။ ခုလို ညပိုင်းတွေ ထွက်တော့မှသာ ...ောင်းခိုင်းခြင်းဖြစ်သည်။ နေ့လယ်နေ့ခင်းမျိုးဆိုလျှင်တော့ သူ့ကားနှင့်သူ ...လေ၏။

ခုလည်း ကြွယ်ဝအောင်စကားဆုံးတော့ မြူမိုးက ကားနောက်ခန်း ... သူ့သူငယ်ချင်းတွေဆီ တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ ...

"မပြန်သေးပါဘူး။ ငါတို့က Club ဆက်သွားမလို့ဟ၊ ( ) ...ub ကိုပဲမောင်းတော့"

ကြွယ်ဝအောင်က ကားအရှိန်လျှော့လိုက်ရင်း ...

"ဖြစ်ပါ့မလား မြူမိုးရဲ့ ... ဆရာ စိတ်ပူနေလိမ့်မယ်"

"ပူပါစေ ... ခုတလော သူနဲ့အဆင်ပြေတာ မဟုတ်ဘူး၊ သွား ...

စိတ်တိုဟန်လေးနှင့် မြူမိုးက ပြန်ပြောလာသည်။ ကြွယ်ဝအောင် ... သက်ပြင်းခိုးချလိုက်ပြီး ...

"အကြံပေးတာနော် မြူမိုး၊ နင် သွားမယ်ဆိုရင်လည်း ဆရာဆီ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလေးတော့ ဆက်ထားသင့်တယ်၊ ခုတောင် ညမှောင်နေပြီဆိုတော့လေ”

မြူမိုးက မျက်နှာအသာပင့်လိုက်ပြီးမှ ပြုံးစစလေးလုပ်ကာ ...

“ဩော် ... အေး ... ဟုတ်တာပေါ့၊ နင့်ဖုန်း ခဏလောက် ပေးစမ်းပါ”

သူ့ဖုန်းမှာ ငွေလက်ကျန်မရှိတော့လို့လားမသိ။ မြူမိုးက ဖုန်းလှမ်း တောင်းနေသည်။ ကြွယ်ဝအောင်က သူ့ဖုန်းကို လှမ်းပေးလိုက်၏။ မြူမိုးက သူ့လက်ထဲ ကြွယ်ဝအောင်၏ဖုန်းရောက်ရောက်ချင်းပဲ ဖုန်းပါဝါကို ပိတ် လိုက်လေသည်။

ကြွယ်ဝအောင် ကြောင်သွားရပြီး ...

“မြူမိုး ... အဲဒါ ဘာလုပ်တာလဲ”

မြူမိုးက ...

“ဖုန်းပိတ်ထားလိုက်တာလေ ... ပြီးရင် ငါ့ဖုန်းလည်း ပိတ်ထား ဦးမှာ၊ အဲဆိုရင် ဒီဘက်ကလည်း ဆက်လို့မရသလို ဖုန်းဝင်လာစရာလည်း မရှိတော့ဘူးလေ ... အေးတာပဲ”

“နင်ကတော့ လုပ်ပြီ မြူမိုးရာ”

ထိုမျှလောက်ပဲ ပြောနိုင်လေသည်။ ထပ်ကာ စောဒကတက်မနေ တော့ချေ။ မြူမိုး၏စိတ်ဓာတ်ကို သိနေသည်မို့ အသာပဲ ငြိမ်နေလိုက်၏

အတန်ကြာတော့ မြူမိုးက သတိရဟန်ဖြင့် ...

“ဩော် ... နင့်ကို တောင်းပန်ရဦးမယ် ကြွယ်ဝအောင်၊ တစ်ရက်က ငါ့ကြောင့် နင် နဖူးကွဲသွားတာ ဆောရီးပါဟာ၊ ငါလည်း အဲဒီအချိန်က ဒေါသထွက်နေတာဆိုတော့”





“ရပါတယ်ဟာ ... ဒဏ်ရာလည်း ပျောက်သွားပါပြီ”

ကြွယ်ဝအောင် စကားအဆုံးမှာပဲ နောက်ခန်းမှ နီလာက လှမ်း မေးလာသည်။

“ခုနက ကြားလိုက်လားလို့ ... မြူမိုးက ကြွယ်ဝအောင် နဖူးကွဲ အောင် ဘာနဲ့ထုလိုက်တာလဲ”

မြူမိုးက ချက်ချင်းပဲ ...

“အာ ... ငါ တမင်လုပ်လိုက်တာ မဟုတ်ပါဘူး၊ အပေါ်ထပ်က ပန်းအိုးပစ်ချလိုက်တာပါ၊ အဲဒါ ... ကြွယ်ဝအောင်ကို သွားထိတာ”

ခိုင်ခိုင်က ဝင်၍ ...

“တိုက်တိုက်ဆိုင်ဆိုင်ပဲနော် ... နဖူးကိုမှ ဒဲ့မှန်ရတယ်လို့”

ကြွယ်ဝအောင်က ရယ်လျက် ...

“ဟုတ်တယ်ဗျ ... ကျွန်တော်လည်း မရှောင်လိုက်မိလို့ပါ၊ မြူမိုးက ဒေါသထွက်ပြီဆိုရင် အဲလိုပဲ ပစ္စည်းတွေ ရိုက်ခွဲချင်ခွဲ၊ ဒါမှမဟုတ် လွှင့်ပစ် ထတ်တာဗျ ... ဟဲ ဟဲ”

“ကြွယ်ဝအောင် ... နင် ဆေးမထိုးနဲ့နော်၊ ငါက အမြဲတမ်း လုပ်နေတာ မဟုတ်ပါဘူး ... ဒေါသထွက်မှပါ”

“ဟုတ်ပါတယ် ... ငါကလည်း နင် စိတ်ထွက်ပေါက်ရှာတယ် လို့ပဲ မြင်ပါတယ် ... ဟ”

မြူမိုးက မျက်စောင်းလှမ်းထိုးလာသည်။ ထပ်ကာ ဘာမှဆက် မပြောတော့။ ထိုအချိန်မှာပဲ ကြွယ်ဝအောင်မောင်းလာသည့် ကားလေးတာ မြူမိုးပြောသည့် Club ရှေ့သို့ ရောက်ရှိလာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်လိုက်တော့ မြူမိုးက ကြွယ်ဝအောင်ကို တစ်ချက်ကြည့်ရင်း ...

"ကြွယ်ဝအောင် ... နင် Club ထဲ လိုက်ဦးမလား"

ခေါင်းခါလိုက်ရင်း ကြွယ်ဝအောင်က ...

"မလိုက်တော့ပါဘူး ... နင်တို့ဟာ နင်တို့ပဲ လွတ်လွတ်လပ်လပ် သွားကြပါ၊ ငါ ဒီကပဲ စောင့်နေမယ်၊ သိပ်တော့ မကြာဘူးမလား"

"အခြေအနေအရပဲဟ ... တစ်ညလုံးတော့ မနေပါဘူး၊ ဟဲ့ ... သွားမယ် ... သွားမယ်"

သူ့သူငယ်ချင်းနှစ်ယောက်ကိုခေါ်ကာ မြူမိုး Club ထဲ ဝင်သွားလေသည်။ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်အထိ လိုက်ကြည့်နေပြီးမှ ကြွယ်ဝအောင် သက်ပြင်းချမိလိုက်လေသည်။

လောလောဆယ် ဦးအောင်မိုးဆီသို့ လှမ်းအကြောင်းကြားထားရန် ဖုန်းလည်း မရှိတော့။ မြူမိုးက ပါဝါပိတ်ပြီး ယူသွားလေပြီ။ ထို့ကြောင့် အိပ်ရင်း စောင့်နေလိုက်မည်ဟု တွေးကာ ထိုင်နေသော ခုံအား နောက်သို့ အသာလှန်ချပြီး မျက်စိမှိတ်ထားလိုက်လေသည်။



## (၉)

ကားထဲတွင် မည်မျှကြာအောင် အိပ်ပျော်သွားသည်တော့မသိ။ ဆတ်ခနဲနိုးလာလာချင်းပဲ နာရီကြည့်လိုက်မိသည်။ ညဆယ့်တစ်နာရီပင် ထိုးလုပြီ။ ညနက်နေပြီဖြစ်သော်လည်း ရန်ကုန်မြို့၏ထုံးစံအတိုင်း Club ဝန်းကျင်မှာတော့ သွားလာလှုပ်ရှားနေသည့် လူအချို့ကို တွေ့နေရ၏။

ကြွယ်ဝအောင် ကားပေါ်မှ ဆင်းလိုက်ရင်း Club ရှိရာ အဆောက်အဦးဆီသို့ လှမ်းကြည့်လိုက်မိ၏။ ဝင်ထွက်သွားလာနေကြသည့် ကောင်လေးအချို့၊ ကောင်မလေးအချို့ကို လှမ်းတွေ့ရသည်။ မြူမိုးတို့ကိုတော့ အရိပ်အယောင်မျှ မတွေ့ရသေး။

ပြန်လာသင့်နေပြီဟုတွေးရင်း ကားအနီးတွင် လမ်းလျှောက်နေမိသည်။ ဒီအချိန်မျိုးမှာ မြူမိုး တစ်နေရာသို့ရောက်နေခြင်းကို ဦးအောင်မိုးလည်း စိတ်ပူနေမည်ပဲ။ ဘယ်နေရာတွင်ရှိနေသည်ကိုသိသော ကိုယ်ပင် စိတ်ပူနေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်လောက်ထပ်ကြာတော့ အဆောက်အဦဘက်ကို လှမ်းကြည့်မိပြန်သည်။ ဒီတစ်ကြိမ်မှာတော့ မြူမိုးတို့သုံးယောက် ထွက်လာသည်ကို တိုက်တိုက်ဆိုင်ဆိုင်တွေ့လိုက်ရသဖြင့် စိတ်ထဲ ဝမ်းသာသွား၏။ ကားပေါ်တက်ကာ ကားစက်ကို နှိုးထားလိုက်သည်။

ကားစက်နှိုးပြီး ထပ်ကာ လှမ်းအကြည့်မှာပဲ ကြွယ်ဝအောင် မျက်မှောင်ကြုတ်လိုက်မိ၏။ မြူမိုးတို့သုံးယောက်အား Club ထဲမှ ထွက်လိုက်လာပုံရသော ယောကျ်ားလေးသုံးယောက်တို့နှင့် အချေအတင် စကားပြောနေကြသည်ကို မြင်လိုက်ရ၍ ဖြစ်၏။

ကားပေါ်ကဆင်းကာ ထိုနေရာသို့ ခပ်သွက်သွက်လျှောက်သွားလိုက်သည်၊ လှမ်းမြင်နေရသည်မှာတော့ ကောင်းသောအနေအထား မဟုတ်ချေ။ အနားရောက်တော့ ကြွယ်ဝအောင်က အရင်မေးလိုက်၏။

"မြူမိုး . . . ဘာဖြစ်နေတာလဲ"

မြူမိုးက အားကိုးတကြီး ပြန်ကြည့်လာသည်။ ကြွယ်ဝအောင်ကို မြင်လိုက်ရသဖြင့် မူးနေပုံရသော လူသုံးယောက်လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နောက်သို့ အနည်းငယ်ဆုတ်သွားကြ၏။

မြူမိုးက . . .

"ဒီမှာ ဘာကောင်တွေလည်း မသိပါဘူးဟာ . . . ငါတို့ကို လိုက်နှောင့်ယှက်နေတယ်၊ Club ထဲမှာကတည်းက လာပွားနေတာ"

စကားအဆုံးမှာ လူသုံးယောက်ထဲမှ တစ်ယောက်က . . .

"နှောင့်ယှက်တာ မဟုတ်ပါဘူးကွာ၊ မင်းတို့ကလည်း သုံးယောက်၊ ကိုယ်တွေကလည်း သုံးယောက်ဆိုတော့ အတွဲညီသွားအောင် အတူတူ





. . . ကို ညှိကြည့်တာပါကွ၊ ဒီခေတ်မှာ ညှိတာလောက်က ငြိုငြင်စရာ . . . ဟုတ်ပါဘူး . . . ဟုတ်တယ်မလား"

ကြွယ်ဝအောင်က ခပ်တည်တည်မျက်နှာပေးနှင့် ရှေ့တိုးလိုက်ပြီး

"ဒီမှာ ဟေ့ကောင်တွေ . . . ညှိတယ်ဆိုတာက ညှိလို့ရမယ့် အနေအထားမျိုးရှိတဲ့လူကိုမှ ညှိရတာကွ၊ သူတို့တွေက မင်းတို့ထင်ထားတဲ့ အနေအထားမျိုးထဲက မဟုတ်ဘူး၊ အေးအေး ဒိုးလိုက်တော့ကွာ . . . ဟုတ်ပြီ . . ."

သုံးယောက်ထဲမှ တစ်ယောက်က ဟက်ခနဲရယ်သည်။ ကျန်နှစ် . . . ကိုပါ ပခုံးတွန့်ပြလိုက်ပြီးမှ ကြွယ်ဝအောင်ကိုကြည့်၍ . . .

"ဟ . . . ရင့်လှချည်လားကွ၊ ဘာလဲ . . . မင်းက ခေါင်းလား . . . မဟုတ် ငါတို့က ပိုက်ဆံမပြဘဲ လေနဲ့ပဲ ညှိနေလို့ ဖိန့်တာလား၊ ချေပြ . . . လည်း ပြလို့ရတယ် ဟေ့ကောင်"

ကြွယ်ဝအောင် ထောင်းခနဲ ဒေါသထွက်သွားရသည်။ ရှေ့တည့် . . . တွင်ရှိသောတစ်ယောက်၏ရင်ဘတ်ကို လက်နှင့်တွန်းလိုက်ရင်း . . .

"မိုက်ရိုင်းလှချည်လားကွ၊ ဟေ့ကောင် . . . မင်း ဘာစကားပြော . . . လဲ"

စကားအဆုံးမှာပဲ တွန်းခံလိုက်ရသောလူက ကြွယ်ဝအောင်၏လက် . . . ရုတ်ထုတ်လိုက်ပြီး . . .

"ကြားတဲ့အတိုင်းကွာ . . . ဟာ . . . ပြောနေတာ ကြာတယ်"

ပြောရင်းပင် ထိုလူက ဆတ်ခနဲ လက်သီးတစ်လုံးပစ်သွင်းလိုက် . . . ရုတ်တရက်ရှောင်ချိန်မရလိုက်သဖြင့် ကြွယ်ဝအောင်ပါးမှာ ပူခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရ၏။

အသားနာသွားသဖြင့် ချက်ချင်းပင် ဒေါသထွက်သွားရပြီး ကြယ်ဝ အောင်က ပြန်ထိုးလိုက်သည်။

"ဟာ . . . ဟော့ကောင်တွေ ဖြုတ်ကွာ"

ကြယ်ဝအောင် ပြန်လုပ်မှန်းသိသဖြင့် သုံးယောက်စလုံး ဝိုင်းချ လေတော့၏။ သုံးယောက်တစ်ယောက် ဖြစ်နေသဖြင့် လက်ရည်တော့ သိပ်မမျှလှချေ။ သို့သော် ကိုယ်က သောက်စားထားသောလူမဟုတ်သဖြင့် ပြန်ခုခံကာ ချနိုင်ပါသေးသည်။

ထိုးကြိတ်နေရင်းပင် ကြယ်ဝအောင်က ရှေ့မှလူကို မဲပြီး ထိုးနေ ချိန်မှာပဲ နောက်ကျောဆီမှ ပူခနဲခံစားလိုက်ရကာ အမြင်အာရုံတွေ ပြာဝေသွား ရ၏။ အားတင်းပြီး နောက်လှည့်ကြည့်လိုက်တော့ သစ်သားတုတ်တစ်ချောင်း ကိုင်ထားသည့် သုံးယောက်ထဲမှ တစ်ယောက်ကို ဝေဝေဝါးဝါးတွေ့လိုက်ရ သည်။ ကြယ်ဝအောင် ရပ်နေရင်းက ယိုင်တိုင်တိုင်ဖြစ်သွားရ၏။

ထိုအချိန်မှာပဲ တုတ်ကိုင်ထားသောလူက . . .

"ဟော့ကောင် . . . မင်း နောက်တစ်ခါဆိုသေမယ် ကြားလား ဒီနေရာမှာ လာမစွာနဲ့ကွ၊ ဟော့ကောင်တွေ . . . သွားမယ်"

ထိုလူသုံးယောက် လှည့်ထွက်သွားသည်။ ထိုအချိန်မှာပဲ မြူမိုးတို့ သုံးယောက် အနားသို့ ရောက်လာကြလေ၏။

မြူမိုးက အရင်စိုးရိမ်သံဖြင့် . . .

"ကြယ်ဝအောင်ရယ် . . . ဘာဖြစ်လို့ နင်က အရင်သွားလုပ်လိုက် တာလဲ၊ သုံးယောက်တစ်ယောက်ဆိုတော့ နင်ပဲ ခံရမှာပေါ့၊ နင့်ခေါင်း





တော်တော်ထိသွားပြီထင်တယ်၊ သွေးတွေ အများကြီး ထွက်လာပြီ"

ကြယ်ဝအောင်က ခေါင်းမှ သွေးစတွေကို စမ်းကြည့်လိုက်ပြီး . . .

"ရပါတယ်ဟာ . . . အပေါ်ယံ နည်းနည်းကွဲသွားတာနေမှာပါ"

စကားအဆုံးမှာ နိုင်နိုင်က ဝင်၍ . . .

"အာ . . . ဒဏ်ရာက မနည်းလောက်ဖူးနော်၊ မြူမိုး . . . ငါတို့ ဆေးခန်းလိုက်ပို့ရင် ကောင်းမယ်ထင်တယ်"

မြူမိုးက ခေါင်းညိတ်လိုက်ရင်း . . .

"အေးအေး . . . သွားမယ်လေ၊ လာ လာ . . . ကြယ်ဝအောင် ဆေးခန်းသွားရအောင်"

မြူမိုးက ကြယ်ဝအောင်အား လက်မောင်းမှကိုင်ကာတွဲရင်း ကား ဆီသို့ ခေါ်လာသည်။ ထိုအချိန်ကျမှ ခေါင်းဆီမှ တဆစ်ဆစ် ပိုနာကျင်လာ သည်ကို ခံစားလိုက်ရ၏။ ဒဏ်ရာက ဘယ်လောက်များ နက်သွားသည် လည်းမသိ။

ကားနားရောက်တော့ မြူမိုးက . . .

"ကြယ်ဝအောင် . . . နင် ဒီဘက်ကပဲ တက်လိုက်တော့၊ ကားကို ငါ မောင်းမယ်"

ပြန်ပြောမနေတော့ဘဲ ကားပေါ်တက်ကာ ခေါင်းကို လက်နှင့်အုပ် ၍ အသာမှိန်းနေလိုက်သည်။ သူငယ်ချင်းတွေ ကားပေါ်ရောက်သည့်အချိန် မှာတော့ မြူမိုးက ကားမောင်းထွက်လိုက်ပါလေ၏။

နှစ်ဆယ့်လေးနာရီဖွင့်သည့် နီးစပ်ရာ ပုဂ္ဂလိက ဆေးရုံဆီသို့။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"မင်းကတော့ တော်တော်အားကိုးရတဲ့ကောင်ပဲ ကြွယ်ဝအောင် ရာ၊ သမီးနဲ့အတူ ပါသွားလို့ ငါ့သမီးကို စောင့်ရှောက်နိုင်မလားမှတ်တယ် ခုတော့ မင်းက ခံလာရတဲ့အပြင် မင်းကိုပါ ဆေးရုံဆေးခန်း ပြန်လိုက်ပို့ပေး နေရသေးတယ်"

ကျေးဖူးမတင်လျှင်ထားဦး။ ခုတော့ ခေါင်းမှ ဒဏ်ရာကိုပင် အား မနာဘဲ အပြစ်တင်နေသည့် ဦးအောင်မိုးကိုကြည့်ကာ စိတ်ထဲ 'ဖု' သွားရ သည်။ သို့သော် ခပ်အေးအေးပဲ ပြန်ပြောလိုက်ပါ၏။

"ကျွန်တော်လည်း သုံးယောက်တစ်ယောက်မို့လို့ ခံလိုက်ရတာပါ ဆရာရယ်၊ တစ်ယောက်ချင်းဆိုရင် အေးဆေးပါဗျ"

"ဟေ့ကောင် . . . မင်းဟာမင်း ဘယ်နှယောက်နဲ့ပဲချချ ဘယ်လို ဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူးကွ၊ ငါသိတာက ငါ့သမီး ဘာမှမဖြစ်ဖို့ဘဲ၊ မင်းရဲ့ လုပ်ရပ်တွေကိုတော့ ငါ တော်တော် စိတ်ကုန်သွားပြီ ကြွယ်ဝအောင်"





ထိုစကားကြောင့် ကြွယ်ဝအောင်လည်း စိတ်ထဲ ခပ်ချဥ်ချဥ်ဖြစ် သွားရင်း . . .

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း ဆရာတို့မိသားစုနဲ့ ပတ်သက် ရင် အကောင်းဆုံးဖြစ်အောင် ပြုမူနေထိုင်တာပဲဗျာ၊ ခုကိစ္စကို ဆရာ ကျေနပ်ရင်လည်း ကြိုက်သလိုသာ လုပ်တော့"

စကားအဆုံးမှာ ဦးအောင်မိုးက မကျေနပ်ဟန်ဖြင့် ပြူးတူးပြဲတဲ ကြည့်လာသည်။ ပြီး . . . ခပ်ငေါ့ငေါ့လေသံနှင့် . . .

"သြော် . . . မင်းက အဲလိုပြောတယ်ပေါ့ . . . ဟုတ်လား၊ အေး ရတယ် ဟေ့ကောင်၊ ငါ့ဘက်ကလည်း မင်းကို ပြတ်ပြတ်ပဲ ပြောလိုက် မင်း ငါ့အိမ်ကနေ ထွက်သွားတော့ . . . ဒါပဲ"

စိတ်ထဲမှာ ဒိန်းခနဲဖြစ်သွားရ၏။ ဦးအောင်မိုးကတော့ အိမ်ပေါ်က နေလေပြီ။ ဒီအိမ်မှ ထွက်မသွားရအောင် ပြန်တောင်းပန်လိုက်မည်ဟု လိုက်သော်လည်း ထိုအတွေးကို ရင်ထဲမှ မခံချင်ဖြစ်နေသောစိတ်က သွန်လိုက်၏။

ထို့ကြောင့် ခေါင်း ဆတ်ခနဲ ညိတ်ပြလိုက်ပြီး . . .

"ရပါတယ် ဆရာ . . ဆရာက သွားဆိုရင် ကျွန်တော် ထွက်သွား ပါ၊ ကျွန်တော် တစ်ခုတော့ ပြောခဲ့ပါရစေ၊ အဲဒါကတော့ ကျွန်တော့် မှာ တင်နေတဲ့ ဆရာ့ရဲ့ကျေးဖူးတွေအပေါ် တစ်ခါမှ မစော်ကားခဲ့ဘူး ဒါ့ကြောင့် ကျွန်တော် မှားခဲ့တာတွေရှိရင်လည်း စေတနာအမှားပဲ ဖြစ်မှာပါ . . . ဒါပါပဲ"

ပြောပြီး ရုပ်ရှင်၊ ဗီဒီယိုတွေထဲကလို ချာခနဲ လှည့်ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရမလဲ . . . သူက သူဌေး၊ ကိုယ်က ဒရိုင်ဘာလေ၊ သို့သော် . . . ခြေလှမ်းသုံးလှမ်းလောက် လှမ်းမိချိန်မှာပဲ . . . ။

"ကြွယ်ဝအောင် . . . နေဦး"

ဟော . . . ပြန်ခေါ်ပြီ၊ ဦးအောင်မိုး သူ့အမှားသူသိကာ စိတ်ပြောင်းသွားပြီလားမသိ။ ကြွယ်ဝအောင် မလျှော့မတင်း မျက်နှာထားနှင့်ပြန်ကာ လှည့်ကြည့်လိုက်သည်။

သို့သော်လည်း ဦးအောင်မိုး နှုတ်မှ လွှင့်ကျလာသည်က ကိုယ်မျှော်လင့်ထားသကဲ့သို့ ပျားသကာလို စကားချိုမဟုတ်။

"ဟေ့ကောင် . . . မင်း သွားတော့မယ်ဆိုလည်း ငါ ပေးကိုင်ထားတဲ့ ဟန်းဆက် ပြန်ပေးခဲ့ဦး။ ရူးသလို ပေါသလိုနဲ့ ယူမသွားနဲ့"

ဩော် . . . ဟုရှ၍ စိတ်ထဲမှာပဲ ညောင်နာနာရေရွတ်လိုက်မိသည်။ ကိုယ်ကတော့ ကိုယ့်ကိုမသွားဖို့ တားလိမ့်မယ်ဆိုပြီး ထင်ထားတာ၊ ခုတော့ ခင်ကြီးက သူ့ပေးထားတဲ့ ဟန်းဆက်ကို ပြန်ပေးခဲ့တဲ့၊ ရပါသည်၊ ကိုယ်က မရှိဆင်းရဲသားဆိုပေမယ့် ဒါမျိုးတော့ သံသရာတွင် ပါအောင် ယူမသွားချင်ချေ။ ထို့ကြောင့် ခပ်တင်းတင်းပဲ ပြန်ပေးလိုက်ပါသည်။

"ရော့ . . . ဆရာ . . . ဆရာ့ဖုန်း"

ဖုန်းကို ဆတ်ခနဲ လှမ်းယူလိုက်ပြီး ဦးအောင်မိုးက ခပ်စွေစွေ ကြည့်လာသေးသည်။ ကိုယ့်ဘက်က ဘာမှထပ်ပြောစရာမရှိတော့သဖြင့် ကြွယ်ဝအောင် ထပ်ကာ လှည့်ထွက်လိုက်၏။ ဒီတစ်ခါလည်း ဦးအောင်မိုးက

"ဟေ့ကောင် . . . ဖုန်းထဲက မင်းရဲ့လိုင်းကတ်ကို ယူမသွားတော့ဘူးလား"





စိတ်မရှည်စွာဖြင့် ပြန်လှည့်ပြောရပြန်သည်။

"မယူတော့ဘူးဗျာ . . . အဲဒီဆင်းကတ်က သိပ်တန်ဖိုးရှိတာလည်း မဟုတ်ပါဘူး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ယောက်ဆီက ထောင့်ငါးရာ ဆင်းကတ်ကို သုံးထောင်ပေးပြီး ဝယ်ထားတာ၊ ဆရာသုံးချင်ရင် ဘေထည့်ပြီး သုံးပေါ့"

"အေး . . . ပြီးရောလေ မင်းသဘောပဲ"

သဘောပဲဆိုပေမယ့် ကြွယ်ဝအောင် ဆက်ပြောရပြန်သည်။ ခုချိန်မှ ကောင်းရှင်းလေ။

"တစ်ခုတော့ ရှိတယ်နော် ဆရာ၊ ကျွန်တော်က အဲဒီဆင်းကတ်နဲ့ Viber ရော၊ Facebook ပါ သုံးတာဗျ၊ ကျွန်တော့် Viber ထဲဝင်ပြီး အကောင့်ကရတွေတော့ မလုပ်ပါနဲ့၊ အဲဒါလေးတော့ ဂရုစိုက်ပေးပါ"

ဦးအောင်မိုး ယောင်နနဖြစ်သွားရပြီး . . .

"အေးပါကွာ . . . ငါသိပါတယ်၊ ငါကလည်း ကိုယ့်ကို Hi မှ ပြန်တာပါကွ၊ ဟာ . . . ဒီကောင်တော့ မင်း သွားတော့ကွာ၊ ငါ စိတ်တို
"

"ကျွန်တော်လည်း ထပ်တူပါပဲ ဆရာ . . . သွားပါပြီ"

ထိုသို့ပြောရင်း ချာခနဲလှည့်ထွက်လိုက်သည်။ ဒီတစ်ခါတော့ ဦးအောင်မိုးလည်း လှမ်းမခေါ်တော့သဖြင့် လွတ်လွတ်ကျွတ်ကျွတ် အခန်းအပြင်သို့ ရောက်လာခဲ့သည်။

ကိုယ့်ကိုပေးနေထားသော အခန်းလေးထဲဝင်ကာ သိပ်မများသည့် အဝတ်အစားအချို့နှင့် ပစ္စည်းတွေကို ကျောပိုးအိတ်ထဲ ကောက်ထည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာခဲ့၏။

ခြံဝရောက်တော့ ဦးကျောက်ခဲနှင့် ဆုံပြန်သည်။ သတင်းကြား

ထားပြီးပုံရသော ဦးကျောက်ခဲက စိတ်မကောင်းဟန်ဖြင့် ...

"မင်းသတင်းကြားရတာ စိတ်တော့မကောင်းပါဘူးကွာ၊ ဒါပေ

တစ်ဖက်က ကြည့်ရင်လည်း မင်း ဝင့်ကျွတ်တာဒပဲကွ၊ ဒါနဲ့ ... မင်း

ဘယ်သွားမယ်လို့ စိတ်ကူးထားလဲ ကောင်လေး"

ကြွယ်ဝအောင်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"သူငယ်ချင်းတစ်ယောက်ဆီမှာ အကူအညီတောင်းပြီး ခဏသွ

နေရမှာပဲ ဦးလေးကျောက်ခဲ၊ အဲဒီကောင်ကိုပဲ အကူအညီတောင်း

အလုပ်သစ်တစ်ခု ထပ်ရှာရမှာပဲလေ"

"အေးကွာ ... အလုပ်လုပ်ချင်တဲ့လူအဖို့ကတော့ အလုပ်မရှ

ပါဘူး၊ ဪ ... ကောင်လေး ... မင်း ခုသွားနေမယ့် လိပ်စာလေးတော

ပေးထားခဲ့ကွာ၊ ငါ အားတဲ့နေ့ကျရင် လာလည်လို့ရတာပေါ့"

ကြွယ်ဝအောင်က ပြုံးရင်း ခေါင်းညိတ်ပြလိုက်ပါသည်။ ဦးကျော

ခဲကို လိပ်စာပေးပြီးချိန်မှာတော့ နှစ်အတော်ကြာနေခဲ့သည့် အိမ်ကြီး

တစ်ချက်လှမ်းကြည့်ပြီး ကျောခိုင်းလိုက်လေသည်။

ကိုယ့်စိတ် တစ်စိတ်တစ်ဒေသကတော့ ဒီအိမ်ကြီးထဲမှာ ကျန်

သလို ...။

ထိုသို့ဖြင့် ...။

■



## (၁၁)

ကုမ္ပဏီထဲသို့ မျက်နှာထားတင်းတင်းဖြင့် ဝင်လာသော မြူမိုးကို

ကြည့်ကာ ဝန်ထမ်းအချို့ မျက်စိမျက်နှာပျက်သွားကြသည်။ တစ်ယောက်

နှင့် တစ်ယောက်လည်း လက်တို့သူတို့၊ အချက်ပြသူပြ ဖြစ်သွားကြ၏။

မြူမိုးက ကုမ္ပဏီပိုင်ရှင် ဘောစိဦးအောင်မိုး၏တစ်ဦးတည်းသော သမီးတော်

မောင်လာ။

မြူမိုးက ကုမ္ပဏီထဲ ရောက်ရောက်ချင်း ဝန်ထမ်းတွေဆီ တစ်ချက်

ဝေ့ကြည့်လိုက်၏။ ထိုအချိန်မှာပဲ သွက်လက်သော ဝန်ထမ်းကောင်မလေး

တစ်ယောက်က မြူမိုးဆီ ထသွားလိုက်ပြီး အပြုံးဖြင့် ...

"မင်္ဂလာပါ မမ ... ဆရာ့ဆီလာတာလားရှင့်"

မြူမိုးက အလိုက်သင့် တစ်ချက်ပြုံးပြလိုက်ရင်း မျက်နှာကို ပြန်

တည်လျက် ...

"အေး ... ဟုတ်တယ်၊ ဖေဖေ သူ့ရုံးခန်းထဲမှာ ရှိတယ်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းကောင်မလေး၏မျက်နှာက ပြောရခက်နေသည့်ပုံစံဖြစ်သွားရင်း ...

"ရှိတော့ရှိတယ် မမ၊ ဒါပေမဲ့ ... ဟိုလေ ... အထဲမှာက ... ဟို ... ဟိုအန်တီ"

ဒီလောက်ဆိုလျှင် မြူမိုး သဘောပေါက်လိုက်လေပြီ။ ဝန်ထမ်းကောင်မလေးကို ခပ်တည်တည် ပြန်ကြည့်လိုက်ပြီး ...

"ရှိတယ်ဆိုရင် ပြီးတာပဲ ... သွားလိုက်ဦးမယ်"

မွေးဖသခင်၏ရုံးခန်းသို့ တန်းသွားလိုက်၏။ တံခါးပင် ခေါက်မနေတော့ဘဲ စေ့ထားသော အခန်းတံခါးကို တွန်းဖွင့်ကာ ဝင်သွားလိုက်သည်။

ရုံးခန်းထဲသို့ ရောက်ရောက်ချင်းပဲ လှမ်းကြည့်ကာ မြူမိုး မျက်နှာပင့်လိုက်မိသည်။ မွေးဖသခင်ဦးအောင်မိုးတစ်ယောက် တော်တော်သာယာနေပါသည်။ ဒေါ်ဝေမာယူလာပုံရသော ချိုင့်ကြီးချိုင့်ငယ်များကို စားပွဲပေါ်တွင် တည်ခင်းထားကာ နှစ်ယောက်သား နေ့လယ်စာ သုံးဆောင်နေကြ၏။

မြူမိုးကို မြင်မြင်ချင်းပဲ ဒေါ်ဝေမာတစ်ယောက် အနေရခက်သွားသလို ဦးအောင်မိုးလည်း အိုးတိုးအမ်းတမ်းပုံစံဖြစ်သွားပြီး ...

"ဪ ... သမီးပါလား ... ဘယ်ကလှည့်လာတာလဲ၊ ထမင်းကော စားပြီးပြီလား။ ဒီမှာ တစ်ခါတည်း ဝင်စားလိုက်လေ၊ ဟင်းတွေစုံတယ် သမီးရဲ့၊ ကြက်ချိုချဉ်၊ ငါးကြင်းကြော်နှပ်၊ ဒီဘက်က ပုစွန်ထုပ်၊ ချဉ်ပေါင်ကြော်၊ ပဲပင်ပေါက် ပဲပြားကြော်၊ ငပိရည်တို့စရာအစုံပဲ၊ ဝေမာ ယူလာတာလေ၊ စားပါလား"





အရေးထဲ ဖေဖေက လောကွတ်လာလုပ်နေသည်။ မြူမိုးက ခပ်တည်တည်မျက်နှာပေးဖြင့် ခေါင်းခါလိုက်ရင်း ...

"မစားတော့ဘူး ဖေဖေ၊ သမီး အဲဒီဟင်းမျိုးတွေ စားဖူးတယ်"

ဦးအောင်မိုး နင်စပ်စပ်ဖြစ်သွားရသည်။ သမီးဖြစ်သူပြောပုံက ကိုယ်ကပဲ ဒီဟင်းမျိုးတွေ မစားမသောက်ဖူးသလိုလို၊ မြူမိုး ရွဲ့ပြီး ပြောမှန်းသိသဖြင့် ဦးအောင်မိုးက အလိုက်သင့်ပဲ ...

"အေးလေ ... သမီးမစားဘူးဆိုရင်လည်း ပြီးတာပါပဲ၊ ဒါနဲ့ ခုလာခဲ့တာလာတဲ့ကိစ္စက"

မြူမိုးက ဦးအောင်မိုးနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး

"ကိစ္စကတော့ ... ကြွယ်ဝအောင်နဲ့ ပတ်သက်တဲ့ကိစ္စပဲ ဖေဖေ၊ ဖေဖေက သူ့ကို ဘာဖြစ်လို့ အလုပ်ထုတ်လိုက်တာလဲ၊ ကြွယ်ဝအောင်ဆိုတာက အိမ်မှ ခုမှနေနေတာမှ မဟုတ်တာ"

ဦးအောင်မိုးက သက်ပြင်းအရင်ချလိုက်သည်။ ပြီးမှ မြူမိုးကို ကြည့်ကာ ...

"ဒီကောင် တလွဲတချော်တွေလုပ်နေတာများပြီ သမီး၊ ဖေဖေ ကည်း သံယောဇဉ်လေးနဲ့ သည်းခံနိုင်သလောက် သည်းခံနေတာပဲ၊ ခုလည်း ကြည့်လေ ... သမီးနဲ့အတူ ပါသွားတာတောင် သမီးကို မစောင့်ရှောက်တာကွယ်နိုင်တဲ့အပြင် သူ့ကို ဆေးရုံပြန်လိုက်ပို့ပေးရတယ်၊ အမှုအခင်းတွေ ဘာတွေ မဖြစ်တာပဲ ကံကောင်း"

မြူမိုးက ခေါင်းခါလိုက်ရင်း ...

"အဲဒီကိစ္စမှာတော့ ဖေဖေ မှားနေပြီထင်တယ်၊ ကြွယ်ဝအောင်



www.burmeseclassic.com

www.burmeseclassic.com



ခုလို ဒဏ်ရာရတယ်ဆိုတာကလည်း သမီးကို ကူညီရင်း ဖြစ်တာပဲလေ၊ တကယ်ဆို ဖေဖေ သူ့ကိုတောင် ကျေးဇူးတင်သင့်တယ်''

''မတင်နိုင်ဘူး သမီး၊ ဒီကောင်လုပ်ခဲ့တာက ဒီကိစ္စတစ်ခုတည်း မဟုတ်တာလေ၊ ဖေဖေကတော့ ဖေဖေ့ဆုံးဖြတ်လိုက်တာ မှန်တယ်ထင်တာ ပဲ၊ ဒီကောင့်ကို အိမ်မှာဆက်ထားရင် ရှေ့လျှောက် အမှုတွေတက်လာဦးမှာ သေချာတယ်''

''ဖေဖေ့ဆုံးဖြတ်ချက်ကို သမီး သဘောမတူဘူး ဖေဖေ၊ ကြွယ်ဝ အောင်ကိစ္စကို ပြန်စဉ်းစားပေးပါလို့ သမီး လေးလေးနက်နက် ပြောချင် တယ်၊ ဖေဖေ စဉ်းစားပေးမယ်ဆိုရင် ဖေဖေ သမီးဆီမှာ တောင်းဆိုထားတဲ့ ကိစ္စအတွက် တစ်ထစ်လျှော့ပေးမယ်''

ဦးအောင်မိုး မျက်ခုံးပင့်လိုက်မိ၏။ ဒေါ်ဝေမာကိုလည်း တစ်ချက် ကြည့်လိုက်မိသည်၊ သူ သမီးထံတွင် တောင်းဆိုထားသည်က ဒေါ်ဝေမာနှင့် လက်ထပ်ဖို့ ခွင့်ပြုပေးရန်။ ခု သမီးဘက်က ဘယ်လိုတစ်ထစ်လျှော့ပေးမှာ လဲ။ သိချင်စိတ်နှင့် အမြန်မေးလိုက်သည်။

''နေပါဦး သမီးရဲ့ . . . သမီးဘက်က ဘယ်လိုအလျှော့ပေးမှာလဲ ပြောပါဦး''

မြူမိုးက လုပ်ခနဲပြုံးလိုက်ပြီး . . .

''သမီး လိုက်လျှောပေးနိုင်တာကတော့ သမီး အိမ်ထောင်ပြုပြီး အချိန်ကျရင် ဖေဖေ ကြိုက်သလိုလုပ်ပါ၊ အိမ်ထောင်မပြုခင်တော့ အရင် အတိုင်းပဲနော်၊ ပြီးတော့ . . . ဒီလိုက်လျှောမှုကလည်း ကြွယ်ဝအောင်ကိစ္စ ကို ဖေဖေ ပြန်စဉ်းစားပေးမှ အကျုံးဝင်မှာ''





ဦးအောင်မိုး နည်းနည်းတော့ ခေါင်းစားသွားသည်။ သမီးဖြစ်သူ တော့ အပေးအယူလုပ်နေလေပြီ။ လောလောဆယ် စဉ်းစားလို့ရအောင် ချိန်လေးဆွဲထားမှဟူ၍ တွေးလိုက်ကာ . . .

''ကောင်းပြီလေ . . . ကြွယ်ဝအောင်ကိစ္စကို ဖေဖေ ပြန်စဉ်းစားမယ်၊ ့ကို အချိန်နှစ်ရက်လောက်တော့ပေး . . . ဟုတ်ပြီလား''

မြူမိုးက ခေါင်းညိတ်ပြလိုက်ပြီးမှ ထရပ်လိုက်ရင်း . . .

''ဟုတ်ကဲ့ပါ ဖေဖေ၊ သမီးလည်း အဲဒီကိစ္စ ဖေဖေနဲ့ ဆွေးနွေးဖို့ သာတာပါ . . . သွားတော့မယ်''

မြူမိုးက ဒေါ်ဝေမာကို ရှုံ့သည့်ဟုပင် သဘောမထားဟန်ဖြင့် နှုတ် တ်တဲ့ အခန်းထဲမှ ထွက်သွားလေသည်။ ဦးအောင်မိုးက ဒေါ်ဝေမာကို ားနာပုံစံဖြင့် ကြည့်လိုက်ပြီး . . .

''အဲဒါပဲ ဝေမာရေ . . . သမီးက အလိုလိုက်ထားတော့ ခုချိန်ထိ တုန်းပဲ''

ဒေါ်ဝေမာက နားလည်ဟန်ဖြင့် ပြုံးလိုက်ကာ . . .

''လူငယ်တွေကတော့ ဒီလိုပါပဲ ကိုအောင်ရယ် . . . တချို့ခံစား တွေက သူ့အသက်အရွယ်နဲ့သူမှ ခံစားတတ်တာလေ၊ သမီးကို အပြစ် လည်း မရှာဘူး၊ ဝေမာတို့ နားလည်ပေးရမှာပေါ့''

ဦးအောင်မိုးက ကျေနပ်ဟန်ဖြင့် ပြုံးလိုက်ရင်း . . .

''အင်း . . . ဝေမာ ခုလိုနားမလည်ပေးတာ ကိုယ် သိပ်ကျေးဇူး ပဲကွာ၊ တစ်ခါတလေကျတော့လည်း ဘာမှမစဉ်းစားဘဲ ကိုယ်လည်း ကို ဖွတ်လုပ်လိုက်ချင်တယ် . . . တစ်ကယ်ပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ကိုအောင်ကလည်း ကလေးကျနေတာပဲ"

ပြောရင်း ဒေါ်ဝေမာက ရယ်လိုက်သည်။ ငယ်ချစ်ဦး၏အရ

အပြုံးမျက်နှာလေးကိုကြည့်ကာ ဦးအောင်မိုးစိတ်ထဲ ငယ်မူငယ်သွေး

ကြွလာရ၏။ ခုတောင် ရုံးခန်းထဲမှာ ဖြစ်နေလို့သာပေါ့။ မဟုတ်လျှင်

အနည်းဆုံး အာဘွားသုံးခါလောက် ပေးပစ်လိုက်ပြီ။ ထိုသို့မချိတင်ကဲစိ

နှင့် ဖိုးသိုးဖတ်သတ်ဖြစ်နေချိန်မှာပဲ ဟန်းဖုန်းက မြည်လာ၏။ နံပါ

ကြည့်လိုက်တော့ နယ်တွင် ပဲဝယ်ရန် စေလွှတ်လိုက်သူ ကျော်ကြီးထံ

ဆက်လာခြင်းဖြစ်သည်။

ဦးအောင်မိုးက အပြုံးမျက်နှာဖြင့် ဖုန်းဖွင့်ကိုင်လိုက်ပြီး . . .

"အေး . . . ကျော်ကြီး ပြော၊ ငါ ပြောလိုက်တဲ့ဈေးနဲ့ပဲ ဝယ်

ရတယ်မလား"

တစ်ဖက်မှ ကျော်ကြီးအသံက သြောင်နာနာလေး ထွက်လာသည်

"ရ . . . ရပါတယ် ဆရာ၊ ကျွန်တော်လည်း ဆရာပြောတဲ့ဈေး

ရလို့ သိန်းရှစ်ရာဖိုး အကုန်ဖြင့် ဝယ်လိုက်တာပဲ"

"ဟာ . . . အဲဒါဆို ပြီးပြီလေကွာ၊ မင်းအသံက ဘာဖြစ်နေ

လဲ"

"မဟုတ်သေးဘူး ဆရာ၊ ကျွန်တော်ပဲ ဝယ်ပြီးတာမှ နှစ်ရက်

ရှိသေးတယ်၊ ခု . . . ပဲဈေးတွေ ထိုးကျသွားပြီဗျ၊ ခုနေ ရတဲ့ဈေးနဲ့

ရောင်းရင်တောင် သိန်းလေးရာလောက် အရှုံးပေါ်နေပြီ"

"ဟေ"

ဖုန်းကိုင်ထားသော ဦးအောင်မိုး၏မျက်နှာက တစ်မဟုတ်ချ





သက်ရှစ်ဆယ်အဘိုးကြီးလောက် အိုစာသွားသည်။ ပါးစပ်ကြီးဟောင်း

ဟောင်းနှင့် ဆယ့်စက္ကန့်လောက် ငုတ်တုတ်မေ့နေပြီးမှ . . .

"သွားပါပြီကွာ . . . ဘယ်လိုဖြစ်ရတာလဲ ကျော်ကြီးရာ"

တစ်ဖက်မှ ကျော်ကြီး၏ရှင်းပြချက်တွေကိုပင် ကြားတစ်ချက်

ကြားတစ်ချက်ဖြစ်ကာ သောကစိတ်တွေက လေးလံဖိစီးလာကြ၏။

ရက်နှစ်ရက်အတွင်းမှာပဲ သိန်းလေးရာလောက် ပလုံလေပြီ။ ဘာဆက်

ရမည်မှန်းမသိဘဲ ဖုန်းချအပြီးမှာ လေပူကြီးကိုပဲ မှုတ်ထုတ်လိုက်မိ၏။

ဒေါ်ဝေမာက ဦးအောင်မိုး၏ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသောပုံစံကို

ကြည့်လိုက်ရင်း စိုးရိမ်သံဖြင့် . . .

"ကိုအောင် . . . ကိုအောင် . . . ဘာများဖြစ်လို့လဲဟင်"

ဦးအောင်မိုးက မပြောခင် လေပူကြီးကို ဆင့်ကဲဆင့်ကဲ ထပ်ကာ

လိုက်ပြီး . . .

"ဟူး . . . မပြောချင်တော့ပါဘူး ဝေမာရယ်၊ နယ်မှာ ပဲတွေဝယ်

လိုက်ပြီးမှ ပဲဈေးတွေ ထိုးကျသွားလို့ သိန်းလေးရာလောက် ထိသွား

ယ်"

"အို"

ဒေါ်ဝေမာ ရင်ဘတ်ဖိလိုက်မိ၏။ လူမမာလို ဖြူဖျော့ဖျော့ဖြစ်သွား

သော ဦးအောင်မိုးအား မည်သို့မည်ပုံ နှစ်သိမ့်ရမလဲဟု စဉ်းစားနေချိန်မှာပဲ

တံခါးခေါက်သံက ထွက်လာပြန်သည်။ ဦးအောင်မိုးက လှမ်းကြည့်၍

"ဝင်ခဲ့ကွာ"

ရုံးခန်းအတွင်းသို့ ဝန်ထမ်းကောင်မလေးတစ်ယောက် မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်လျက် ဝင်လာသည်။

ဦးအောင်မိုးက . . .

"ဆို . . . ရီရီနိုင် . . . ဘာကိစ္စလဲ"

ရီရီနိုင်က အထစ်ထစ်အငေါ့ငေါ့လေသံဖြင့် . . .

"ဟို . . . ဟို . . . ခုနကပဲ . . . ဟိုလေ . . ."

"ဟဲ့ . . . ပြောမှာသာပြောဟာ . . . ဘာကိစ္စလဲ"

"ဒီလိုပါ ဆရာ . . . ခုနက ဖုန်းဝင်လာပါတယ်၊ ပုသိမ်က[illegible] ဆန်တင်လာတဲ့ ဆရာ့စက်လှေ မှောက်လို့တဲ့ ဆရာ"

"ဘာ"

ဦးအောင်မိုး အကျယ်ကြီးအော်ကာ ထိုင်နေရာကပင် ထရပ်လို[illegible] မိသည်။ ချက်ချင်းပင် တရိပ်ရိပ်ဖြစ်ကာ ခေါင်းမူးလာသောကြောင့် နား[illegible] နှစ်ဖက်ကိုဖိကာ အရုပ်ကြိုးပြတ်ဖြင့် ပြန်ထိုင်ချမိလိုက်လေ၏။

ပြီးပြီ . . .။

■

## (၁၂)

အလုပ်ထဲ အနှောင့်အယှက်တွေ ပေါ်လာသဖြင့် ညဦးပိုင်းကလည်း ဦးအောင်မိုး ကောင်းစွာအိပ်မရချေ။ ဟိုတွေးဒီတွေးနှင့် သောကတွေ ရှင် ဃယ်ပိုက်ကာ လူးလိမ့်နေမိသည်။

ဘယ်လိုမှ အိပ်မရသဖြင့် လက်တင်အမေရိက မင်းသမီး ဂျင်နီ ဖာလိုပက်ဇ်၏ခန္ဓာကိုယ်ကို အသားပေးရိုက်ထားသော MTV ခွေထိုးကာ ကြည့်နေမိသေးသည်။ ထိုသို့ကြည့်ပြန်တော့လည်း မျက်စိက ပိုကျယ်လာ သဖြင့် TV ပိတ်ကာ အိပ်ရာပေါ် လှဲရင်း သတင်းမျက်စိမှိတ်ထားလိုက်၏။

ငါ့ . . . ငွေတွေ . . . ငါ့ငွေတွေ။

ဟာ . . . သွားပြီ . . . သွားပြီ . . . ဘယ်လိုလုပ်ရပါ့မလဲ၊ အင်း . . . ဂျင်နီဖာလိုပက်ဇ်ရဲ့တင်ပါးကတော့ အာမခံလုပ်ထားတယ်ပြောတယ်။ ငါ့စက်လှေကကော အာမခံကြေးမှ ပြန်ရပါ့မလား။

တောင်တောင်အီအီတွေးရင်း မျက်ခွံတွေက လေးလံလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ . . .

"ဟော့ကောင် အောင်မိုး"

ရုတ်တရက် နားနှင့်ဆတ်ဆတ် ကြားလိုက်ရသောခေါ်သံကြောင့် ပိတ်ထားသောမျက်စိကို ဆတ်ခနဲ ဖွင့်ကြည့်လိုက်မိသည်။ ခုတင်အနီးတွင် ရပ်နေသောလူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် လန့်ဖျပ်ကာ လှဲနေရာမှ ထထိုင်မိလိုက်၏။

"ဟာ . . . မင်း . . . မင်း . . . ထက်လူ . . . မင်း ဘယ်လိုဖြစ်လို့ ငါ့အခန်းထဲ ရောက်နေတာလဲ"

ထက်လူဆိုသော လူကြီးက တဟားဟား ရယ်လိုက်သည်။ အိပ် ရာဝင်မီးရောင်ပြာလဲ့လဲ့အောက်တွင် ရပ်နေသော ဦးထက်လူ၏ပုံစံကလည်း သူ့အား လှောင်ပြောင်နေသလို။

"အောင်မိုးရာ . . . မင်းကလည်း ငါ့တွေ့တာနဲ့ သရဲသဘက် တွေ့ တာကျနေတာပဲ"

ဦးအောင်မိုးက အထစ်ထစ်အငေါ့ငေါ့နှင့် . . .

"မဟုတ်ဘူးလေကွာ . . . မင်းက ဖားကန့်မှာ ကျောက်တွင်းရှာ ငှက်ဖျားမိပြီး သေခဲ့ပြီလေ၊ မင်းကို ငါကိုယ်တိုင် သင်္ဂြိုဟ်ခဲ့တာပဲဟာကို"

ဦးထက်လူ၏မျက်နှာက ချက်ချင်းပင် တင်းမာလာပြီး . . .

"ငါ သေတယ်, မသေဘူးဆိုတာက အရေးမကြီးဘူး အောင်မိုး ခု ငါလာတာက မင်းပေးထားတဲ့ ကတိတွေမေ့ပြီး သစ္စာစူးမှာစိုးလို့ လာသတိပေးတာကွ"

"ဘာ . . . ဘာပြောတယ် ထက်လူ"





"ဟော့ကောင် . . . ခုမှ အတိတ်မေ့သလို၊ ရွှေပျောက်သလို လုပ် မနေနဲ့၊ ငါ မသေခင်က မင်းပဲ ကတိတွေ အထပ်ထပ်ပေးပြီး ဘုရားမှာ သစ္စာဆိုခဲ့တယ်လေ၊ ကြွယ်ဝအောင်လေးကို မင်းရဲ့အရိပ်အောက်မှာပဲ တစ်သက်လုံး စောင့်ရှောက်သွားမယ်ဆို၊ အဲဒီလို မစောင့်ရှောက်ခဲ့ဘူးဆိုရင် မင်းတစ်သက် လုပ်သမျှ အလုပ်တွေ မအောင်မြင်ဘဲ စီးပွားပျက်ပါစေဆို၊ ခုတော့ မင်းကိုယ်တိုင် ကတိဖျက်ပြီး ကြွယ်ဝအောင်ကို မင်းရဲ့အရိပ် အောက်က နှင်ချလိုက်ပြီမလား"

စကားအဆုံးမှာ ဦးအောင်မိုး ကတုန်ကယင်ဖြစ်လာရသည်။

"ငါ . . . ငါ ကြွယ်ဝအောင်ကို စောင့်ရှောက်ခဲ့ပါတယ်ကွာ၊ ဒါပေမဲ့ . . . ဒီကောင့်လုပ်ပေါက်တွေကို ဘယ်လိုမှ သည်းမခံနိုင်တာနဲ့ မောင်းချ လိုက်တာပါ"

"ဟား ဟား . . . တော်တော် တရားကျဖို့ကောင်းတာပဲ အောင်မိုး ရဲ့ မင်း အခုပိုင်ဆိုင်နေတဲ့ စီးပွားဥစ္စာတွေထဲမှာ ကြွယ်ဝအောင်ရဲ့ပိုင်ဆိုင်မှု တွေ ပါနေတယ်ဆိုတာကိုလည်း သတိရဦးကွ၊ အေး . . . ဘာပဲဖြစ်ဖြစ် အခု မင်းအနားမှာ ကြွယ်ဝအောင် မရှိတော့ဘူးဆိုတော့ မင်း သစ္စာစူးပြီ ပေါ့ကောင်၊ ရှေ့လျှောက် မင်းစီးပွား ထပ်ပျက်လိမ့်မယ်လို့ ယုံကြည်ထား လိုက်တော့ . . . ဟား ဟား"

ဦးထက်လူက ဟားတိုက်ရယ်မောလိုက်ရင်း ရပ်နေရာမှ ချာခနဲ လှည့်ထွက်သွားလေသည်။ ဦးအောင်မိုးလည်း ကြောင်အမ်းနေရင်းက ထိုင်နေရာမှ ရုတ်တရက် ထရပ်ကာ အလန့်တကြား အော်ခေါ်လိုက်လေ၏။

"ထက်လူ . . . ထက်လူ . . . နေပါဦးကွာ၊ ငါ ရှင်းပြပါရစေ ငါ



www.burmeseclassic.com

www.burmeseclassic.com



စီးပွားမပျက်ချင်ဘူးကွ . . . စီးပွားမပျက်ချင်ဘူး''

ရှုးဝါးရှုးဝါးအော်ဟစ်ရင်း ဦးအောင်မိုး အိပ်ပျော်နေရာမှ လန့်နိုးလာရသည်။ ချက်ချင်းပင် ငါ အိပ်မက်မက်နေပါလားဆိုသည့်အသိက ဝင်ရောက်လာ၏။ တစ်ကိုယ်လုံးလည်း ချွေးတို့ဖြင့် ရွှဲနစ်နေလေပြီ။

တုန်လှုပ်ချောက်ချားနေသောစိတ်ကို ပြန်ကာ စုစည်းလိုက်ရင်း အိပ်ရာမှထကာ ရေအေးတစ်ခွက် မော့ချလိုက်မိ၏။ ရေအေး၏အထိအတွေ့ကြောင့် လည်ချောင်းထဲ အေးစိမ့်သွားသော်လည်း စိတ်ထဲမှာတော့ အိပ်မက်ကို ပြန်စဉ်းစားမိကာ ဘယ်လိုမှ မအေးနိုင်သေး။

ခုတင်ပေါ်မှာ ပြန်ထိုင်လိုက်ရင်း ခေါင်းသာတွင်တွင်ခါရမ်းမိတော့သည်။

ငါ မှားသွားပြီလား။

ထက်လူ့ကိုပေးတဲ့ကတိ ဖျက်လိုက်လို့ သစ္စာရှုးပြီး တကယ်ပဲ စီးပွားပျက်တော့မှာလား။ ကြွယ်ဝအောင်အိမ်မှာ နှစ်ရက်လောက်မရှိတာနဲ့ စီးပွားရေးက အနှောင့်အယှက်ပေါ်လာပြီ။

အတွေးပေါင်းများစွာ ခေါင်းထဲ အပြေးအလွှားဝင်ရောက်လာကြသည်။ ဒီညဖို့ ဘယ်လိုမှ အိပ်စက်၍ရမည်မထင်တော့။

■



(၁၃)

''သမီး . . . ကော်ဖီလာသောက်လေ''

မနက်ပိုင်း ထမင်းစားခန်းထဲ ဝင်လာသော မြူမိုးတစ်ယောက် ဖခင်ဖြစ်သူ၏လှမ်းခေါ်သံကြောင့် ခြေလှမ်းရပ်လိုက်မိသည်။ တစ်ချက်လှမ်းကြည့်လိုက်ကာ . . .

''သမီး မသောက်သေးဘူး ဖေဖေ၊ ခဏနေမှပဲ သောက်တော့မယ်''

''လာပါဦး သမီးရဲ့ . . . ဖေဖေ ပြောစရာလေးရှိလို့ပါ''

ထပ်ကာခေါ်နေသဖြင့် မြူမိုး စားပွဲနားသို့ အသာလျှောက်သွားလိုက်သည်။ စိတ်ထဲက မကြေလည်သေးသဖြင့် ဝင်မထိုင်ဘဲ မတ်တတ်ရပ်ရင်းအနေအထားနှင့် ပြန်မေးလိုက်၏။

''ဘာပြောမလို့လဲ ဖေဖေ . . . ပြောလေ''

သမီးဖြစ်သူ၏မျက်နှာရိပ်မျက်နှာကဲကိုကြည့်ကာ သူမပေါ် သိပ်

www.burmeseclassic.com



အစာမကြေသေးမှန်း ဦးအောင်မိုး ရိပ်မိပါသည်။ ထို့ကြောင့် ထိုင်ဖို့ ပြောမနေတော့ဘဲ လိုရင်းကိုပဲ ပြောလိုက်၏။

"အင်း ... ပြန်တွေးတော့လည်း ကြွယ်ဝအောင်ကိစ္စမှာ ဖေဖေ ဒေါသနဲ့အလောတကြီး ဆုံးဖြတ်မိသလို ဖြစ်သွားတယ်လေ၊ အဲဒါကြောင့် ဖေဖေ ပြန်စဉ်းစားမိတယ်၊ ယယ်ယယ်ကတည်းက အိမ်မှာ သစ္စာရှိရှိနေလာတာဆိုတော့ သူ့ကို အိမ်ပြန်ခေါ်ထားရင် ကောင်းမလားလို့ပါ"

မြူမိုးမျက်နှာက ဝင်းခနဲဖြစ်သွားရင်း ...

"ကောင်းတာပေါ့ ဖေဖေရယ် ... သူ့ဘက်က ကြည့်ရင်လည်း ဒီအချိန်ရောက်မှ အပြင်မှာ ရပ်တည်နေနိုင်ဖို့ဆိုတာ ခက်ခဲနေမှာပဲလေ၊ ကြွယ်ဝအောင်က ဘာပဲပြောပြော ဖေဖေ့အပေါ် သစ္စာရှိပါတယ်"

"အေးလေ ... သမီးပြောထားတာလည်း ရှိတော့ ဖေဖေ သူ့ကို အိမ်ပြန်ခေါ်လိုက်ပါ့မယ်"

တစ်ချက်စဉ်းစားလိုက်ရင်း မြူမိုးက ...

"ခေါ်တာက ဟုတ်ပါပြီ၊ ဒါပေမဲ့ ... သူက ဘယ်ထွက်သွားမှန်းမှ မသိတာ၊ ဖေဖေ ဘယ်လိုလိုက်ရှာမလဲ"

ဦးအောင်မိုးက ပြုံးလိုက်ရင်း ...

"အဲဒါက သိပ်ပူစရာမလိုပါဘူး၊ သမီးရယ်၊ ဖေဖေက သူ့ဆရာပါ၊ သူ ဘယ်သွားတယ်ဆိုတာ ဖေဖေ သိပါတယ်၊ ဒီကောင်က သူရှိနေမယ့် နေရာကို ဦးကျောက်ခဲဆီမှာ လိပ်စာပေးသွားတယ်လေ"

"ဩော် ... ဒီလိုလား။ အဲဒီလိုဆိုရင်တော့ ကောင်းတာပေါ့ ဖေဖေ ... အမြန်ဆုံးသာ ခေါ်လိုက်ပါ"





ဦးအောင်မိုးက သမီးဖြစ်သူကို တစ်ချက်အကဲခတ်လိုက်ပြီးမှ ...

"သမီးက ကြွယ်ဝအောင် အိမ်ပြန်ခေါ်ဖို့ကိစ္စကို တယ်ပဲ တက်ကြွနေပါလား"

ထိုစကားကြောင့် မြူမိုး အနည်းငယ်ရှက်သွားရ၏။ ကိုယ့်ရဲ့မသိစိတ်ကပဲ ကြွယ်ဝအောင်အပေါ် သံယောဇဉ်တွယ်နေမိပြီလားမသိ။ မြူမိုးက မသိမသာ ရှက်အမ်းသွားသောမျက်နှာကို ပြင်လိုက်ပြီး ...

"အဲလိုလည်း မဟုတ်ပါဘူး ဖေဖေရာ၊ သူ ခုလို အိမ်က ထွက်သွားရတာ သမီးပယောဂလည်း မကင်းဘူးလို့ ခံစားရလို့ပါ"

"ဩော် ... အေး ... အေး ... ဖေဖေ့သမီးတော်င် စာနာစိတ်တွေ ဘာတွေထားတတ်နေပြီကိုး၊ ဒါနဲ့ ... ဟိုတစ်ခါက သမီးအိမ်ထောင်ပြုမယ်ဆိုတဲ့စကား ပြောဖူးတယ်နော်၊ အဲဒါက ဘယ်လိုလဲ၊ သမီးမှာ ချစ်သူရှိနေပြီဆိုရင်လည်း ဖေဖေနဲ့ ပေးတွေ့လေ"

မြူမိုးမျက်နှာက ချက်ချင်းပဲ ပြန်တည်သွားသည်။ အဖေဖြစ်သူ ဘယ်ကိစ္စကို ရည်ရွယ်ပြီး ပြောလာမှန်းလည်း ရိပ်မိလိုက်၏။

ထို့ကြောင့် ...

"သမီးမှာ ချစ်သူမရှိသေးပါဘူး ဖေဖေ ... အိမ်ထောင်ပြုဖို့ဆိုတာကလည်း လိုပါသေးတယ်"

သူ့သမီး၏အကွက်ကို ဦးအောင်မိုး ရိပ်စားမိသွားသည်။ ကိုယ်က အဖေပဲလေ။ သမီးဖြစ်သူ ဘာရည်ရွယ်ချက်နှင့် ပြောခဲ့မှန်း စဉ်းစားမိလိုက်သည်ပေါ့။ ထို့ကြောင့် ကိုယ့်ဘက်ကလည်း ဝက်အူတစ်ရစ် ထပ်ကျပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ပြောထားမယ်နော် သမီး၊ သမီးလက်ထပ်မယ့်သူဟာ ဖေဖေ သဘောမတူတဲ့လူဆိုရင်တော့ သမီး အမွေလည်း ရမှာမဟုတ်ဘူးနော်၊ ဒီလိုမှမဟုတ်ရင်တော့ ဖေဖေပဲ သမီးနဲ့ သင့်တော်မယ့်သူကို စီစဉ်ပေးမယ်"

မြူမိုးက မျက်နှာလေးကို မဲ့လိုက်သည်။

"အမှန်အတိုင်း ပြောရရင်တော့ အိမ်ထောင်ပြုဖို့ဆိုတဲ့ကိစ္စကို သမီး မစဉ်းစားချင်သေးဘူး ဖေဖေ၊ အဲဒီကိစ္စ နောက်မှ ဆွေးနွေးကြတာပေါ့"

ပြောပြီး ချာခနဲလှည့်ထွက်လာခဲ့၏။ သမီးဖြစ်သူကိုကြည့်ကာ ဦးအောင်မိုး ပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်မိသည်။ တစ်ဆက်တည်း ထိုကိစ္စအတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ် စီစဉ်မှုဖြစ်တော့မည်ဆိုတာကိုလည်း နားလည်လိုက်ပါသည်။

■

## (၁၄)

ပျဉ်ထောင်အိမ်လေး၏ဝရန်တာတွင် ငူငူကြီးထိုင်နေသော ကြယ်ဝအောင်ကြည့်ကာ အိမ်ထဲမှ ထွက်လာသော မြင့်ဆန်းက မေးလိုက်သည်။

"ဟေ့ကောင် ဘာဖြစ်နေတာလဲ၊ တစ်မနက်လုံး ဒီနေရာမှာ ဘူပြီးထိုင်နေတယ်"

စကားသံကြောင့် ကြယ်ဝအောင် လှည့်ကြည့်ကာ လျော့ရဲရဲပြုံးပြလိုက်ရင်း …

"ဒီလိုပါပဲကွာ … ငါ့ဘဝရဲ့ရပ်တည်မှုကို စဉ်းစားနေတာပါ၊ မင်းအိမ်ကိုရောက်နေတာပဲ လေးငါးရက်လောက် ရှိနေပြီလေ၊ အလုပ်ကလည်း ရှိသေးတော့ မင်းကို အားနာပြီကွ"

မြင့်ဆန်းက အနားသို့လျှောက်လာကာ ကြယ်ဝအောင်၏ပခုံးကို ပွတ်လိုက်ပြီး …

"မင်းကလည်းကွာ … ဘာတွေစဉ်းစားနေတာလဲ၊ မင်းက ဒီအိမ်မှာပဲ တောက်လျှောက်နေလာခဲ့တော့ ခုလို အနေအထားဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com

ကို စိတ်ခ‌ေတ်ကျနေတာထင်တယ်၊ ဟော့ကောင် . . . အလုပ်လုပ်နေတဲ့လူ အတွက် ဘဝဆိုတာ ရပ်မနေဘူးကွ၊ မင်းအတွက်လည်း ငါ အလုပ်ရှာနေ ပါတယ် ကြွယ်ဝအောင်ရာ၊ မကြာခင် မင်းမောင်းဖို့ ကားတစ်စီးရမှာပါ၊ မင်းခေါင်းထဲမှာ ငါ့အိမ်မှာ လာနေနေရတယ်ဆိုပြီး အားမနာနေနဲ့"

ခေါင်းညိတ်လိုက်ရင်း ကျေးဇူးတင်စကား ဆိုလိုက်သည်။

"အေးပါကွာ . . . အလုပ်သစ်လည်း မြန်မြန်ရမှပါပဲ၊ မင်းအိမ်ဆိုပေမယ့် မင်းကလည်း ငှားနေရတာလေ"

"ဟော့ကောင် . . . ငှားနေရတယ်ဆိုပေမယ့် ငါက တစ်ယောက်တည်းသမားကွ၊ မင်း ဘယ်သူ့ကိုမှ အားနာနေစရာမလိုဘူး၊ အိမ်ဆိုမှ ငါ စဉ်းစားမိတယ်"

ဘာပြောချင်တာလဲဟု တွေးကာ ကြွယ်ဝအောင်က လှမ်းကြည့် လိုက်သည်။ မြင့်ဆန်းက . . .

"လာမယ့်အပတ်ထဲကျရင် ငါ အခုမောင်းနေတဲ့ ကားအုံနာထ နိုင်ငံခြားကို တစ်လလောက် ခရီးထွက်မှာကွ၊ ငါ့ကို အိမ်စောင့်ပေးပါဆိုပြီး အပ်ထားတာ၊ အဲဒီအခါကျရင်တော့ မင်းနဲ့ငါ အဲဒီတိုက်ခန်းမှာ တစ်လ လောက် သွားပြီး စံမြန်းကြတာပေါ့"

"သဘောပါကွာ၊ ခုချိန်မှာ ငါက မင်းထားရာနေ စေရာသွားလေး ပါ၊ ဟော့ကောင် . . . အလုပ်တော့ မြန်မြန်ရှာပေးနော်၊ ပြီးတော့ . . . ငါ့မှာ ပါလာတဲ့ ပိုက်ဆံလေးတွေကုန်ရင် ထမင်းလည်း ကျွေးထားဦး"

ကြွယ်ဝအောင် ရယ်ကာ ပြန်ပြောလိုက်သည်။ မြင့်ဆန်းက ခွေး ကောင်ဆိုပြီး ခပ်တိုးတိုး ကျိန်ဆဲလေ၏။ အိမ်ထဲဝင်သွားကာ ငါးမိနစ်လောက် ကြာမှ အဝတ်အစားလဲပြီး မြင့်ဆန်း ပြန်ထွက်လာသည်။





"ကဲ . . . ကြွယ်ဝအောင် . . . ငါ ကားသွားဆွဲလိုက်ဦးမယ်၊ အိမ် မှာပဲ နားနားနေနေ နေလိုက်ဦးပေါ့ကွာ၊ ဗိုက်ဆာရင်တော့ လမ်းထိပ်က စားနေကျ ထမင်းဆိုင်မှာသာ သွားစားပေတော့"

ကြွယ်ဝအောင်က ခေါင်းညိတ်ပြလိုက်ရင်း . . .

"အေးပါကွာ၊ မင်းလည်း ကားကို ဂရုစိုက်မောင်းနော်၊ ညနေမှ တွေ့မယ်"

ခေါင်းညိတ်ပြပြီး မြင့်ဆန်း ထွက်သွားလေသည်။ မြင့်ဆန်းက အငှားကား (တက်စီ) မောင်းသူဆိုတော့လည်း မနက်မိုးလင်းသည်နှင့် အိမ် က ထွက်ရပြီလေ။

မြင့်ဆန်းထွက်သွားတော့မှ အိမ်ထဲ ပြန်ဝင်လာပြီး ခုတင်ပေါ် အသာ ပြန်လှဲနေလိုက်၏။ အတွေးတွေကလည်း ဟိုရောက်ဒီရောက်နှင့် လိုက်ဖမ်း ဆီးနိုင်သော မီးခိုငွေ့တွေလို ဝဲရုပ်လွင့်ပါးနေကြသည်။

တွေးနေရင်းက မြူမိုး၏မျက်နှာလေးကို ပြန်မြင်ယောင်လာမိ၏။ သူ့ကို သတိရနေတာလား။

ထိုသောစိတ်ကလေးနှင့်အတူ အနီးတွင်ရှိသော ကျောပိုးအိတ်ထဲမှ ခပ်နွမ်းနွမ်း အဖြူရောင်လက်ပတ်ကြိုးလေးကို ထုတ်ယူကြည့်လိုက်မိ၏။ ထိုလက်ပတ်လေးကို အကြိမ်ကြိမ်ထုတ်ကြည့်မိတိုင်း အတွေးစတို့က အတိတ် ဆီ ပြန်ရောက်သွားစမြဲ။

ခုလည်း . . .။

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ထိုနေ့သည် ဦးအောင်မိုး ပိုင်ဆိုင်နေထိုင်သည့် ဒီအိမ်ကြီးဆီသို့ အသက်ဆယ့်သုံးနှစ်အရွယ် ကြွယ်ဝအောင်ဆိုသောကောင်လေး ရောက်လာခဲ့သောနေ့ဖြစ်သည်။

နှစ်ထပ်တိုက်အိမ်ကြီး၏အနေအထားကို ကလေးတစ်ယောက်၏ အမြင်ဖြင့် ကြည့်လျှင်ပင် ဦးအောင်မိုးသည် အတော်ချမ်းသာကြွယ်ဝသူဟု ပြော၍ရသည်။ ထိုသို့ချမ်းသာလို့လည်း ကြွယ်ဝအောင်ဆိုသောသူ့ကို ထို အိမ်တွင်နေရန် (စောင့်ရှောက်ထားရန်ဟူသောစကားဖြင့်) ခေါ်လာခဲ့ခြင်း မဟုတ်ပါလား။

ပြောရလျှင်တော့ အဖေနှင့်သားနှစ်ဦးတည်းသာရှိသော မိသားစုတွင် အဖေက ငွေရှာရန်ဆိုပြီး ဖားကန့်သို့ ကျောက်တူးရန် ထွက်သွားသည်။ ဆယ်နှစ်သား ကြွယ်ဝအောင်လေးကို ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကျောင်းအိပ်၊ ကျောင်းစားအပ်ထားခဲ့၏။ နှစ်နှစ်ခွဲလောက်ကြာသည်အထိ





အဖေဖြစ်သူ ပြန်ရောက်မလာသလို သတင်းလည်း မကြားရချေ။ ကြွယ်ဝ အောင်စိတ်ထဲမှာတော့ အဖေသည် ငွေတွေအများကြီးနှင့် ပြန်ရောက်လာလိမ့် မည်ဟု မျှော်လင့်နေခဲ့မိသေးသည်။ သို့သော် ကလေးအတွေးသည် ကလေး အမှာပဲ လွင့်ပါးပျောက်ကွယ်ခဲ့ရ၏။ ဘုန်းကြီးကျောင်းသို့ အဖေ ပြန်ရောက် လာဘဲ ကျောက်တွင်းမှာ အဖေ၏ဆရာဖြစ်ခဲ့သူ ဦးအောင်မိုးဆိုသူပဲ ရောက်လာပါ၏။ သူပြောလို့သာ အဖေ၏ဆရာဟု သိရသည်။ အသက်က တော့ အဖေနှင့်ရွယ်တူလောက်ပါပဲ။

ဦးအောင်မိုးက ကြွယ်ဝအောင်ကို ရှေ့ထားကာ သူ့တပည့် ဦးထက်လူ ကျောက်တွင်းတွင် ငှက်ဖျားမိကာ ဆုံးပါးကွယ်လွန်သွားပြီဖြစ် ကြောင်း ဆရာတော်ဆီမှာ လျှောက်တင်သည်။ မည်သို့မည်ပုံ ငှက်ဖျားမိပြီး ညည်းကဲ့သို့အနေအထားမျိုးနှင့် သေသွားကြောင်း အသေးစိတ် တဖွဲ့တနွဲ့ လျှောက်တင်ခြင်းဖြစ်သည်။ ကျောင်းထိုင်ဆရာတော်က ဒီဘက်ခေတ် အချို့ဘုန်းကြီးတွေလို လောကီကိစ္စတွေ စိတ်ဝင်စားသော ကိုယ်တော်လည်း မဟုတ်သဖြင့် ဘာမှစစ်စစ်ပေါက်ပေါက် ပြန်မမေးချေ။ ဦးထက်လူ သေနေ ရာ၍ သေသွားခြင်းသည် သာသနာကို ထိပါးနှောင့်ယှက်ရာရောက်သည့်ကိစ္စ မဟုတ်၍လည်း ဖြစ်နိုင်သည်။

သို့သော်လည်း . . .

အားကိုးမှီတွယ်စရာ အဖေတစ်ယောက်သာရှိသော ကြွယ်ဝအောင် အတော့ ဝမ်းပန်းတနည်း ငိုကြွေးမိလေတော့၏။ ထိုအခါမှ ဦးအောင်မိုးက သူ့တပည့် (ကြွယ်ဝအောင်၏အဖေ) က အကူအညီတောင်းထားသဖြင့် ကြွယ်ဝအောင်ကို သူခေါ်ပြီး ကျွေးမွေးစောင့်ရှောက်ထားမည်ဟုဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကို ထပ်ကာ လျှောက်တင်လေသည်။ ဆရာတော်ကလည်း
လက်ကလွှတ်ပြွတ်ဟု သဘောမထားဘဲ ကြွယ်ဝအောင်ကို မှာစရာရှိတာ
သေသေချာချာ ဆုံးမမှာကြားပြီး ဦးအောင်မိုးနှင့် ထည့်လိုက်ပါသည်။ သို့
အသက်ဆယ့်သုံးနှစ်အရွယ် ကြွယ်ဝအောင်လည်း ဦးအောင်မိုးအိမ် ရော
လာခဲ့ရလေသည်။

အိမ်ရောက်ပြီး နှစ်ဆယ့်လေးနာရီမပြည့်ခင်မှာပဲ ဦးအောင်မိုး
ဝါ့အိမ်မှာနေလျှင် အလုပ်လုပ်ရမည်ဟုဆိုကာ အလုပ်ခိုင်းလေသည်။ ခြံ
တွင်ကျနေသော သစ်ရွက်ကြွေများနှင့် အမှိုက်များအား လိုက်ကောက်
ခိုင်းခြင်း ဖြစ်၏။

ရှုလက်တောက်ဖြာကျနေသော နေရောင်ပူပူအောက်တွင် သစ်ရွ
ကြွေများကို ကောက်စုနေစဉ်မှာပဲ မပွင့်သေးသည့် ပန်းဖူးလေးတစ်
ယိမ်းဝင့်လာသည်ကို သူ့ရှေ့တွင် မြင်တွေ့လိုက်ရခြင်း ဖြစ်သည်။

"ဟဲ့ . . . နင့်ကို ငါ့ ဖေဖေက အလုပ်လုပ်ဖို့ ခေါ်လာတာဆို"

စကားသံစူးစူးလေးနှင့်အတူ ရွှေရောင်ဖိနပ်လေး စီးစွပ်ထားသော
ခြေဖမိုးဖြူဖြူလေးတစ်စုံကို အရင်တွေ့လိုက်သည်။ ကြွယ်ဝအောင် ခေါ
ကြည့်လိုက်တော့ ပုံပြင်ထဲကလို အဖြူရောင်ဂါဝန်လေးနှင့် သူ့အရွယ် မ
သမီးလေးတစ်ပါးကို အရှင်လတ်လတ် တွေ့လိုက်ရ၏။

ကြွယ်ဝအောင်က ထရပ်ကာ ခေါင်းညိတ်ပြလိုက်ရင်း . . .

"နင့်အဖေက ဦးအောင်မိုးဆိုရင်တော့ နင်ပြောတာ ဟုတ်တယ်
ဒါနဲ့ နင်က . . ."

ကောင်မလေးက မျက်ခုံးလေးနှစ်ဖက် အတွန့်ချိုးလိုက်ပြီးမှ ပြော





ကြိုက်ကာ . . .

"ငါလား . . . ငါက ဦးအောင်မိုးရဲ့သမီး မြူမိုးတဲ့၊ နင်က ငယ်ငယ်
လေးရွယ်နဲ့ အလုပ်လုပ်နေရတယ်နော်"

ထိုစကားကြောင့် ကြွယ်ဝအောင် မသိမသာလေး သိမ်ငယ်သွား
သည်။ သို့သော် အားတင်း၍ ပြန်ပြောလိုက်၏။

"ငါက နင့်လို မချမ်းသာဘူးလေ၊ နင့်လိုလည်း ကံမကောင်းတော့
အလုပ်လုပ်နေရတာပေါ့"

"နင့်နာမည်က"

မြူမိုးက ဘာမှတ်ချက်မှမပေးဘဲ နာမည်ပြန်မေးလာသည်။

"ကြွယ်ဝအောင်"

နာမည်ပြန်ပြောလိုက်ချိန်မှာပဲ မြူမိုးက ဗာဒံစေ့ အခွံကျွတ်လေး
အလွှနှင့် တူလှသည့် ဖြူဖြူညီညီသွားလေးများပေါ်အောင် ရယ်လေတော့
သည်။

ကြွယ်ဝအောင်က နဖူးမှချွေးစလေးများကို သုတ်ကာ မျက်မှောင်
ကြုတ်လိုက်ပြီး . . .

"နင်က ဘာရယ်တာလဲ၊ ငါ့နာမည်မှာ ရယ်စရာပါလို့လား"

မြူမိုးက အရယ်ရပ်လိုက်ပြီး ပြုံးယောင်ယောင် မျက်နှာပေးလေး
ဖြင့် . . .

"ခြော် . . . နင့်နာမည်နဲ့ နင်အလုပ်လုပ်နေရတဲ့ဘဝနဲ့ မအပ်စပ်
လို့ပါ၊ ရယ်မိတာ ဆောရီး"

ဟုတ်တာပေါ့ . . . ဟု ကြွယ်ဝအောင် တွေးမိသည်။ ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"အေး ... နင်ပြောရင်လည်း ပြောစရာပဲ၊ ငါ့အဖေကတော့ ငါ ကြီးလာရင် ချမ်းသာကြွယ်ဝအောင်ဆိုလား၊ ဒီနာမည်ကို ပေးခဲ့တာလို့ ပြော တာပဲ၊ ဒါပေမဲ့ ... ခု ငါ ဆင်းရဲနေတယ်လေ"

ကြွယ်ဝအောင်က အလိုက်သင့် ပြန်ပြောလိုက်သည်။ မြူမိုးက ဒီတစ်ခါလည်း မှတ်ချက်ပြန်မပေးဘဲ တခြားစကားပြန်ပြောလာသည်။

"အင်း ... နင် ငါတို့အိမ်မှာ နေမှာဆိုတော့ ငါနဲ့သူငယ်ချင်းလုပ် ပြီး အတူကစားလို့ရတာပေါ့"

ထိုစကားကြောင့် ကြွယ်ဝအောင် လှစ်ခနဲ ဝမ်းသာသွား၏။ သို့ သော် ထပ်ပြောလာသောစကားကြောင့် အပျော်က ဆန့်တငင်ငင်ဖြစ်သွား ရသည်။

"ဒါပေမဲ့ ... ငါက မနက်ဖြန်ဆိုရင် ငါ့အဘိုးအဘွားတွေရှိတဲ့ နိုင်ငံခြားကို သွားရတော့မှာဟ၊ အဲဒီမှာ ကျောင်းသွားတက်ရမယ်လို့ ဖေဖေ ပြောတယ်"

စိတ်ထဲမှာ နမြောသလို ကြွယ်ဝအောင် ခံစားလိုက်မိသည်။ ချက် ချင်းပဲ စဉ်းစားလိုက်ပြီး ...

"ဟုတ်လား ... ကောင်းတာပေါ့၊ ဒါပေမဲ့ ... ဒီနေ့ တစ်ရက်တော့ နင်နဲ့ငါ သူငယ်ချင်းဖြစ်လို့ရသေးတာပဲလေ၊ ငါ အမှိုက်တွေ ကောက်ပြီးရင် ကစားကြတာပေါ့"

"အေး ... ဟုတ်သားပဲ၊ နင်ပြောတာ ဟုတ်တယ်၊ ဒီနေ့တစ်ရက် နင်နဲ့ငါ သူငယ်ချင်းဖြစ်လို့ ရသေးတာပဲ"

မြူမိုးက ပျော်သွားသောပုံစံလေးနှင့် ပြန်ပြောလာသည်။ ချက်ချင်း





ဝင် ဘယ်လိုတွေးမိသည်မသိ။ သူ့လက်တွင် ပတ်ထားသော အဖြူရောင် ကြိုးလက်ပတ်လေးကိုချွတ်ကာ လှမ်းပေးလာရင်း ...

"ရော့ ... ကြွယ်ဝအောင် ... ဒါက နင်နဲ့ငါ သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်နဲ့ လက်ဆောင်ပေးတာ"

လက်ပတ်ကြိုးလေးကို လှမ်းယူလိုက်ရင်း ကြွယ်ဝအောင် ပြုံးကာ ပြန်ပြောလိုက်ပါ၏။

"အေးပါ ... ငါ နင့်လက်ဆောင်ကို သိမ်းထားပါ့မယ်၊ ခဏနေမှ ကစားမယ်နော်၊ နင် နေရိပ်ထဲမှာ စောင့်နေလေ၊ ဒီမှာ နေပူတယ်ဟ"

"အေး ... ဟုတ်သားပဲ၊ ငါ ဟိုနားက စောင့်နေမယ်နော်"

ထိုအခါမှ နေပူနေသည် သတိထားမိဟန်ဖြင့် တစ်ချက်မော့ကြည့် ကာ မြူမိုး လှည့်ထွက်သွားလေ၏။

ထိုနေ့က မြူမိုးနှင့်အတူ ငယ်ဘဝတစ်ရက်တာ ပျော်ရွှင်စွာ ဆော့ ကစားခဲ့ဖူးပါသည်။

နောက်နေ့ မြူမိုးကို အိမ်တွင်မတွေ့ရတော့။ မြူမိုး ဘွဲ့ရပြီး မြန်မာ ပြည် ပြန်ရောက်လာချိန်အထိ ဖိုလက်ပတ်လေး ကြွယ်ဝအောင်ထံတွင် ရှိနေပါသည်။

သို့သော် ...

မြူမိုးက ငယ်ဘဝက တစ်ရက်တာ အဖြစ်အပျက်လေးနှင့် ကြိုး လက်ပတ်ကလေးအား မမှတ်မိတော့လေပြီ။ ကြွယ်ဝအောင်အဖို့မှာတော့ ငယ်စဉ်ကတည်းက နှစ်မြိုက်စွဲလမ်းခဲ့ရပြီး ခုချိန်ထိ မှတ်မိနေသည့် ပုံပြင် လေးလို တသသ။



www.burmeseclassic.com

www.burmeseclassic.com



တွေးနေရင်းမှာပဲ အိမ်ရှေ့ဆီမှ ကြွယ်ဝအောင်ရေ … ဆိုသည့် မြင့်ဆန်း၏ခေါ်သံကြောင့် အတွေးစတို့က လွင့်ပျယ်ကာ လှဲနေရာမှ ထထိုင်လိုက်မိသည်။

ဒီကောင် အိမ်ကို ဘာကျန်ခဲ့လို့ ပြန်လာတာလဲ။ တွေးရင်း အိမ်ရှေ့ဆီ ထွက်လာခဲ့၏။ မထင်မှတ်ထားသည်ကို မြင်လိုက်ရသောကြောင့် ကြွယ်ဝအောင် မျက်နှံးပင့်လိုက်မိလေသည်။

■

## (၁၆)

အိမ်ရှေ့ရောက်ရောက်ချင်း မြင့်ဆန်းနှင့်အတူပါလာသော ဦးအောင်မိုးကို တွေ့လိုက်ရသဖြင့် အံ့သြသွားသည်ကတော့ အမှန်ပင်။

ကြွယ်ဝအောင်က …

"ဟင် … ဆရာက ဘယ်ကဘယ်လို ပါလာတာလဲ"

မြင့်ဆန်းက ခေါင်းညိတ်လိုက်ရင်း …

"ငါက ရပ်ကွက်ထဲကို ပါစင်ဂျာပို့ဖို့ ပြန်လာတာကွ၊ လမ်းထိပ်ရောက်တော့ အိမ်ကို စုံစမ်းနေတာတွေ့လို့ လှမ်းမေးကြည့်ရင်း မင်းဆရာနဲ့ တွေ့လာတာ၊ မင်းဆရာက မင်းကို ပြန်လာခေါ်တာတဲ့ … ဟော့ကောင်"

စိတ်ထဲ ဒိတ်ခနဲဖြစ်ကာ ဝမ်းသာသွားသော်လည်း ကြွယ်ဝအောင်က မျက်နှာထားခပ်တည်တည်လုပ်လိုက်ရင်း စိတ်ရှုပ်ဟန်ဖြင့် …

"ဟာဗျာ"

ရေရွတ်သံကြောင့် ပြုံးပြုံးကြီးကြည့်နေသော ဦးအောင်မိုး၏



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကြက ကွက်ခနဲပျက်သွားသည်။ ချက်ချင်းပဲ မျှော်လင့်တကြီးအသံဖြင့် . . .

"ဘာဖြစ်လို့လဲ ကြယ်ဝအောင်ရာ . . . ငါလည်း အဲဒီတုန်းက ငါ့သမီးစိတ်နဲ့ ဒေါသရှေ့ထားပြီး အလောတကြီး ပြောလိုက်မိတာပါ၊ ပြန်စဉ်းစားကြည့်တော့ မင်းဟာ ငါ့အိမ်မှာနေတာပဲ ကြာပြီလေကွာ၊ ငါ့အနေနဲ့ မင်းကို ဒီလိုမလုပ်သင့်ဘူးဆိုတာ နားလည်လာတယ်၊ အဲဒါကြောင့် ပြန်လာခေါ်တာပါ၊ ဘာလဲ . . . မင်းက ပြန်မလိုက်ချင်ဘူးလား"

ခပ်တည်တည်မျက်နှာပေးကို ဆက်ကာထိန်းထားရင်း ကြယ်ဝအောင်က . . .

"သိပ်ကောင်းတဲ့ ကမ်းလှမ်းချက်ပဲ ဆရာ၊ ဒါပေမဲ့ . . . ကျွန်တော် စဉ်းစားဦးမယ်"

"ဟော့ကောင်"

မြင့်ဆန်းက သတိပေးသလိုနှင့်လှမ်းခေါ်သည်။ ဦးအောင်မိုးကလည်း . . .

"ဘယ်လောက်ကြာအောင် စဉ်းစားဦးမှာလဲကွာ"

ကြယ်ဝအောင်က တစ်ချက်စဉ်းစားဟန်လုပ်လိုက်ရင်း . . .

"သုံးမိနစ်လောက်တော့ စောင့်ဗျာ"

ပြောပြီး အိမ်ထဲသို့ ချာခနဲ လှည့်ဝင်လိုက်သည်။ မြင့်ဆန်းက လိုက်ဝင်လာရင်း . . .

"ဟော့ကောင် . . . မင်းက ဘာများစဉ်းစားဦးမှာလဲကွ၊ ကိုယ့်အလုပ်ရှင်က တောင်းတောင်းပန်ပန် ပြန်လာခေါ်တာကို"





ကြယ်ဝအောင်က ရယ်လိုက်ပြီး . . .

"ဟဲဟဲ . . . စဉ်းစားဖို့ အချိန်ယူတာ မဟုတ်ပါဘူးကွာ၊ ပစ္စည်းလေးတွေ သိမ်းချင်လို့ သုံးမိနစ်စောင့်လို့ ပြောခဲ့တာဟ"

"ဟာကွာ . . . မင်းကတော့"

မြင့်ဆန်းက ရှုပ်ပွပွပြောလေတော့၏။ ထိုနောက်မှာတော့ ဦးအောင်မိုးကိုယ်တိုင် ပြန်လာခေါ်သဖြင့် မလိုက်ချင့်လိုက်ချင် ပြန်လိုက်လာရသော ပုံစံလေးနှင့် လိုက်လာခဲ့ပါသည်။

အပြန်လမ်းမှာ ဦးအောင်မိုးက ကားမောင်းပြီး ကိုယ်က ဘေးမှ အခန့်သား ထိုင်စီးလာရသောကြောင့် မသိလျှင်ဘဲ ဒရိုင်ဘာအဘိုးကြီးနှင့် သူဌေးသားလိုလို။ ကားမောင်းလာရင်း ဦးအောင်မိုးက သူ့ထံမှ ပြန်ယူထားသောဖုန်းကို ပြန်ပေးလာသည်။

"ရော့ . . . ကြယ်ဝအောင် မင်းဖုန်း။ ဘေလ်ကုန်နေလို့ ငါ . . . ငါး ထောင်ကတ်တစ်ကတ် ထည့်ထားပေးတယ်"

"အကုန်အကျတော့ များတော့မှာပဲ"

ရေရွတ်လိုက်သောကြောင့် ဦးအောင်မိုးမျက်နှာ တစ်ချက်မဲ့သွားပြီး

"ဟော့ကောင် . . . ငါက စေတနာနဲ့ ထည့်ပေးထားတာကွ"

ကြယ်ဝအောင်က ဖုန်းကို လှမ်းမယူသေးဘဲ . . .

"အဲလိုဆိုရင်တော့ ကျေးဇူးပေါ့ဗျာ . . . ဒါပေမဲ့ ဆရာ ခုလိုပဲ ဖုန်းကို ပြန်ယူလိုက်၊ ပြန်ပေးလိုက် ခဏခဏလုပ်နေမယ်ဆိုရင်တော့ ပြန်မယူချင်တော့ဘူးဗျ"

"မင်းကလည်းကွာ . . . ဒီတစ်ခါ ပြန်မယူတော့ပါဘူး မင်းကို



www.burmeseclassic.com

www.burmeseclassic.com



အပိုင်ပေးတာပါ"

ထိုအခါမှ ကြွယ်ဝအောင်က စိတ်ရှင်းဟန်ဖြင့် လှမ်းယူလိုက်ပြီး

"အင်း ... မျက်ခမ်းစုမှာတော့ ကြောက်တယ်ထင်ပါရဲ့"

ရိုတိုတိုပြောလိုက်သောကြောင့် ဦးအောင်မိုးက ပြန်ပြောရန် ဟန်ပြင်လိုက်သေးသည်။ သို့သော်လည်း သူ့ခါးတွင် ချိတ်ထားသော ဟန်းဖုန်းက မြည်လာသဖြင့် ကြွယ်ဝအောင်ကို ပြန်မပြောအားတော့ဘဲ ဖုန်းဖွင့်ကာ ကိုင်လိုက်ရ၏။

"အေး ... ကျော်ကြီးပြော ... ဘာတွေထပ်ဖြစ်လို့လဲ"

တစ်ဖက်က ဘာပြန်ပြောသည်မသိ။ ဦးအောင်မိုး မျက်နှာကြီးက ထိပေါက်သလို ဝမ်းသာသွားဟန်ဖြင့် ...

"ဟာ ... တကယ်ကြီးလား၊ ဒါဆို ပဲဈေးပြန်တက်လို့ အရှုံးပေါ်နေတဲ့ပဲတွေက သိန်းလေးရာလောက် ပြန်မြတ်နေပြီပေါ့၊ အဟေးဟေး ... သိပ်ကောင်းတယ်ကွာ၊ ဒါဆို ... ငါ့လုပ်ရပ်က မှန်သွားပြီပေါ့၊ အေး ... အေး ... ဒါပဲ ကျော်ကြီး"

ဖုန်းပိတ်လိုက်ရင်း ဦးအောင်မိုးက ကျေနပ်ဝမ်းသာသောပုံစံဖြင့် ကြွယ်ဝအောင်ကို တစ်ချက်ငဲ့ကြည့်လိုက်သည်။ သူ့အတွက် လာဘ်ကောင်ဖြစ်သော ကြွယ်ဝအောင်က ပြန်ရောက်လာပြီ မဟုတ်လား။ ဒီလိုပဲ ဖြစ်ရမှာပေါ့ဟု တွေးကာ ကိုယ့်ကိုယ်ကိုယ် အကျေနပ်ကြီး ကျေနပ်သွားမိသည်။

ကြွယ်ဝအောင်ကတော့ ဦးအောင်မိုးစိတ်ထဲ ဘာတွေဖြစ်နေသည်မသိ။ ကားပြတင်းပေါက်မှနေ၍ အပြင်ကို လှမ်းကြည့်နေမိသည်။ သို့သော်လည်း စိတ်ထဲမြင်ယောင်နေမိသည်က မြူမိုး၏မျက်နှာဖူးဖူးလေး။

■



# (၁၇)

ရှော့ပင်းမောတစ်ခုအတွင်းရှိ စားသောက်ဆိုင်သို့ မြူမိုးနှင့်ကြွယ်ဝအောင်တို့ ရောက်နေကြသည်။ ဒီနေ့မှပဲ မြူမိုး ဘာတွေဖြစ်နေသည်မသိ။ ရှော့ပင်စင်တာသို့ခေါ်လာပြီး အဝတ်အစားတွေ ဝယ်ပေးသည်။ ပြီး ... စားသောက်ဆိုင်သို့ ထပ်ခေါ်လာကာ ကျွေးမွေးပြန်၏။

ကြွယ်ဝအောင်စိတ်ထဲ အံ့ဩနေသဖြင့် ...

"မြူမိုး ... နင် ဘာတွေဖြစ်နေတာလဲ၊ ထီတွေ ဘာတွေများပေါက်ထားလို့လား"

မြူမိုးက မျက်ခုံးလေး အသာပင့်လိုက်ရင်း ခေါင်းခါကာ ...

"အာ ... မပေါက်ပါဘူး၊ ထီမှမထိုးတာကို၊ နင်က ဘာဖြစ်လို့မေးတာလဲ"

ကြွယ်ဝအောင်က ရယ်လျက် ...

"မသိဘူးလေ ... ဒီနေ့မှပဲ ထူးထူးဆန်းဆန်း နင် ငါ့ကို အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေလည်း လိုက်ဝယ်ပေးတယ်၊ ခုလည်း ဒီဆိုင်ကိုခေါ်လာပြီး ကျွေး မွေးနေလို့ပါ''

စကားအဆုံးမှာ မြူမိုးက အသံလွင်လွင်လေးနှင့် ရယ်လေတော့သည်။ ပြီးမှ ...

''ဩော် ... အဲဒါကို ထူးဆန်းနေတာလား။ အင်း ... ပြောရရင်တော့ ဒီလိုပဲဟာ၊ နင် ငါတို့အိမ်ကို ပြန်ရောက်လာတာ ဝမ်းသာတယ်၊ ပြီးတော့ ... နင်က ငါ့ရဲ့အခက်အခဲတွေကို ကူညီဖူးတယ်လေ၊ ငါ့ကြောင့်လည်း နဖူးကွဲဖူးတယ်ဆိုတော့ နင့်ကို ပြန်ကျေးဇူးဆပ်တဲ့အနေနဲ့ ဝယ်ပေးတာ''

''အဲလိုလား ... အဲဒါဆိုရင်တော့ ဝယ်ပေးစရာမလိုပါဘူး မြူမိုးရာ၊ နင့်အတွက်ဆိုရင် တတ်နိုင်သလောက် ကာကွယ်ဖို့ဆိုတာက ငါ့အသွေးအသားထဲ ရှိပြီးသားပါ၊ ငါလေ နင့်ရဲ့အခက်အခဲမှန်သမျှ ကူညီပေးချင်တာပဲဟာ၊ အဲဒီအတွက် နင် ဘာမှပြန်လုပ်ပေးစရာမလိုပါဘူး''

မြူမိုးမျက်နှာလေးက မသိမသာ ရှက်ရိပ်သန်းသွားသည်။ ပြီးမှ ဘာကို စဉ်းစားမိသည်မသိ၊ ခပ်ဖွဖွ သက်ပြင်းချလိုက်ပြီး ...

''နင်ကူညီချင်တယ်ဆိုပေမယ့် ကူညီလို့မရတဲ့ အခက်အခဲတွေလည်း ငါ့မှာ ရှိနေသေးတယ်ဟာ''

ပြောရင်းက မြူမိုးက သတိရဟန်ဖြင့် ...

''ဒါနဲ့ ... နင့်ကို ငါ မေးရဦးမယ် ကြွယ်ဝအောင်၊ နင် ငါတို့အိမ်မှာ ခုလို အနေအထားမျိုးနဲ့ နေရတဲ့ဘဝကို မငြီးငွေ့ဘူးလားဟင်၊ ဆိုလိုချင်တာက နင့်ဘဝကို နင် ဒီလောက်နဲ့ပဲ ရောင့်ရဲကျေနပ်နေတာလား





နင့်ဘဝကို ဒီထက်မြင့်မားဖို့, ချမ်းသာဖို့ မကြိုးစားတော့ဘူးလားလို့ မေးတာ''

စကားအဆုံးမှာ ကြွယ်ဝအောင်က ခပ်ပါးပါး ပြုံးလိုက်ရင်း ...

''အမှန်အတိုင်း ပြောရရင်တော့ ပိုက်ဆံချမ်းသာဖို့ထက် စိတ်ချမ်းသာချင်တယ်ဟာ၊ ခုလိုနေနေရတဲ့ ငါ့ဘဝကိုလည်း အတိုင်းအတာတစ်ခုအထိ ကျေနပ်ထားပါတယ်၊ အင်း ... ပိုက်ဆံချမ်းသာလာရင်လည်း ငါ စိတ်ချမ်းသာတာတွေပဲ လုပ်ဖြစ်မယ် ထင်တယ်''

မြူမိုးက ...

''ပြောစမ်းပါဦးဟ ... နင်ချမ်းသာရင် ဘာတွေလုပ်မှာလဲ''

ရယ်လိုက်ရင်း ကြွယ်ဝအောင်က ...

''ငါလား ... မရှိဆင်းရဲတဲ့ကလေးတွေကို ပညာဒါနလုပ်ချင်တယ်ဟာ၊ ပြီးတော့ ... ချမ်းသာလာရင် တစ်ဖက်တစ်လမ်းက မိန်းမယူမယ်''

ထိုစကားကြောင့် မြူမိုး မျက်လုံးလေး ဝိုင်းသွားရင်း ...

''အာ ... နင့်စကားကြီးကလည်း အကောင်းပြောရင်းကနေ ဘယ်ကဘယ်လို မိန်းမယူဖို့ ပါလာရပြန်တာတုန်း''

''ပါရမယ်လေ ... အားလုံးအဆင်ပြေနေမှတော့ မိန်းမယူမှာပေါ့ ငါ အတည်ပြောတာ''

မြူမိုးမျက်နှာက တည်သွားပြီး ပြန်မေးလာသည်။

''ထားပါတော့ ... မိန်းမယူဖို့သာ ပြောနေတာ နင်ယူမယ့် မိန်းမလောင်း ရှိလို့လား''



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပေါ့ . . . နှင်လေ . . . ဟု ခပ်တည်တည်ပြောလိုက်ဖို့ စဉ်းစားလိုက်သေးသည်။

ထိုသို့ပြောလိုက်ပါက မြူမိုး စိတ်ဆိုးသွားမည်မှာ တစ်ရာရာနှုန်းလောက် သေချာနေသဖြင့် . . .

"ဟဲဟဲ . . . ဒီလိုပဲပေါ့ဟာ၊ စိတ်ထဲမှာ ရည်ရွယ်ထားတဲ့ ချစ်သူကတော့ ရှိတာပေါ့၊ ဒါပေမဲ့ . . . ခုအခြေအနေအထားနဲ့ အလှမ်းဝေးလွန်းပါတယ် မြူမိုးရာ"

မြူမိုးက တစ်ချက်စဉ်းစားလိုက်ပြီးမှ ခေါင်းညိတ်လိုက်ရင်း . . .

"အဲဒါကြောင့်ပဲ နှင့်ကို ခုနက မေးတာလေ၊ ဒီဘဝနဲ့ပဲ ရောင့်ရဲစွာ နပ်နေတော့မှာလားလို့၊ နှင့်ဆန္ဒတွေ ပြည့်စုံချင်ရင်တော့ နှင် ထပ်ကြိုးစားရလိမ့်မယ်၊ အဲဒါကို ပြောတာ"

"အေးပါ . . . နှင်ပြောတာကို ငါ နားလည်ပါတယ်"

ထိုသို့ပြောလိုက်ပြီးမှ ကြွယ်ဝအောင်က သတိရဟန်ဖြင့် မေးလိုက်သည်။

"မြူမိုး . . . ငယ်ငယ်တုန်းကလေ နှင်တို့အိမ်ကို ငါ စရောက်သွားတဲ့နေ့ကို မှတ်မိသေးလား၊ နှင်နဲ့ငါတောင် အဲဒီတစ်ရက်က ကစားခဲ့ကြသေးတယ်လေ"

"ရေးတေးတေးပါပဲဟာ . . . နှစ်တွေပဲ ဒီလောက်ကြာနေပြီဟာကို"

မြူမိုး မစဉ်းစားဘဲ ပြီးစလွယ်ဖြေလိုက်မှန်း ကြွယ်ဝအောင် သိလိုက်ပါသည်။ ရင်ထဲမှာ ကျင်ခနဲဖြစ်မိသွားသော်လည်း ထပ်မပြောဘဲ ငြိမ်နေလိုက်ပါ၏။ ထိုအချိန်မှာပဲ မြူမိုးက နာရီကြည့်ရင်း ပြောလိုက်ပါသည်။



"ကဲ . . . စားလို့သောက်လို့လည်း ပြီးပြီဆိုတော့ ပြန်ကြရအောင် ကြွယ်ဝအောင်"

ပြောရင်းပင် မြူမိုးက ကျသင့်ငွေကို ရှင်းရန်အတွက် စိတ်တာလေးလှမ်းခေါ်လိုက်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

နောက်တစ်နေ့တွင်ဖြစ်သည်။ ကြွယ်ဝအောင်အား အပြင်သို့ ကိစ္စတစ်ခု နိုင်းစရာရှိသဖြင့် မြူမိုး လိုက်ရှာမိ၏။ အိမ်ထဲမှာ ဟိုဒီလျှောက်ရှာကြည့်သော်လည်း မတွေ့သောကြောင့် ခြံထဲ ဆင်းကြည့်သည်။ ခြံထဲမှာလည်း ဦးကျောက်ခဲတစ်ယောက်သာ တွေ့သဖြင့် သွားမေးကြည့်လိုက်၏။

"ဦးလေး . . . ကြွယ်ဝအောင်တစ်ယောက်များ တွေ့မိလား၊ သမီးသူ့ကို လိုက်ရှာနေတာ"

ဦးကျောက်ခဲက အလုပ်လုပ်နေရာမှ လှမ်းကြည့်ကာ . . .

"ရှိတယ်လေ သမီးရဲ့၊ ခုနလေးကပဲ . . . သမီးအဖေ လာခေါ်သွားတယ်၊ ပြောစရာရှိလို့ဆိုလား နှစ်ယောက်စလုံး အိမ်ထဲဝင်သွားကြတာပဲ"

စကားအဆုံးမှာ မြူမိုးက ခြံထဲရှိ ကားများရပ်ထားသည့်နေရာသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ဖေဖေ့ကားက ရပ်ထားသောနေရာမှာ ရှိနေသဖြင့် မြူမိုး ခေါင်းညိတ်မိလိုက်ရင်း . . .





"အင်း . . . ဖေဖေ့ရုံးခန်းထဲများ သွားကြလားမသိဘူး"

"ဟုတ်မယ်ထင်တာပဲ သမီးရဲ့၊ ဦးလေးလည်း သေချာတော့ မသိဘူး"

ထပ်ပြောမနေတော့ဘဲ မြူမိုး လှည့်ထွက်လာခဲ့သည်။ အိမ်ထဲသို့ပြန်ဝင်လိုက်ကာ အိမ်အောက်ထပ်၏ထောင့်ကျကျတွင် ရှိနေသော ဖေဖေ့ကိုယ်ပိုင်သန့်ရုံးခန်းဆီသို့ ဆက်လျှောက်လာခဲ့၏။ ဖေဖေက အလုပ်ကိစ္စများနှင့် အရေးကြီးကိစ္စအချို့ကို ထိုရုံးခန်းထဲတွင်သာ လုပ်လေ့ရှိသည် မဟုတ်လား။

ရုံးခန်းနားရောက်တော့ အခန်းတံခါးက မသိမသာလေး ဟ,နေသဖြင့် တွန်းဖွင့်ဝင်သွားရန် မြူမိုး လက်က ဟန်ပြင်လိုက်မိသေးသည်။ သို့သော်လည်း အထဲမှထွက်လာသော စကားသံကြောင့် လက်ကို အသာရုပ်လိုက်မိ၏။ တစ်ဆက်တည်းပဲ မျက်မှောင်ကြုတ်သွားရင်းက အသာရပ်ကာ နားစွင့်လိုက်မိသည်။

"မင်းကို အိမ်ပြန်ခေါ်လာတာဟာ သိပ်သံယောဇဉ်ရှိလို့များ ထင်နေလား ဟေ့ကောင်၊ ငါ့သမီးပြောလို့ ပြန်ခေါ်ထားတာလည်း မဟုတ်ဘူးကွ"

"ဒါ . . . ဒါဆို ဘာဖြစ်လို့ ပြန်ခေါ်တာလဲ ဆရာ၊ ဆရာပဲ နှင်ချလိုက်ပြီးတော့"

ဖေဖေ၏ တဟင်းဟင်းရယ်သံကို ကြားလိုက်ရပြန်သည်။ ဆက်၍

"အကြောင်းကိစ္စရှိလို့ပေါ့ ကြွယ်ဝအောင်ရာ၊ အရင်တုန်းကတော့ ကိစ္စကို မင်းသိသွားရင် ငါ့အိမ်က ထွက်ပြေးသွားမယ် ထင်လို့ မပြောဘဲထားခဲ့တာကွ၊ ငါ့သဘောနဲ့ငါ နှင်ချလိုက်ပြန်ရင်လည်း ငါ့အကြွေးတွေ ဆုံးမှာစိုးလို့ ပြန်ခေါ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဆရာ့အကြွေးတွေ ဟုတ်လား"

"ဟုတ်တယ် . . . တိတိကျကျပြောရရင် မင်းအဖေ မသေခင်နှ တွေမှာ ငါ့ဆီက ပိုက်ဆံတွေ ချေးခဲ့တယ်၊ လောင်းကစားလုပ်ဖို့ဆိုပါတေ ကွာ၊ ဒါပေမဲ့ . . . အကြွေးတွေမဆပ်နိုင်ဘဲ မင်းအဖေ သေသွားခဲ့တယ် မသေခင်မှာ ငါ့ကို မှာခဲ့တယ်၊ အဲဒီပိုက်ဆံတွေအတွက် မင်းကို ဘုန်းကြ ကျောင်းကနေ ခေါ်ပြီး အလုပ်ခိုင်းပါ၊ မင်းရဲ့လုပ်အားနဲ့ အဲဒီအကြွေး ကို နှိမ်ပါလို့ မှာခဲ့တာ၊ အဲဒါကြောင့်ပဲ မင်းကို ငါ ဘုန်းကြီးကျောင်းက ဒီအိမ်ကို အလုပ်လုပ်ဖို့ ခေါ်လာခဲ့တာပေါ့"

နားထောင်နေသော မြူမိုးတစ်ယောက် ပို၍မျက်မှောင်ကြုတ်လို မိသည်။ ကြွယ်ဝအောင်၏မယုံကြည်နိုင်သော အသံက ပြန်ထွက်လာ

"ဟုတ်ကော ဟုတ်လို့လား ဆရာရယ်၊ ဟုတ်ရင်လည်း ကျွန်တေ သိတတ်လာတဲ့အချိန်မှာ ပြောပြဖို့ ကောင်းတာပေါ့ဗျ၊ အကြွေးက ဘ လောက်ရှိလို့လဲ"

"သိန်းခုနစ်ဆယ်နီးပါးလောက် ကျန်သေးတယ် ဟောကောင တောင် မင်းကို ငါ လစာနည်းနည်းပဲ ပေးပြီး ကျန်တဲ့ပိုက်ဆံနဲ့ နှိမ်နှိမ်သွ တာကွ၊ ခုလို ငါ ဒေါသထွက်ပြီး မင်းကို နှင်ချလိုက်ရင် ငါ့အကြွေး ဘယ်တော့မှ ပြန်ရမှာမဟုတ်တော့ဘူး၊ အဲဒါကြောင့် . . . မင်းကို ပြန် လာတာပဲ . . . ရှင်းပြီလား"

ဖေဖေက ကြွယ်ဝအောင်ကို လစာအနည်းငယ်ပဲ ပေးသည် အဲဒါကြောင့်လားဟု မြူမိုး တွေးလိုက်မိသေးသည်။ ကြွယ်ဝအောင်က . . .

"အဲဒီအကြွေးတွေ တကယ်ရှိခဲ့တယ်ဆိုရင်လည်း စာရင်းအ





အကျနဲ့ ပြပါဆရာ၊ အဲလို သက်သေရှိမှ ကျွန်တော် ယုံနိုင်မယ်"

ဖေဖေက ရယ်ပြန်သည်။

"မင်းဘက်က အဲလိုမေးလာမယ်ဆိုတာ ငါ ထင်ထားပြီးသားပါ ကြွယ်ဝအောင်ရာ၊ ငါ့ဆီမှာ မင်းကို သက်သေကောင်းကောင်းပြနိုင်တဲ့ စာရင်း စာအုပ် ရှိပြီးသားပါ၊ ငါ မင်းကို ပြမယ်"

အခန်းထဲမှ ဗီရိုတံခါးဖွင့်သံ ကြားလိုက်ရသဖြင့် မြူမိုး နားထောင် နေရာမှ အသာချောင်းကြည့်လိုက်သည်။ ဖေဖေက နံရံကပ်ဗီရိုထဲမှ စာအုပ်ဟောင်းတစ်အုပ်ကို ထုတ်ယူလိုက်ပြီး ကြွယ်ဝအောင်ကို လှမ်းပေး လိုက်သည်။

"ရော့ ဟောကောင် . . . အဲဒီစာအုပ်ထဲမှာ မင်းအဖေ ဘယ်နေ့က ပိုက်ဆံ ဘယ်လောက်ယူခဲ့တယ်ဆိုတာ နေ့စွဲနဲ့ မှတ်ထားတယ်၊ ပြီးတော့ . . . မင်းရဲ့လစာထဲက တစ်လချင်းကို ဘယ်လောက်ဖြတ်ပြီး နှိမ်ထားတယ် ဆိုတာလည်း စာရင်းရှိတယ်၊ ကြည့်လိုက်"

ကြွယ်ဝအောင်က ဖေဖေ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ စာအုပ်ကို ဖွင့်၍ ကြည့်နေသည်။ အတန်ကြာ လှန်လှောကြည့်လိုက်ပြီးမှ စာအုပ်ကို အသာချထားလိုက်ရင်း . . .

"ကောင်းပါပြီ ဆရာ . . . ဒီစာရင်းကို အမှန်လို့ယူဆပြီး ဆရာ့ ပိုက်ဆံတွေ ကျွန်တော် ပြန်ဆပ်ပါ့မယ်၊ တကယ်ပဲ ကျွန်တော့်အဖေက ဆရာ့ဆီက ယူထားခဲ့တယ်ဆိုလို့ပါ"

ဖေဖေက ခေါင်းညိတ်လိုက်ရင်း . . .

"သိပ်ကောင်းတာပေါ့ကွာ . . . အဖေ့ရဲ့ကိစ္စကို အဖေမရှိတော့ရင်



www.burmeseclassic.com

www.burmeseclassic.com



သွားကပဲ တာဝန်ယူရမှာပေါ့၊ ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ်နော် ...
'... မင်း ဒီပိုက်ဆံတွေကို ဘယ်လိုနည်းနဲ့ ပြန်ဆပ်မယ်တော့ မသိဘူး
... မင်း မှတ်ထားရမှာက ဒီအကြွေးတွေ မကျေမချင်း မင်း ငါ့အိမ်
... ဘယ်ကိုမှထွက်သွားလို့မရဘူးဆိုတာ ခေါင်းထဲထည့်ထားပါ၊ တကယ်
လို့ မင်း လစ်ထွက်သွားမယ်ဆိုရင်တော့ ငါ အမှုဆင်ပြီး ရဲနဲ့ လိုက်ဖမ်းခိုင်း
မှာ သဘောပေါက်လား''

ကျောပေးထားသဖြင့် ကြွယ်ဝအောင်မျက်နှာထား ဘယ်လိုဖြစ်
သွားသည်ကိုတော့ မမြင်ရချေ။ ပြန်ပြောလာသော စကားသံကတော့
ခပ်မှန်မှန်ပဲ ဖြစ်သည်။

"အဲဒီလောက် ခြိမ်းခြောက်စရာမလိုပါဘူး ဆရာ၊ ဆရာ့ပိုက်ဆံ
တွေ ပြန်မပေးနိုင်သရွေ့ ဆရာ့အိမ်မှာပဲနေပြီး အရင်လိုပဲ အလုပ်လုပ်နေ
မှာပါ၊ နောက်ထပ် ဘာပြောစရာရှိနေသေးလဲ ဆရာ''

"မရှိတော့ဘူး . . . မင်း သွားလို့ရပြီ''

ကြွယ်ဝအောင် ချာခနဲ လှည့်ထွက်လာသည်ကို တွေ့လိုက်ရသဖြင့်
မြူမိုး အခန်းဝမှ အမြန်ပြန်လှည့်လာခဲ့သည်။ အိမ်တစ်နေရာမှကွယ်၍
လှမ်းကြည့်လိုက်တော့ စိတ်ပျက်ဟန်ဖြင့် ခေါင်းခါရမ်းကာ ကျောပေးထွက်
သွားသည့် ကြွယ်ဝအောင်ကို လှမ်းမြင်လိုက်ရလေသည်။

မြင်ခဲ့ ကြားခဲ့ရသည်များကို ပြန်စဉ်းစားကြည့်ရင်းက တစ်စုံတစ်ခု
အား အလိုမကျသလို မြူမိုး မျက်ခုံးအတွန့်ချိုးလိုက်မိလေ၏။

အင်း . . .။

■



# (၁၉)

မြို့ထဲ တစ်နေရာသို့သွားရင်းက လမ်းသင့်နေသဖြင့် ဖေဖေ့ကုမ္ပဏီ
သို့ မြူမိုး ဝင်လိုက်သည်။ ကိစ္စတစ်ခုကို ကားမောင်းလာရင်း တွေးမိလာ
သဖြင့် ဝင်မေးခြင်းလည်း ဖြစ်၏။

ကုမ္ပဏီထဲရောက်တော့ ဖေဖေ ရှိလား။ ဘာညာဖြင့် မေးမနေတော့
ဘဲ ရုံးခန်းဆီသို့ တန်းသွားလိုက်သည်။ မရှိလျှင်လည်း ပြန်ရုံပေါ့ဆိုပြီး
တွေးထားရှ်လည်း ဖြစ်သည်။

ရုံးခန်းရှေ့ရောက်တော့ တပည့်တစ်ယောက်ကို ဝမ်းသာအားရ
ပြောနေသည့် ဖေဖေ့အသံကို အခန်းတွင်းမှ ကြားလိုက်ရပြန်၏။

"ငါ တဖြည်းဖြည်းနဲ့ ပိုသတိထားမိလာတယ် ကျော်ကြီးရ
ကြွယ်ဝအောင်ဆိုတဲ့ကောင်က ငါ့အတွက် လာဘ်ကောင်တစ်ကောင်ပဲကွ
ဒီကောင် အိမ်မှာမရှိရင် ငါ စီးပွားကျမှာ သေချာတယ်၊ မင်းပဲ စဉ်းစားကြည့်
လေ . . . ဒီကောင် အိမ်က သုံးလေးရက် ထွက်သွားလိုက်တော့ ပဲတွေ



www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေါ်တယ်၊ အဲ ... ဒီကောင့်ကို ငါ ကားနဲ့ပြန်တင်ခေါ်လာတဲ့အချိန်မှာပဲ ပဲရေးတွေ ပြန်တက်ပြီး ငါမထင်ထားတဲ့ အမြတ်အစွန်းတွေ ပြန်ရလာရော ... အဲလိုကွ"

"အဲဒါဆိုလည်း ဆရာရယ် ... အဲဒီကောင်ကို ဆရာ့အိမ်က ထွက်သွားလို့မရအောင် တစ်နည်းနည်းနဲ့ လုပ်ထားလိုက်ပေါ့ဗျာ"

ဖေဖေက တဟားဟား ရယ်လိုက်ပြီးမှ ...

"မင်းပြောတာ နောက်ကျနေပြီ ကျော်ကြီး၊ ငါ အကွက်ကျကျ စီစဉ်ပြီးပြီ၊ ဒီကောင့်ကို အပြီးချုပ်ထားပြီကွ၊ ဒီကောင် ငါ့အိမ်ကနေ ဘယ်မှ ထွက်သွားလို့ မရတော့ပါဘူး"

ထိုအချိန်မှာပဲ မြူမိုးက ရုံးခန်းတံခါးကို ဆတ်ခနဲ တွန်းဖွင့်ကာ ဝင်သွားလိုက်သည်။ မြူမိုးကို ရုတ်တရက် မြင်လိုက်ရသဖြင့် ဖေဖေ ပါးစပ်ပိတ်ကာ မျက်စိမျက်နှာလည်း ပျက်သွားသည်။ သို့သော်လည်း ချက်ချင်းပင် မျက်နှာအမူအရာကို ပြင်ကာ ရယ်ပြလာရင်း ...

"သြော် ... သမီးပါလား။ အသံမပေး၊ ဘာမပေးနဲ့ ဘယ်အချိန်က ရောက်နေတာလဲ"

မြူမိုးက ခပ်တည်တည်ပုံစံလေးနှင့် ...

"ခုနကမှ ရောက်တာပါ ဖေဖေ၊ ဖေဖေ့ကို မေးစရာလေးတစ်ခု ရှိတာနဲ့ ဝင်လာတာ"

ဖေဖေက အရင်ရယ်လိုက်သည်။ ပြီးမှ ...

"မေးစရာရှိတာများ သမီးရယ် ... ဖေဖေ အိမ်ပြန်လာမှ မေးရင်လည်း ရသားနဲ့"





မြူမိုးက ...

"မဟုတ်ဘူး ဖေဖေ၊ သမီး ခုနကမှ လမ်းမှာ စဉ်းစားမိလို့ပါ၊ အဲဒါ ... ဖေဖေ့ကုမ္ပဏီနားလည်း ရောက်နေတာနဲ့ စိတ်ထဲမှာလည်း သိချင်လာလို့ ဝင်မေးတာပါ"

"သြော် ... အေး ... ပြောလေသမီး၊ အရေးတကြီး ဘာများသိချင်လို့လဲ"

မြူမိုးက ဖေဖေနှင့် မျက်လုံးချင်းဆုံအောင် ကြည့်လိုက်ရင်း ...

"ဒီ...ပါ ဖေဖေ ... ကြွယ်ဝအောင်ကို ဖေဖေ အိမ်ပြန်ခေါ်ထားတာဟာ သမီး ပြောလို့လား၊ ဒါမှမဟုတ် ဖေဖေ့ဟာဖေဖေ ပြန်စဉ်းစားမိပြီး လွန်သွားတယ်ထင်လို့ ပြန်ခေါ်လိုက်တာလား ... အဲဒါလေး သိချင်လို့ပါ"

စကားအဆုံးမှာ ဖေဖေ့မျက်နှာက သိသိသာသာပင် ကွက်ခနဲ ပျက်သွားသည်။ ချက်ချင်းပင် မြူမိုးနှင့် အကြည့်လွှဲကာ မျက်နှာထားကို ပြင်လိုက်ပြီး ...

"သြော် ... အေး ... သမီး ... အဲဒါကလေ ဖေဖေ အမှန်အတိုင်း ပြောရရင်တော့ ..."

စကားကို ဖြတ်ထားလိုက်သေးသဖြင့် ဖေဖေ တစ်ခုခုကို ဝန်ခံတော့မည်လားဟူ၍ ထင်လိုက်မိသေးသည်။ သို့သော် ဖေဖေ ဆက်ပြောလာသည်က မှသားဝါဒ။

"ဖေဖေ သေသေချာချာ ပြန်စဉ်းစားပြီး သံယောဇဉ် ရှိနေသေးလို့ ပြန်ခေါ်တာလည်း ဟုတ်တယ်၊ အဲဒီလိုခေါ်ဖြစ်အောင် သမီး တွန်းအား ပေးတာလည်း ပါတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြူမိုး မသိသာလေး မျက်နှာမဲ့လိုက်မိသည်။ ဖေဖေ မညာနဲ့နော်။ ငရဲကြီးမှာ မကြောက်ဘူးလားဟု မေးရအောင်လည်း သားအဖချင်းမို့ မကောင်းချေ။ မြူမိုး ခေတ္တငြိမ်သွားသည်ကိုကြည့်ကာ ဖေဖေက သံသယ ဝင်ဟန် တူသည်။ အကဲခတ်ကာ ပြန်မေးလာ၏။

"ဒါနဲ့ . . . သမီးက ကြွယ်ဝအောင်ကို အိမ်ပြန်ခေါ်လာတဲ့ကိစ္စကို ဘယ်လိုများ ထင်နေလို့လဲ"

ခပ်သွက်သွက် ခေါင်းခါရင်း မြူမိုး ပြန်ဖြေလိုက်သည်။

"ဟင့်အင်း . . . ဘယ်လိုမှ မထင်ချင်ပါဘူး ဖေဖေ၊ စိတ်ထဲမှာ သိချင်လာလို့ ကြုံတာနဲ့ ဝင်မေးကြည့်တာပါ၊ သမီး သွားတော့မယ်"

ပြောပြီး မြူမိုး လှည့်ထွက်လာခဲ့၏။ ဖေဖေ့ခေါင်းထဲသို့ ပျွက်ဆိတ် အကောင်နှစ်ဆယ်လောက် ဝင်သွားကာ ရှုပ်ရှုပ်ဖြစ်ကျန်ခဲ့မည်ဆိုတာကို လည်း မြူမိုး လှည့်မကြည့်ဘဲ သိနေပါသည်။

■

## (၂၀)

အိမ်သို့ပြန်ရောက်ရောက်ချင်း မြူမိုး လုပ်ဖြစ်သည့်အလုပ်က အိမ် တွင်ရှိသော ဖေဖေ့၏သီးသန့်ရုံးခန်းထဲသို့ ဝင်မွှေကြည့်ခြင်း ဖြစ်လေသည်။ တစ်အိမ်လုံးရှိ အခန်းများ၏သော့အပိုတွေကို သီးသန့်သိမ်းထားသဖြင့် အခန်းထဲဝင်ရန် သိပ်အခက်အခဲတော့ မရှိလှ။

ရုံးခန်းလေးထဲရောက်တော့ နံရံကပ်ဗီရိုကိုဖွင့်ကာ ဖေဖေ ဟို တစ်ရက်က ကြွယ်ဝအောင်ကို ပြခဲ့သည့် အကြွေးစာရင်းဆိုသောစာအုပ်ကို အရင်ကြည့်မိသည်။ အတုလုပ်ထားသည်ဆိုလျှင်တော့ ဖေဖေ့ကို ဒိုးကျ ရမည်ဖြစ်သည်။ ထို့ ကြောင့်လည်း ကြွယ်ဝအောင် ယုံသွားခြင်း ဖြစ်မည်။

မြူမိုးကတော့ သိပ်မယုံလှချေ။ ထို့ကြောင့် ဗီရိုထဲ စိတ်ရှိလက်ရှိ ထပ်ကာ မွှေနှောက်ကြည့်လိုက်၏။ ခြေရာ၊ လက်ရာ မပျက်အောင်လည်း ဂရုစိုက်ရသေးသည်။

နာရီဝက်လောက် စေ့စေ့စပ်စပ် ရှာလိုက်တော့ ဖေဖေ စနစ်တကျ



www.burmeseclassic.com

www.burmeseclassic.com

သိမ်းဆည်းထားသည့် (မသက်ာဖွယ်ရာ) ဒိုင်ယာရီအဟောင်းတစ်အုပ်ကို တွေ့လိုက်ရသည်။

ထိုစာအုပ်ကိုယူကာ ဖွင့်ကြည့်လိုက်စဉ်မှာပဲ စာအုပ်ထဲမှ ဓာတ်ပုံအဟောင်းတစ်ပုံ ထွက်ကျလာသည်။ ဓာတ်ပုံကို ယူကြည့်လိုက်တော့ . . .

ဖေဖေနှင့်တခြားလူတစ်ယောက် အတူရိုက်ထားသောပုံဖြစ်နေသည်။ ဓာတ်ပုံ၏နောက်ကျောကို ကြည့်လိုက်တော့ သူငယ်ချင်းထက်လူနှင့်အတူ . . . ဆိုသည့် စာတန်းနှင့်အတူ ဖေဖေ့လက်မှတ်ကို လွန်ခဲ့သောဆယ့်ငါးနှစ်ခန့်က နေ့စွဲနှင့် တွေ့လိုက်ရသည်။

မြူမိုး အံ့ဩစိတ်နှင့် မျက်မှောင်ကြုတ်မိသွား၏။ သူမ, သိထားသလောက်ဆိုလျှင် ဦးထက်လူဆိုသည်က ကြွယ်ဝအောင်၏အဖေ ဖြစ်သည်။ အံ့ဩမိသည်ကတော့ ဖေဖေက ဦးထက်လူကို သူ့တပည့်ဟု ကြွယ်ဝအောင်အား ပြောထား၏။ ဒီဓာတ်ပုံမှာကျတော့ သူငယ်ချင်း . . . တဲ့။

တစ်ခုခုတော့ တစ်ခုခုပဲ . . . ဟုတွေးကာ ဒိုင်ယာရီစာအုပ်ကို ဖွင့်၍ ဖတ်ကြည့်လိုက်သည်။

စာရွက်ဆယ့်ငါးရွက်လောက် ဖတ်မိချိန်မှာတော့ မြူမိုး ကျော့စ်သောအသွင်နှင့် ခေါင်းတဆတ်ဆတ်ညိတ်မိလိုက်လေသည်။

ထိုသို့ဖြင့် . . .။

■



## (၂၁)

ဒီတစ်ကြိမ်တော့ ချိန်းဆိုထားသည့်ဆိုင်သို့ မြူမိုးက အရင်ကြိုရောက်နေသည်။ တိုင်ပင်စရာရှိသဖြင့် စိတ်စောကာ ကြိုနေရာက်နေခြင်းလည်း ဖြစ်သည်။ ရင်ထဲမှာ ပူနေသဖြင့် ရေသန့်အေးအေးတစ်ဘူးမှာကာ အရင်သောက်နေမိ၏။

မြူမိုးရောက်ပြီး ဆယ့်ငါးမိနစ်လောက်ကြာမှ နီလာနှင့်ခိုင်ခိုင်တို့ရောက်လာကြသည်။ ဘယ်ကနေဘယ်လို အတူချိန်းကာ လာကြသည်မသိ။ နှစ်ယောက်တွဲကြီးရောက်လာခြင်း ဖြစ်သည်။ ဒင်းတို့နှစ်ယောက် ဝင်ထိုင်ထိုင်ချင်းမှာပဲ မြူမိုးက ကြိုပြောထားလိုက်၏။

"နင်တို့နှစ်ယောက်ကို တစ်ခုလောက်တော့ ကြိုတောင်းပန်ထားမယ်နော်၊ ငါ အခု နင်တို့နဲ့ တိုင်ပင်စရာရှိလို့ ချိန်းလိုက်တာ၊ အဲတော့ ငါနဲ့ စကားပြောနေတဲ့အချိန်မှာ နင်တို့ဖုန်းလေးတွေကို Airplane mode ဖြစ်ဖြစ် ခဏလုပ်ထားပေးပါလား။ ငါ အာရုံမနှောက်ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်နှင့်နီလာတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မဲ့လိုက်ကြသည်။ ပြီး ... ချက်ချင်းဆိုသလို နိုင်နိုင်က ဖုန်းကို ပါဝါပိတ်လိုက်ရင်း ...

"ကဲ ... Airplane mode တွေ, Bus modeတွေတော့ လုပ်မနေတော့ဘူး။ ပိတ်ထားလိုက်ပြီ၊ ဟုတ်ပြီလား"

နီလာကလည်း အလားတူ ဖုန်းပိတ်လိုက်ပါသည်။ ရွှဲကြသည် ထင်ပါသည်။ ရပါ၏။ ပြီးမှ ...

"ကဲ ... ဒေါ်မြှူမိုး ... ပြောတော့၊ ဘာအရေးတကြီးကိစ္စ ထပ်ပေါ်လာလို့လဲ"

မြှူမိုးက ...

"ခပ်ရှိုင်းရှိုင်းပြောရရင်တော့ ကိစ္စက ထိပ်ဝရောက်နေပြီဟ"

"ဟဲ့"

နီလာက မျက်လုံးပြူးကာ အာမေဍိတ် တ,လိုက်မိသည်။ နိုင်နိုင်တလည်း လန့်ဟန်ဖြင့် ...

"မြှူမိုးရယ် ... နင့်စကားကြီးကလည်း"

စကားအဆုံးမှာ မြှူမိုးက ရယ်လျက် ...

"ခပ်ရှိုင်းရှိုင်းပြောမယ်လို့ ကြိုပြောထားတယ်လေဟာ ... ပြောရရင် ကိစ္စက တကယ်လည်း အရေးကြီးနေပြီဟ၊ နိုင်နိုင် ... ငါ နင်ပြောသလိုပဲ ငါ အိမ်ထောင်ပြုပြီးမှ ဖေဖေ့ကို သူ့ကိစ္စလုပ်ပါလို့ ကြိုပြောထားတာလေ"

"အေး ... အဲဒါက ခု ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမှာလဲ ... အဲလိုပြောတာဟာ ငါ့မှာ လက်ထပ်ဖို့ ရည်ရွယ်ချက်ထားတဲ့ ချစ်သူရည်းစားမရှိဘဲ သူ့ကိစ္စကို အချိန်ဆွဲထားချင်လို့ ထမင်ပြောထားမှန်း ဖေဖေ သိသွားတယ်ဟ၊ အဲဒါနဲ့ ခု သူ့ဘက်က အကွက်တစ်မျိုး စီစဉ်လာတယ်"

"ဟင် ... ဘယ်လိုအကွက်မျိုးလဲ"

"သူသဘောကျတဲ့လူနဲ့ ငါ့ကို လက်ထပ်ပေးဖို့ စီစဉ်တာလေ၊ ခု အဲလိုလုပ်လာပြန်ပြီ"

နီလာက ရင်ဘတ်ကို လက်နှင့်ဖိလိုက်ပြီး ...

"ဟယ် ... တကယ်ကြီးလား၊ နင့်ကို ဘယ်သူနဲ့ လက်ထပ်ပေးဖို့ စီစဉ်နေတာလဲ"

မြှူမိုးက နှာခေါင်းရှုံ့လိုက်ရင်း ...

"ထုံးစံအတိုင်း သူ့မိတ်ဆွေတစ်ယောက်ရဲ့သားနဲ့ပေါ့ဟာ၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာဆိုလား၊ ခု ခဏပြန်လာတာတဲ့၊ အဲဒီလူနဲ့ပေးစားဖို့ ကြံစည်နေတာ၊ ရှေ့တစ်ပတ်ထဲတောင် အဲဒီလူတို့မိသားစု အိမ်လာလည်မယ်ပြောသံ ကြားသေးတယ်"

"ဟယ် ... အဲဒါဆိုတော့ ဒုက္ခပါပဲ မြှူမိုးရယ်၊ ဒီတစ်ခါတော့ ငါ အကြံမပေးတတ်တော့ဘူးဟ"

နိုင်နိုင် စကားအဆုံးမှာ မြှူမိုးက ပြုံးလိုက်ရင်း ...

"ဟင်း ... ဟင်း ... ဒီတစ်ခါတော့ ငါ စဉ်းစားထားတဲ့ အစီစဉ်တစ်ခု ရှိတယ်ဟ၊ အဲဒီအစီအစဉ်သာ အောင်မြင်ရင် ငါ့အခက်အခဲတွေ ပြေလည်သွားနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဒါနဲ့ ကြွယ်ဝအောင်က ဘယ်ကဘယ်လို ပါလာမြင်တာလဲ"

မြူမိုးက လက်ကာပြရင်း ...

"ပြောမယ်လေ ... ငါ့အစီအစဉ်ကို အကောင်အထည်ဖော်မယ်ဆိုရင် ကြွယ်ဝအောင်ရဲ့အကူအညီကို ယူမှရမှာဟ၊ ပြီးတော့ အဲဒီကိစ္စကလျှို့လျှို့ဝှက်ဝှက်နဲ့ စွန့်စွန့်စားစားလုပ်ရမှာ"

နီလာနှင့်နိုင်နိုင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ စိတ်ဝင်စားဟန်တွေလည်း အသီးသီး ဖြစ်သွားကြ၏။

နိုင်နိုင်က အရင် ...

"အဲဆိုလည်း နင့်ရဲ့အစီအစဉ်ဆိုတာကို ပြောစမ်းပါဟာ၊ ဘယ်လိုမျိုးလဲ"

နီလာကပါ ဝင်၍ ...

"ဟုတ်တယ် ... ငါလည်း သိချင်တယ် မြူမိုး"

မြူမိုးက မျက်နှာထားကို တည်လိုက်ပြီး နှစ်ယောက်စလုံးကိုကြည့်ကာ ...

"ပြောမယ်လေ ... ဒါပေမဲ့ ဒီကိစ္စကိုတော့ နင်တို့ အထူးလျှို့ဝှက်ထားဖို့တော့ လိုလိမ့်မယ်"

"ပြောမှာသာ ပြောစမ်းပါဟာ၊ နင့်ကိစ္စကို ငါတို့ နှစ်ယောက်လွဲပြီး ဘယ်သူမှမသိစေရဘူး"

ခေါင်းညိတ်လိုက်ပြီးမှ မြူမိုးက ...

"ကောင်းပြီလေ ... အဲဆိုလည်း ငါ ပြောပြမယ် ... လာ အနား





လိုက်"

မြူမိုးအပြောကြောင့် နီလာနှင့်နိုင်နိုင်တို့၏ခေါင်းနှစ်လုံး မြူမိုးအနားသို့ ကပ်သွားကြသည်။ မြူမိုးက သူတို့နှစ်ယောက် ကြားနိုင်ရုံ လေသံလေးဖြင့် ခပ်တိုးတိုး ပြောပြလိုက်ပါသည်။

နားထောင်နေကြသော နိုင်နိုင်နှင့်နီလာတို့၏မျက်နှာပေးတွေကအံ့ဩဟန်နှင့်ထိတ်လန့်ဟန်တို့ ရောယှက်သွားကြရင်း စကားအဆုံးမှာ နီလာက အရင် ...

"ဟယ် ... မြူမိုး ... နင် တကယ်ကြီး အဲလိုစီစဉ်တော့မှာလား"

နိုင်နိုင်ကလည်း ဘုရားတ၍ ...

"ဘုရား ... ဘုရား ... မြူမိုးရယ် ... နင်စီစဉ်တာက အကြီးကြီးနော်၊ တစ်ခုခုလွဲရင် အကုန် ရှော့ခ်တက်ကုန်မှာ"

စကားသံတွေအဆုံးမှာတော့ မြူမိုးက လေးနက်သော မျက်နှာထားနှင့် နိုင်နိုင်မာမာ ထပ်ပြောလိုက်ပါသည်။

"ငါ ဆုံးဖြတ်ထားပြီးပြီဟ ... ဖြစ်ချင်တာ ဖြစ်ဟာ၊ အဲဒီအတိုင်းပဲလုပ်မယ်"

■



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

အိမ်ရှေ့မျက်နှာစာအပေါက်တွင်ရပ်ကာ တစ်စုံတစ်ယောက် မျှော်နေသလိုပုံစံနှင့် ဂနာမငြိမ်ဖြစ်နေသော ဦးအောင်မိုးကို ကြည့်ရင်း ကြွယ်ဝအောင် ကားဖုန်သုတ်နေရာမှ မျက်မှောင်ကြုတ်လိုက်မိသည်။

ဒီနေ့ . . . အိမ်ကို ဘယ်သူတွေ လာဖို့ရှိသည်လည်းတော့ ဖင်ကြားခဲညပ်သလို ထိုင်မရ ထမရဖြစ်နေသော ဦးအောင်မိုး၏ပုံစံ ကြည့်ခြင်းအားဖြင့် အရေးကြီးပုံရသည်ဆိုတာလောက်တော့ ကြွယ်ဝအော တွက်ဆမိသည်။

ထို့ကြောင့် ဘာများလုပ်ပေးထားရဦးမလဲဟု သွားမေးရန် ကြံလို ပြီးမှ နေရင်းထိုင်ရင်း ငေါက်ငမ်းခံရမှာကို တွေးမိသဖြင့် အသာငြိမ် ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်သည်။

သိပ်မကြာလိုက်။ အိမ်ခြံဝင်းထဲသို့ ကားအကောင်းစားတစ် မောင်းဝင်လာသည်ကို မြင်လိုက်ရသည်၊ လှမ်းကြည့်နေသော ဦးအောင်မိုး





ျက်နှာလည်း ဝင်းပသွား၏။

ကားလေးက အိမ်ရှေ့ပေါ်တီခုံအောက် တည့်တည့်တွင် ရပ်လိုက် သည်။ ဦးအောင်မိုးက ချက်ချင်းပဲ ပျာယီးပျာယာဟန်ဖြင့် ကြွယ်ဝအောင်ကို ခုန်ကြည့်ရင်း . . .

"ဟေ့ကောင် ကြွယ်ဝအောင် . . . ဧည့်သည်တွေကို ကားတံခါး ဖွင့်ပေးလိုက်ဦး"

ကြွယ်ဝအောင် အလုပ်လုပ်နေရာမှသာ ပြေးသွားကာ ကားနောက် ခန်း၏တံခါးတွေကို ဖွင့်ပေးလိုက်သည်။ ကားထဲမှ သူဌေးလင်မယားနှစ်ဦး ဆင်းလာကြပါသည်။ ဦးအောင်မိုးက အပြုံးနှင့် ဆီးကြိုနှုတ်ဆက်လိုက်ပါ သည်။

"လာ . . . လာ . . . ကိုကျော်မြင့်နဲ့မသီဂီတို့ ကျွန်တော်က မျှော် နေတာဗျ"

"သိတဲ့အတိုင်းပဲ ကိုအောင်မိုးရာ . . . လမ်းတွေပိတ်နေတာနဲ့ နောက်ကျနေတာ"

ဦးအောင်မိုးနှင့်သူဌေးလင်မယားနှစ်ဦး အိမ်ထဲသို့ ဝင်သွားကြသည်။ ကြွယ်ဝအောင်လည်း ရပ်ကြည့်နေရင်းမှ ကိုယ့်အလုပ်ကိုယ် ပြန်လုပ်ရန်ဆို ဦး လှည့်အထွက် . . .

"ဟေ့ကောင် . . . ငါ့ကိုလည်း တံခါးလာဖွင့်ပေးဦးလေကွာ"

အသံက ကားထဲမှ ထွက်လာခြင်းဖြစ်သည်။ ကြွယ်ဝအောင် သေ သေချာချာ ကြည့်လိုက်တော့မှ ကားမောင်းသူနေရာတွင် ထိုင်နေသော သူထံမှ ထွက်လာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝအောင်က ကားတံခါးနားသို့ တိုးသွားကာ ထိုလူကို ...
တင်းတင်းကြည့်လိုက်ပြီး ...

"ဒီမှာ ... ကျုပ်ဆရာပြောတာက ညွှန့်သည်ကို ကားတံခါးဖွင့်
ပေးဖို့ဗျ။ ဒရိုင်ဘာကို ဖွင့်ပေးဖို့မပါဘူး"

"သြော် ... အေး ... အဲလိုလား၊ အဲလိုဆိုရင်လည်း ဆော...
ပဲကွာ"

ပြောရင်း ထိုလူက ကားထဲမှဆင်းရန် တံခါးဖွင့်လိုက်ပြီးမှ သ...
ရဟာန်ဖြင့် ဒိုင်းခနဲမြည်အောင် ပြန်ကာဆွဲပိတ်လိုက်ရင်း ...

"ဟေ့ကောင် ... မင်း ဘာတွေပြောနေတာလဲ၊ ငါက ...
ဆင်းသွားတဲ့ ညွှန့်သည်လင်မယားရဲ့သားကွ၊ ကျော်ဦးဆိုတာ ငါပဲ ...
တံခါးဖွင့်ပေး"

ထိုအခါမှ ကြွယ်ဝအောင်လည်း ပျာပျာသလဲဟန် တမင်လုပ်လိုက်...
ကာ ...

"သြော် ... ဒီလိုလား၊ ဆောရီးဗျာ ... ခင်ဗျားရဲ့ရုပ်ရည်...
သူဌေးသားက ဘယ်လိုမှ အပ်စပ်လို့မရလို့ပါ၊ ကဲ ... ကဲ ... ဖွင့်ပေး...
မယ်ဗျာ ... ဆင်းပါ"

ပြောရင်း ကြွယ်ဝအောင်က ကားတံခါးဖွင့်ပေးလိုက်သည်။ ကား...
ထဲမှ ကျော်ဦးက ရွှေဖလားရောင် ပုဆိုးအသစ်ကြီးနှင့် ဆင်းလာပါသည်။
ကျော်ဦး၏ခြေထောက်နှစ်ဖက် မြေပေါ်ကျပြီးချိန်မှာတော့ ကြွယ်ဝအောင်က
ကားတံခါးပြန်ပိတ်လိုက်၏။

ကျော်ဦးက ကြွယ်ဝအောင်ကို စူးစူးရဲရဲကြည့်ရင်း ...





"ဟေ့ကောင် ... နောက်ဆိုရင် စကားအပြောဆို ဆင်ခြင်ကွ၊
...ဆောက်ချဉ်မဟုတ်ဘူး ... နားလည်လား"

အသားလွတ်ကြီး လာကောနေသည်။ ကြွယ်ဝအောင် ပြန်ပြောရန်
...ပြလိုက်သော်လည်း အိမ်ထဲမှ ဦးအောင်မိုး ထွက်လာသည်ကို မြင်လိုက်
...ဖြင့် ငြိမ်နေလိုက်၏။

ဦးအောင်မိုးက ကျော်ဦးကို လှမ်းကြည့်ကာ ...

"လာလေကွာ မောင်ကျော်ဦး ... မင်း ဝင်မလာသေးလို့ အန်ကယ်
...ကြည့်တာ ဘာလုပ်နေတာလဲ"

ကျော်ဦးက ပြန်ကြည့်ရင်း ...

"လာပါပြီ အန်ကယ်ရာ ... ဒီမှာလေ ... အန်ကယ့်အိမ်က
...လုပ်သမားကို ကြုံတုန်းလေး ဆုံးမ,နေတာဗျ၊ လာပြီ ... လာပြီ"

ပြောပြီး ကျော်ဦးက ရှေ့သို့ ခြေလှမ်းလိုက်၏။ သို့သော်လည်း
...လားရောင်ပုဆိုးအသစ်ကြီးက ကြွယ်ဝအောင် ပြန်ပိတ်လိုက်သော ကား
...ခါးတွင် ညှပ်နေသဖြင့် ကျော်ဦးကို ဆောင့်ဆွဲထားသလိုဖြစ်ကာ ရှေ့သို့
...တ်ထိုးကြီး လဲကျသွားလေသည်။

"ဟာ ... မောင်ကျော်ဦး"

ရေရွတ်ရင်းက ဦးအောင်မိုးအနားသို့ အပြေးရောက်လာသည်။
...ကျော်ဦးက ရုက်ကိုးရုက်ကန်းနှင့် ထရပ်ကာ ပုဆိုးစကို ဆောင့်ဆွဲလိုက်၏။
...ဆိုးက သစ္စာရှိစွာပင် ဗြဲခနဲ ပြဲထွက်သွားလေသည်။

"အဲ"

ကျော်ဦး ဘာလုပ်ရမည်မှန်းမသိဖြစ်သွားရ၏။ ဦးအောင်မိုးက



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ အသာခေါင်းခါလိုက်ပြီး . . .

"ကဲ . . . ဒီအတိုင်းသာ ဝင်လာခဲ့တော့ မောင်ကျော်ဦးရာ၊ ပြန်ဖ အန်ကယ့်ပုဆိုးအဟောင်းလေးတစ်ထည် ဝတ်သွား . . . ဟုတ်ပြီလား"

ကျော်ဦးက မျက်နှာငယ်လေးနှင့် ခေါင်းညိတ်ပြလိုက်ပြီးမှ ကြယ်ဝ အောင်ကို ကောရန် လှမ်းကြည့်လိုက်၏။ သို့သော် ကြယ်ဝအောင်က အ နားတွင် မရှိတော့ချေ။

## (၂၃)

"သမီး . . . ဒါက မောင်ကျော်ဦး၊ ဟိုဘက်က မောင်ကျော်ဦးရဲ့ ဘတွေ၊ ကိုကျော်မြင့်နဲ့မသီဂီ . . . တဲ့၊ ကိုကျော်မြင့်ရေ . . . ဒါကတော့ နှန်တော့်ရဲ့တစ်ဦးတည်းသောသမီး မြူမိုးပဲ"

လူကြီးနှစ်ယောက်က လူကြီးပီသစွာ ပြန်၍ပြုံးပြလာသည်။ သီဂီထံမှ သမီးလေးက အချောလေးပဲဆိုသည့်စကားသံလည်း ထွက် လာချေ။ ရပါသည်။ မြူမိုးလည်း ထို့အတွက် ဘာမှမခံစားရချေ။

သို့သော်လည်း ရှေ့တည့်တည့်မှ လူကတော့ မြူမိုးကို ပြောင် ပြောင်တင်းတင်းပင် ကြည့်လာပြီး . . .

"မြူမိုးတဲ့လား . . . နာမည်လေးက လှလိုက်တာ၊ ကိုယ့်နာမည်က ကျော်ဦးနော်၊ မှတ်ထားပေးဦး။ တွေ့ရတာ ဝမ်းသာတယ်ကွာ"

ပြောရင်း လက်ဆွဲနှုတ်ဆက်ရန် လက်ကို ကမ်းပေးလာသည်။ မြူမိုးကာ မသိချင်အောင် ဆောင်နေလိုက်သဖြင့် ကျော်ဦး ရှက်အမ်းအမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ လက်ကို ပြန်ရုတ်သွား၏။

မြူမိုးက ကျော်ဦးကို မသိကျိုးကျွန်ပြုထားရင်းက လူကြီးနှင့် ယောက်ဆီ ဝေ့ကြည့်လိုက်ပြီး . . .

"တွေ့ရတာ ဝမ်းသာပါတယ်ရှင့်၊ ဦးဦးနဲ့ဒေါ်ဒေါ်တို့ . . . ဖေဖေနဲ့ အေးအေးဆေးဆေး စကားပြောကြဦးနော် . . . သမီး လုပ်စရာလေး ရှိသေးလို့"

တကယ်ဆိုလျှင် ထိုစကားမျိုးက လူကြီးတွေက လူငယ်တွေကို ပြောတာမျိုးပဲ ဗီဒီယိုတွေထဲမှာ ရှိသည်။ ခုတော့ မြူမိုးက ခပ်တည်တည်ပဲ အားမနာ လျှာမကျိုးပြောရင်း ဆတ်ခနဲ ထရပ်လိုက်၏။ ဦးအောင်မိုးက သူ့သမီးကို ခပ်တင်းတင်းလှည့်ကြည့်လိုက်၏။ မြူမိုးက မသိချင်ဟန်ဆောင်ကာ လှည့်ထွက်လာခဲ့၏။

ဖေဖေ တင်းသွားမည်ဆိုတာကို မြူမိုး သိပါသည်။ သို့သော်လည်း ကိုယ်သဘောတူထားသော အစီအစဉ်မဟုတ်၍ ထိုသို့ပြုမူလိုက်ခြင်းသာ ဖြစ်၏။ ပြောရလျှင် သူမဘက်ကလည်း ဖေဖေ့ကို စိတ်ဆိုးပါသည်။

ဦးအောင်မိုးကတော့ ဧည့်သည်တွေကို အားနာဟန်ဖြင့် လှမ်းကြည့်လိုက်ရင်း . . .

"သမီးက အဲလိုပဲ ကိုကျော်မြင့်ရေ၊ တစ်ခါတစ်ခါ အဲလို ကလေးဆန်နေတုန်း"

စကားအဆုံးမှာ ကျော်ဦးက စပ်ဖြဲဖြဲလုပ်ရင်း . . .

"ဟာ . . . ရပါတယ် အန်ကယ်ရဲ့၊ ကျွန်တော်က အဲလို ကလေးဆန်တာမျိုးကိုမှ ပိုကြိုက်တာဗျ . . . ဟဲ ဟဲ"





ကျော်ဦးအပြောကြောင့် ဦးအောင်မိုး နင်တင်တင်ဖြစ်သွားသော်လည်း အသာငြိမ်နေလိုက်သည်။

ထိုအချိန်မှာပဲ ရုတ်တရက်ဆိုသလို ဆူညံမြူးကြွသော နိုင်ငံခြားသီချင်းသံ အကျယ်ကြီး ကြားလိုက်ရသဖြင့် ကျော်ဦးတို့မိသားစုသုံးယောက် ထိုင်နေရာမှ ထခုန်မိမတတ် လန့်ဖျပ်သွားကြသည်။ ကျော်ဦးက ပတ်ဝန်းကျင်ကို ကျိုးတိုးကျားတား လှမ်းကြည့်လိုက်ပြီး . . .

"ဘာဖြစ်တာလဲ အန်ကယ်၊ အဲဒါ . . . ဘာသံကြီးလဲ"

ဦးအောင်မိုးကတော့ သူ့သမီး၏လက်ချက်ဆိုတာကို ရိပ်မိပါသည်။ ထို့ကြောင့် ဘာမှမဖြစ်သလို ဟန်လုပ်ရင်းက . . .

"ဘာမှမဖြစ်ပါဘူး မောင်ကျော်ဦးရ . . . နိုင်ငံခြားသီချင်းသံလေး ကြားတယ်မလား"

ကျော်ဦးက ယောင်နနနှင့် ခေါင်းညိတ်လိုက်ကာ . . .

"ကြားတယ် . . . ကြားတယ်ဗျ၊ အန်ကယ်တို့လမ်းထဲကို အလှူခံဝင်လာလို့ထင်တယ် . . . အဲဒီက ထွက်လာတာများလား"

ဦးအောင်မိုးက ခေါင်းညိတ်လိုက်ရင်း . . .

"မဟုတ်ပါဘူးကွာ . . . အလှူခံဆိုရင် စံပယ်ပန်းသီချင်းတို့ ဒိုးတော့ ဘာလဲ . . . ဟို . . . ပရဟိတအကျိုးတော်ဆောင်ကြီးတွေ . . . ဆိုတဲ့ သီချင်းမျိုးတွေ ဖွင့်မှာပေါ့၊ ခုဟာက အန်ကယ့်သမီး သီချင်း အပေါ်ထပ်ကနေ ဖွင့်တာပါ၊ ခုနကပဲ ပြောတယ်လေ . . . သမီးက ကလေးဆန်ပါတယ်လို့"

ကျော်ဦးက ခေါင်းညိတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... ဟုတ်လား။ ဒါလည်း ကလေးဆန်တာပဲပေါ့နော်"

"ဒါပေါ့ကွ ... ဟဲ ဟဲ"

ဟန်လုပ်ကာ ရယ်ရင်း ဦးအောင်မိုး ပြန်ပြောလိုက်သည်။ စိတ်ဘဲမှာတော့ မိဘမျက်နှာ အိုးမည်းသုတ်လိုက်သည့် သမီးအား နုတ်နုတ်စင်းချင်နေလေပြီ။

ထိုသို့ဖြင့် .... ပေါ့။

■

## (၂၄)

နေရောင်ခြည်ရိုက်ထိုးနေသဖြင့် အင်းယားကန်ရေပြင်သည် ရွှေခြည်၊ ငွေခြည် သန်းနေသည်။ ကောင်းကင်တွင်လည်း လွတ်လပ်စွာ ဝဲပျံနေကြသည့် အမျိုးအမည်မသိ ငှက်များအား တွေ့နေရပြန်၏။ လေတစ်ချက်ခပ်ပြင်းပြင်း သုတ်လိုက်သဖြင့် လှိုင်းကြက်ခွပ်လေးများက ကမ်းစပ်ဆီသို့ အလောတကြီး မေးတင်လာကြသည်။

မြူမိုးက လေတိုက်၍ လွင့်ဝဲနေသော ဆံနွယ်စများကို သိမ်းစုရင်း ကြယ်ဝအောင်ကို ကြည့်လိုက်သည်။ ကြယ်ဝအောင်က ကန်ရေပြင်ဆီသို့ ငေးရီနေဆဲဖြစ်၏။

"ကြယ်ဝအောင်"

မြူမိုးခေါ်သံကြောင့် မိန်းမောငြိမ်ဆိတ်နေသော ကြယ်ဝအောင် ဆတ်ခနဲ တွန့်သွားသည်။

"ဩော် ... အေး ... မြူမိုး ... ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



မြူမိုးက ...

"နင့်ကိုကြည့်ရတာ ကန်ပေါင်ပေါ်ကို မရောက်ဖူးတဲ့သူလိုပဲ၊ ဘာတွေကို ဒီလောက်ကြည့်နေတာလဲ"

အသာပြုံးရင်း ကြွယ်ဝအောင် ပြန်ပြောလိုက်သည်။

"အင်း ... နင်ပြောရင်လည်း ပြောစရာပဲ၊ ငါ ခုမှ ကန်ပေါင်ကို ရောက်ဖူးတာဟ၊ ကားမောင်းရင်း ဖြတ်သွားဖြတ်လာတော့ လှမ်းကြည့်ဖူးပါတယ်၊ ဒါပေမဲ့ ... ဒီနေရာမျိုးက အတွဲတွေမှ တကူးတက လာကြတာ ဆိုတော့ မရောက်ဖြစ်ဖူးလေ"

ထိုစကားကြောင့် မြူမိုးက မျက်စောင်းထိုးလိုက်ရင်း ...

"နင်ကလည်း ပြောတော့မယ် ... တခြား ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်တဲ့သူတွေလည်း လာပါတယ်ဟာ"

"ဘာပဲဖြစ်ဖြစ် ဒီနေရာက သာယာတယ်နော်၊ စိတ်ထဲမှာ ကြည်လင်သွားတာပဲ၊ ငါ့ကို ဒီနေရာ ခေါ်လာတာ ကျေးဇူးပဲ မြူမိုး"

မြူမိုးက သက်ပြင်းချလိုက်ပြီး ...

"အင်း ... နင်ကသာ စိတ်ချမ်းသာနေ၊ ငါတော့ ငါ့အဖေစီစဉ်တဲ့ကိစ္စကြောင့် တော်တော် အာရုံနောက်ပြီး စိတ်ရှုပ်နေတာဟ၊ အဲဒါကြောင့် အသက်ရှူဝမလားဆိုပြီး ဒီကိုလာခဲ့တာ"

စကားအဆုံးမှာ ကြွယ်ဝအောင်က မြူမိုးကို ခပ်တွေတွေ လှမ်းကြည့်လာသည်။ မျက်ဝန်းထဲတွင်လည်း နားလည်သော အရိပ်အယောင်များ ယှက်သိုင်းနေ၏။ သက်ပြင်းငွေ့ငွေ့ချသံနှင့်အတူ ...

"ငါ ကြားပါတယ်ဟာ ... နင့်ကို ဆရာက အိမ်ထောင်ချပေးမလို့ စီစဉ်နေတဲ့ကိစ္စမလား။ နင် အဲဒီကိစ္စအတွက် စိတ်အနှောင့်အယှက်ဖြစ်နေတာဆိုရင်လည်း ငါ ကူညီချင်ပါတယ်၊ ဒါပေမဲ့ ... ငါ့အနေအထားနဲ့ ကူညီလို့မှ မရဘဲဟာ"





မြူမိုးက စကားအဆုံးမှာ ခပ်ဖြည်းဖြည်း ခေါင်းခါလိုက်ပြီး ...

"မဟုတ်သေးဘူး ကြွယ်ဝအောင်၊ နင် ကူညီနိုင်တယ်၊ နင် ကူညီမယ်ဆိုရင် ငါ့အခက်အခဲတောင် မဟုတ်ဘူး၊ နင် အခုကြုံနေရတဲ့ အခက်အခဲတွေလည်း ပြေလည်သွားနိုင်တယ်"

မြူမိုးစကားကြောင့် ကြွယ်ဝအောင် ရုတ်တရက်ကြောင်အမ်းသွားရသည်။ နားမလည်သလို ပြန်ကြည့်လိုက်တော့ မြူမိုးကပဲ ဆက်၍ ...

"ဖေဖေနဲ့ နင့်ကြားက အကြွေးကိစ္စကို ငါ သိထားတယ်"

"ဟင်"

ရှေ့ရှုတ်ရင်းက ကြွယ်ဝအောင် တစ်ခုခုပြန်ပြောရန် ဟန်ပြင်လိုက်သည်။ ပြောမလာခင်မှာပဲ မြူမိုးက ...

"နင်နဲ့ဖေဖေ ရုံးခန်းထဲမှာ စကားပြောနေတာကို မတော်တဆ ကြားခဲ့တာပါ၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့ ငါ ဘာမှတော့ မှတ်ချက်မပေးချင်ဘူး ကြွယ်ဝအောင်၊ ဒါပေမဲ့ ... နင် ငါ့ကိစ္စကို ကူညီမယ်ဆိုရင် နင့်ရဲ့ အခက်အခဲလည်း ပြေလည်သွားလိမ့်မယ်ဆိုတာတော့ အာမခံနိုင်တယ်"

ကြွယ်ဝအောင်က မြူမိုးကို ကြည့်နေရင်းက တစ်ဖက်သို့လှည့်ကာ သေပွတစ်ချက် မှုတ်ထုတ်လိုက်သည်။ ပြီးမှ ခပ်ဖြည်းဖြည်း ပြန်လှည့်လာရင်း စိုက်ကြည့်လျက် ...

"မြူမိုး ... ငါ့ကိစ္စ အဆင်ပြေပြေ၊ မပြေပြေ ကိစ္စမရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . . နင်ပြောသလို နင့်ရဲ့အခက်အခဲအတွက် ငါ ကူညီလို့ရတယ်ဆိုရင် ငါ ကူညီဖို့အသင့်ပဲ၊ ကဲ . . . ပြော . . . ငါ ဘာလုပ်ပေးရမှာလဲ”

မြူမိုးက ကြွယ်ဝအောင်ကို ပြန်ကာစိုက်ကြည့်ရင်း တစ်လုံးချင်း ပြောလိုက်ပါသည်။

“နင် . . . ငါ့ကို ပြန်ပေးဆွဲရမယ်”

“ဘာ”

ကန်ရေပြင်ထဲသို့ ဘယ်သူ ခဲနှင့်ပစ်ပေါက်လိုက်သည်မသိ။ ဝဲဂယက်တစ်ခု ခုံးခုံးမောက်မောက် ထ,သွားလေသည်။

■

## (၂၅)

“အဲဒီတော့ မြူမိုးကို တစ်ယောက်ယောက်က ပြန်ပေးဆွဲထားတဲ့ပုံနဲ့ သူ့အဖေဆီကို အကြောင်းကြားပြီး ငွေတောင်းမယ်၊ ပြီးတော့ . . . မြူမိုးနဲ့မင်းက ဒီတိုက်ခန်းမှာ ခဏရှောင်နေမယ်၊ ဒီလိုလား”

မြင့်ဆန်း ပြန်မေးလာသောစကားကို ကြွယ်ဝအောင်က ခေါင်းညိတ်ပြလိုက်ရင်း . . .

“အေး . . . ဟုတ်တယ်၊ အဲဒီအတိုင်းပဲ မြင့်ဆန်း၊ အဓိက,ကတော့ မြူမိုး ခဏပုန်းနေဖို့ နေရာလိုတာကြောင့် မင်းဆီက အကူအညီတောင်းတာပါ၊ ဖြစ်တယ်မလား”

မြင့်ဆန်းက ခဏစဉ်းစားလိုက်ပြီးမှ ခေါင်းညိတ်လိုက်ရင်း . . .

“ဖြစ်တာတော့ ဖြစ်ပါတယ်ကွာ . . . ဒီတိုက်ခန်းကလည်း ငါ့ကို အပ်ထားခဲ့တာဆိုတော့ နေလို့ရပါတယ်၊ ဒါပေမဲ့ . . . မင်းတို့အစီအစဉ် စိုချ လွဲချော်သွားရင် တိုက်ခန်းပိုင်ရှင် ငါ့သူဌေး အမှုတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပတ်နေမှာစိုးလို့ ... အဲဒါ''

မြင့်ဆန်းစကားမဆုံးခင်မှာပဲ ငြိမ်နေသော မြူမိုးက ဝင်ပြောလိုက်သည်။

''အဲလို အမှုအခင်းဖြစ်စရာတော့ မရှိပါဘူး ကိုမြင့်ဆန်း။ ကျွန်မ စီစဉ်ထားတဲ့ကိစ္စကို ကျွန်မ တာဝန်ယူပါတယ်၊ နေမှာကလည်း သုံးလေးရက်လောက်ပါပဲ၊ ကျွန်မတောင်းတဲ့ငွေကို ဖေဖေ ရှောရှောရှူရှူပေးမှာပါ''

''ငွေက ဘယ်လောက်တောင် တောင်းမလို့လဲ''

''သိန်းတစ်ထောင်''

''ဗျာ''

မြင့်ဆန်း ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။ ကြွယ်ဝအောင်က ဝင်၍ ...

''မလန့်ပါနဲ့ကွာ ... သိန်းတစ်ထောင်ဆိုတဲ့ ငွေက ငါ့ဆရာအတွက် ပါးပါးလေးပါ၊ သူ့သမီးကိုတော့ အဲလောက်ငွေနဲ့ တစ်ခုခုအဖြစ်ခံမှာ မဟုတ်ဘူးကွ''

စကားအဆုံးမှာ မြင့်ဆန်းက သက်ပြင်းချလိုက်သည်။

''အေးလေ ... မင်းတို့ကိစ္စ မင်းတို့ ပိုင်ရင်လည်း ပြီးတာပါပဲကွာ။ ငါ့ဘက်ကလည်း အခြေအနေကြုံကြိုက်လို့ ကူညီခွင့်ရတာလေ''

''ကျေးဇူးတင်ပါတယ်ရှင်''

မြူမိုး၏ကျေးဇူးတင်စကားအဆုံးမှာ ကြွယ်ဝအောင်က ဝင်၍ ...

''ဟေ့ကောင် ... လိုအပ်လာရင် မင်း ကူညီရဦးမယ်နော်၊ ဒါနဲ့ ... ငါမှာထားတဲ့ ဖုန်းကတ်တွေရော ပါလာလား''





ထိုအခါမှ မြင့်ဆန်းက သူ့အိတ်ကပ်ထဲမှ ဖုန်းလိုင်းကတ်တွေကို ထုတ်ပေးလိုက်ပြီး ...

''ပါ,ပါတယ်ကွ၊ ရော့ ... မင်းမှာထားတာ ငါးကတ်နော်၊ ကဲ ... အဲဆိုရင်လည်း ငါ ပြန်တော့မယ်၊ တိုက်ခန်းသော့လည်း ထားခဲ့ပြီ''

ပြောရင်း မြင့်ဆန်းက ပြန်ရန် ထရပ်လိုက်သဖြင့် ကြွယ်ဝအောင်သည်း အခန်းဝထိ လိုက်ပို့ရန် ထရပ်လိုက်ပါသည်။ အခန်းဝရောက်တော့ မြင့်ဆန်းက အောက်သို့ဆင်းရန် ပြင်လိုက်ပြီးမှ ကြွယ်ဝအောင်ကို ပြန်ကြည့်လာပြီး ...

''ဟေ့ကောင် ... မင်း ဒီကောင်မလေးကို ဘာဖြစ်လို့ ကိုယ်ဖိရင်ဖိ ကူညီချင်နေတာလဲဆိုတာ ငါ သိတယ်နော် ... အဆင်ပြေရင် အပိုင်သာ ချပ်ကွာ''

ထိုစကားကြောင့် ကြွယ်ဝအောင် မျက်နှာတစ်ခုလုံး ထူအမ်းသွားပြီး ...

''ဟာ ... ဒီကောင်တော့ ... ငါက ရိုးရိုးသားသား ကူညီတာပါကွ''

ထိုသို့ပြန်ပြောသည်ကိုပင် မြင့်ဆန်းက မကျေနပ်နိုင်သေးဘဲ ဆက်ပြောလာသည်။

''အေးပါကွာ ... မင်းရဲ့ရိုးသားမှုကို ကောင်မလေးတော့ မသိဘူး ထားလို့ဖြစ်တဲ့ ငါတောင် မြင်နေရတယ်''

''အောင်မာ ... ဘာမြင်ရလို့လဲ''

''မင်း အဲကောင်မလေးကို ကြိုက်နေတယ်ဆိုတာလေ သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ပော့ကောင် ... ကိုယ့်ကိုယ်ကိုယ်လည်း အားငယ်ပြီး ညှာမနေနဲ့ဦးကွ"

ပြောပြီး မြင့်ဆန်းက တိုက်ခန်းလှေကားမှ ဆင်းသွားလေသည်။ ကြွယ်ဝအောင် တစ်ချက်ပြုံးလိုက်မိပြီးမှ သက်ပြင်းချကာ တိုက်ခန်းထဲသို့ ပြန်ဝင်လာခဲ့၏။

မြူမိုးက မြင့်ဆန်းယူလာပေးသည့် ဖုန်းလိုင်းကတ်တစ်ခုကို ဟန်း ဆက်အလွတ်တစ်လုံးထဲတွင် ထည့်နေသည်။ တစ်ဆက်တည်းပဲ ငွေဖြည့် ကတ်ကို ခြစ်ကာ ငွေဖြည့်လိုက်၏။

ပြီး ... အနားသို့ရောက်လာသော ကြွယ်ဝအောင်ဆီသို့ ထိုဖုန်းကို လှမ်းပေးလိုက်ကာ ...

"ရော့ ... ကြွယ်ဝအောင် ... အစီအစဉ် စလို့ရပြီ"

ကြွယ်ဝအောင်က ဖုန်းကို လှမ်းယူလိုက်ကာ ခဏစဉ်းစားလိုက် ပြီးမှ နံပါတ်တစ်ခုဆီသို့ နှိပ်၍ ခေါ်ဆိုလိုက်ပါသည်။

■

## (၂၆)

ကုမ္ပဏီရုံးခန်းထဲမှာ ဖြစ်သည်။ ကိုယ့်အလုပ်နှင့်ကိုယ် ဖင်ယားလို့ ...ောင် မကုတ်နိုင်ဖြစ်နေရသည့်ကြားက အကြောင်းမရှိ အကြောင်းရှာကာ ...ကြုံသလို ဝင်လာသည့် ကျော်ဦးအား ဦးအောင်မိုး ဧည့်ခံနေရသေး ...ည်။

ပထမတော့ အာလာပသလ္လာပတွေ ပြောနေခြင်းဖြစ်သော်လည်း ...ပြောနေရင်းမှာပင် ကျော်ဦးက တောင်းဆိုလာလေ၏။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အန်ကယ်ရာ ... ကျွန်တော် ...ခြားမပြန်ခင် မြူမိုးနှင့်စေ့စပ်သွားချင်တယ်၊ ဒါမှမဟုတ် ... လက်ထပ် ... ခေါ်သွားဆိုရင်လည်း ရတယ်၊ အဲဒီတော့ ... ကျွန်တော့်ကိစ္စကို ...တယ် ဘယ်လိုစီစဉ်ပေးမှာလဲ"

အတင်းအကျပ် စီစဉ်နိုင်းသလို ပြောလာသည်မို့ ဦးအောင်မိုး ...ယာသာလေး တင်သွား၏။ ကိုယ့်သမီးက ဒီလောက်တောင် ဈေးပေါ

www.burmeseclassic.com



နေပြီလား။ ခုလို အထက်စီးက ပြောလာတာမျိုးကိုတော့ ဦးအောင်မိုး မနှစ်မြို့ချေ။ မိဘချင်း ခင်မင်နေလို့သာ ကမ်းလှမ်းချက်ကို လက်ခံခဲ့ခြင်းသာ ဖြစ်၏။

ထို့ကြောင့် ဦးအောင်မိုးက ကျော်ဦးကို ခပ်တည်တည်ကြည့်လိုက်ပြီး ...

"ဒီမှာ မောင်ကျော်ဦး ... ငါ့သမီးနဲ့မင်းနဲ့ကိစ္စက လူကြီးတွေ စီစဉ်ထားတာပဲ ရှိသေးတယ်လေကွာ၊ ပြောရရင် ငါ့သမီးဘက်က ခေါင်းမညိတ်သေးဘူးကွ၊ ငါကလည်း သူ့သဘောမပါဘဲ အတင်းအကျပ် မစီစဉ်ချင်ဘူး၊ ဒီတော့ ... ငါ့သမီးရဲ့အဖြေကို မင်း စောင့်၊ မလောနဲ့၊ ပြီးတော့ စကားပြောရင်လည်း နည်းနည်းဆင်ခြင်ပြောကွာ မောင်ကျော်ဦး"

ကျော်ဦး၏မျက်နှာက ကွက်ခနဲပျက်သွားသည်။ သူ့စကား မှားသွားသည်ကို ရိပ်မိလိုက်သဖြင့် ချက်ချင်းပဲ မျက်နှာချိုသွေးလိုက်ပြီး ...

"ဟာ ... အဲလိုသဘောမျိုးမဟုတ်ပါဘူး အန်ကယ်ရယ်၊ ကျွန်တော့်ဘက်ကလည်း အန်ကယ်တို့ ခွင့်ပြုမှ စီစဉ်စရာရှိတာ စီစဉ်မှာပါ၊ မြူမိုးကို ရင်ထဲမှာ မေတ္တာတကယ်ရှိနေတာဆိုတော့ အဲဒီစိတ်နဲ့ စကားပြောလာသွားတာပါ၊ မှားတာရှိရင်လည်း သားတစ်ယောက်လို ပြောဆိုဆုံးမနိုင်ပါတယ် အန်ကယ်"

ကျော်ဦးအပြောကြောင့် နင်တင်တင်ဖြစ်ရသေးတော့၏။ သို့သော်လည်း မိတ်မပျက်ချင်သဖြင့် မျက်နှာထားကို လျော့ချလိုက်ရင်း ...

"အေးပါကွာ ... အန်ကယ့်သမီးကလည်း အန်ကယ်ပြောရင် ရမှာပါ၊ အချိန်လေးတော့ စောင့်ပေါ့၊ ဟုတ်ပြီလား"





ရှိသေးဟန်ဖြင့် ကျော်ဦးက ခေါင်းညိတ်ပြလာသည်။ ထိုအချိန် အသံ ခါးတွင် ချိတ်ထားသောဖုန်းမှ မြည်သံထွက်လာသဖြင့် ဦးအောင်မိုးက ဆက်လာသော ဖုန်းနံပါတ်ကို ကြည့်လိုက်၏။ မိတ်ဆွေတွေထဲမှ မဟုတ်သော နံပါတ်အစိမ်းဖြစ်သည်။

သို့သော်လည်း အလုပ်ကိစ္စ တစ်ခုခုဟုထင်သဖြင့် ဦးအောင်မိုးက

"ဟဲလို ... အောင်မိုးပါ"

တစ်ဖက်မှ ချက်ချင်းပြောမလာသေး။ သို့သော်လည်း ပြောလာသည့်အခါမှာတော့ ထိုစကားသံက နားထဲတွင် ဗုံးတစ်လုံးကွဲသွားသည့်အလား ခံစားလိုက်ရလေသည်။

"ဦးအောင်မိုး ... ကျုပ် လိုရင်းပဲပြောမယ်၊ ခင်ဗျားသမီး မြူမိုးကို ကျုပ်တို့ ပြန်ပေးဆွဲထားတယ်၊ အဲဒီကိစ္စအတွက် ခင်ဗျား သိန်းတစ်ထောင် အပေးအယူလုပ်ရလိမ့်မယ်၊ ရဲတိုင်မယ်ဆိုရင်တော့ ခင်ဗျားသမီးအလောင်းပဲ ပြန်ရလိမ့်မယ်"

ပါးစပ်အဟောင်းသားဖြစ်ကာ နားထောင်နေမိရင်းက ဦးအောင်မိုး ခေါင်းကြီးအကျယ် တုန်လှုပ်ချောက်ချားသွားရသည်။ စိတ်ကို အမြန်စုစည်းပြီး ပြန်မေးလိုက်၏။

"ခဏ ... ခဏ ... လေးပါဗျာ၊ ကျွန်တော့်သမီးကို ဘာမှမလုပ်ပါနဲ့၊ ခင်ဗျားတို့ ပြန်ပေးဆွဲထားရိုးမှန်ရင် သူနဲ့ ခဏလောက် စကားပြောခိုင်းစေ"

တစ်ဖက်မှ ရယ်သံ ခပ်အုပ်အုပ် ထွက်လာသည်၊ ပြီး ... ပြန်ပြောလာသော စကားသံကလည်း အသံကို ဖျက်ပြောနေမှန်း သိသာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ... ခင်ဗျားက မယုံတာလား ဦးအောင်မိုး၊ ကျုပ်တို့က မသေချာဘဲ အလုပ်တစ်ခု မလုပ်ဘူး၊ ဟော့ကောင်တွေ ... ကောင်မလေးကို ခေါ်ခဲ့စမ်း၊ ဒီမှာ သူ့အဖေက စကားပြောမလို့တဲ့"

ဖုန်းထဲမှနေ၍ စားပွဲခုံတွေ ရွှေ့သလိုလို အသံတွေ ကြားနေရ၏။ ခြေသံအချို့ကိုလည်း ကြားလိုက်ရပြီးမှ ...

"ဖေဖေ ... သမီးကို ကယ်ပါဦး ဖေဖေ၊ သမီး အရမ်းကြောက်တာပဲ"

ဦးအောင်မိုးရင်ထဲ ကျင်ခနဲဖြစ်သွားရ၏။ အမောတကော ပြန်မေးလိုက်မိသည်။

"စိတ်အေးအေးထား သမီး၊ သမီး ဘာမှမဖြစ်စေရဘူး၊ ဖေဖေ အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ ဘယ်လိုဖြစ်ရတာလဲ သမီးရယ်"

"သ ... သမီး ... သမီးလည်း အချဉ်တုပ်ဝယ်မယ်ဆိုပြီး လမ်းဘက်ကို လမ်းလျှောက်သွားခဲ့တာ ဖေဖေ၊ အဲဒီမှာပဲ ..."

"ဟာ ... ဒီကောင်မလေး ... လျှာရှည်လိုက်တာ ... ဖုန်းပေးစမ်း"

တစ်ဖက်မှ ရုန်းရင်းဆန်ခတ်ဖြစ်သံတွေ ကြားလိုက်ရပြန်သည်။ ပြီးမှ ...

"ခင်ဗျား ကြားတယ်နော် ဦးအောင်မိုး၊ ဒီတော့ ... ရွေးရမယ့်ရက်ရယ်၊ နေရာနဲ့ အချိန်ရယ်ကို ပြောမယ်၊ ခင်ဗျား သိန်းတစ်ထောင် အဆင်သင့်လုပ်ထားပါ၊ ထပ်ပြောမယ်နော် ... ရဲတိုင်ရင် အလောင်းပဲရမယ်၊ ကျန်တာ နောက်မှထပ်ပြောမယ်ဗျာ ... ဒါပဲ"





တစ်ဖက်မှ ဖုန်းချသွားလေပြီ။ မျက်နှာတစ်ခုလုံး အိုစာသွားရှာ ဦးအောင်မိုး ထိုင်ခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ဦးအောင်မိုးကို ကြည့်နေရင်းက တစ်ခုခုဖြစ်နေပြီဆိုတာကို ကျော်ဦးနားလည်လိုက်သည်။ ထို့ကြောင့် မေးလိုက်၏။

"အန်ကယ် ... အန်ကယ် ... ဘာများဖြစ်လို့လဲဗျာ၊ မြူမိုးနဲ့များ ပတ်သက်နေလား"

ဦးအောင်မိုးက လေပူကြီးတစ်ချက် မှုတ်ချလိုက်ပြီး ...

"အတိအကျပဲ မောင်ကျော်ဦး၊ အန်ကယ့်သမီးကို ပြန်ပေးဆွဲထားကြောင်း ဖုန်းဆက်ပြောတာ"

"ဗျာ"

ရေရွတ်ရင်း လန့်ဖျပ်ကာ ကျော်ဦး ထိုင်နေရာမှ ထရပ်လိုက်မိသည်။ ပြီး ... ဦးအောင်မိုးကိုကြည့်ကာ အရေးကြီးဟန်ဖြင့် ...

"ဟာ ... အန်ကယ် ... ပြန်ပေးဆွဲခံရတယ်ဆိုရင် ဒီလိုနေလို့မရဘူးလေ၊ ရဲတိုင်ရမှာပေါ့၊ ခုပဲ ဖုန်းဆက်"

ပြောရင်း ကျော်ဦးက သူ့ဖုန်းကို ထုတ်လိုက်သည်၊ ဦးအောင်မိုးက ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်ရင်း စိုးရိမ်သောမျက်နှာဖြင့် ကျော်ဦးလက်ထဲမှ ဖုန်းကို လုယူလိုက်၏။

"ဟာ ... အဲလိုတွေ လျှောက်မလုပ်နဲ့ဦး မောင်ကျော်ဦး၊ တော်ကြာ ... ငါ့သမီး တစ်ခုခုဖြစ်သွားပါဦးမယ်ကွာ၊ ဘာလုပ်ရမယ်ဆိုတာ ငါ စဉ်းစားလိုက်ပါဦးမယ်၊ မင်းလုပ်ရမှာက ဒီသတင်းကို ဘယ်ကိုမှ မပေါက်ကြားစေဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောပြီးမှ ဖုန်းကို ပြန်ပေးလိုက်သည်။ ကျော်ဦးလည်း ဖုန်းကို ပြန်သိမ်းရင်း အသာငြိမ်နေလိုက်၏။ လူကသာ ငြိမ်နေလိုက်သော်လည်း ပါးစပ်က အငြိမ်မနေဘဲ ပြောလိုက်သေးသည်။

"တစ်ခုခုစီစဉ်မယ်ဆိုရင်လည်း မြန်မြန်စီစဉ် အန်ကယ်ရေ၊ ကျွန်တော် မြူမိုးကို စိတ်ပူတယ်ဗျ"

"ဟောကောင် . . . ငါက သူ့အဖေပါကွ . . . ငါ သိတယ်"

အော်ငေါက်လိုက်သဖြင့် ကျော်ဦးဖက်ပုကာ ပါးစပ်ရော၊ လူပါ ဝပ်ကျသွားသည်။

ဦးအောင်မိုးက သုံးမိနစ်ခန့် ရုံးခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ စဉ်းစားလိုက်ပြီးမှ ဖုန်းထုတ်ကာ တစ်ကောခေါ်လိုက်သည်။ မရ။ နောက်ဖုန်းနံပါတ်တစ်ခုအား ခေါ်ပြန်သည်။ အဆင်မပြေပြန်ဖြင့် ခေါင်းထပ်ခါလိုက်၏။ နောက်ထပ် နံပါတ်တစ်ခု ထပ်ခေါ်ပြီးချိန်မှာတော့ လိုရင်းကိုပဲ ပြောချလိုက်ပါသည်။

"အေး . . . ကြွယ်ဝအောင် . . . မင်းရောက်တဲ့နေရာကနေ ငါ့ရုံးခန်းကို လာခဲ့ကွာ . . . ဒါပဲ"

■



## (၂၇)

ဦးအောင်မိုး ရုံးခန်းဆီသွားစဉ်တုန်းကတော့ မြူမိုးနှင့်ပတ်သက်ပြီး တစ်ခုခုပြောလိမ့်မည်ဟု ကြွယ်ဝအောင် ထင်ထားသေးသည်။ သို့သော်လည်း ရောက်သွားသည့်အချိန်မှာတော့ ဘာမှမဟုတ်တော့ဘူးဟု ပြောကာ ပြန်လွှတ်လိုက်၏။ ဦးအောင်မိုးကိုကြည့်ကာ စိတ်ထဲ အံ့ဩမိသည်ကတော့ အမှန်ပင်။

သို့သော်လည်း ကိုယ့်ဘက်က လျှာရှည်ပြီး ဘာမှပြောနေစရာ အကြောင်းမရှိသဖြင့် ဟန်မပျက် ပြန်လာခဲ့လိုက်သည်။ သို့နှင့် ညနေပိုင်း ဦးအောင်မိုး အိမ်ပြန်ရောက်တော့မှ သူငယ်ချင်းတစ်ယောက်၏အမေ ဆေးရုံတင်ထားရသဖြင့် သတင်းသွားမေးရန်ဟု အကြောင်းပြကာ ထွက်လာခဲ့၏။ ထိုအချန်ထိလည်း ဦးအောင်မိုးက မြူမိုး၏အကြောင်းကို တစ်ခွန်းမပြောသေးချေ။ ကျိတ်စဉ်းစားနေဟန်ရှိ၏။

အပြင်သို့ရောက်ရောက်ချင်း မြူမိုးအတွက် စားသောက်စရာတွေ



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ရန် သတိရလိုက်၏။ တစ်ရက်လုံး ဘာမှမစားရသဖြင့် မြူမိုးလည်း ဗိုက်ဆာနေလောက်ပြီ။ ထိုတိုက်ခန်းမှာလည်း အိမ်ရှင်တွေက သန့်ရှင်းရေး လုပ်သွားသဖြင့် စားသောက်စရာဆိုလို့ ရေမှလွဲ၍ ဘာမှရှိသည်မဟုတ်။

သို့နှင့် စားသောက်ဆိုင်သို့ဝင်ကာ မြူမိုးအတွက် စားစရာတွေ ပါဆယ်ဝင်ဝယ်လိုက်၏။ အရေးထဲ စားသောက်ဆိုင်ထဲတွင် အရက်သောက် နေကြသော အသိနှစ်ယောက်နှင့် ဆုံနေသဖြင့် ထောဝင်ထိုင်ကာ စကားပြော နေရသေးသည်။ ငနဲနှစ်ကောင်က မူးနေသဖြင့် စကားတော်တော်နှင့် ပြတ် မရ။ ဆိုင်ထဲတွင် နာရီဝက်လောက် ထပ်ကြာသွားသည်။

ဆိုင်အပြင်သို့ရောက်မှ စဉ်းစားမိသဖြင့် ကုန်စုံဆိုင်တစ်ဆိုင်သို့ ဝင်ကာ ကြက်ဥအလုံးနှစ်ဆယ်လောက် ထပ်ဝယ်လိုက်ပါသည်။

■

## (၂၈)

ဗိုက်ဆာလွန်းလှသဖြင့် မြူမိုး၏စိတ်က တိုသည့်အဆင့်ကိုကျော် လွန်ကာ ဒေါသထွက်သည့်အနေအထားသို့ ရောက်နေပြီဖြစ်သည်။ ဗိုက် ဆာလာတိုင်း ရေခဲသေတ္တာထဲမှ ရေကိုသာ ထုတ်သောက်နေရသဖြင့် ဆီးသွားရတာလည်း အကြိမ်ပေါင်းမနည်းပြီ။

တိုက်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ တွေးရင်း ကြွယ်ဝ အောင်ကိုပဲ ဒေါသအမျက်ချောင်းချောင်းထွက်နေမိ၏။ ဒင်း ဖုန်းကို ဆက် တော့လည်း ဖုန်းပိတ်ထားသည်တဲ့လေ။

တကယ်ဆိုလျှင် ဒီတိုက်ခန်းမှာ တစ်ယောက်တည်း ကျန်ခဲ့သော သူမ, ဗိုက်ဆာနေမှာကိုတော့ တွေးမိဖို့ကောင်းသည်ဟု အပြစ်တင်နေမိ၏။ တိုက်ခန်းပေါ်မှ အောက်သို့ဆင်းကာ တစ်ခုခုဝယ်ဖို့ဆိုတာကလည်း တစ်ယောက်ယောက်တွေ့သွားမည်ကို စိုးရိမ်သဖြင့် မဆင်းရဲ။ သို့နှင့် အပေါ်ထပ်မှာ တစ်ယောက်တည်း လူးလိမ့်မတတ် ဒုက္ခခံနေရခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အိမ်သာဆိုလျှင်တော့ ဒီလောက် ဒုက္ခခံနေမည်မဟုတ်။ စဉ်းစားနေမည်မဟုတ်။ အခန်းထဲရှိ ရှိသမျှပစ္စည်းတွေများ ရိုက်ခွဲလျှင်ခွဲ။ ဒါမှမဟုတ် အခန်းထဲမှနေ၍ အကုန်လွှင့်ပစ်လောက်ပြီးပြီ။ ခုတော့ ကိုယ့်အိမ်မဟုတ်သဖြင့် ထိုသို့သောင်းကျန်းချင်စိတ်ကို မနည်းချိုးနှိမ်နေရ၏။

ကြွယ်ဝအောင်ရောက်လာလျှင်တော့ တစ်ခုခုလုပ်ကို လုပ်ပစ်လိုက်ဦးမည်ဟု တေးထားလိုက်သည်။ ဘာလုပ်ရမည်ဆိုတာကိုတော့ တွေးမရသေး။ ဗိုက်ဆာသောအရှိန်ဖြင့် ဒေါသထွက်ကာ တွေးနေမိခြင်းသာ ဖြစ်၏။

ထိုသို့ တရှုးရှုး ဒေါသထွက်ကာ ထိုင်မရ၊ ထမရနှင့် တိုက်ခန်းထဲ လမ်းတွေလျှောက်နေမိသည့်အချိန်မှာပဲ အခန်းတံခါး ဘဲလ်တီးသံကြားလိုက်ရ၏။ တံခါးဆီသို့ အပြေးလေးသွားကာ ဖွင့်ကြည့်လိုက်သည်။

အစားအသောက် ပါဆယ်ထုပ်တွေကို လက်နှစ်ဖက်က ဆွဲထားရင်း ပြုံးတုံ့တုံ့လုပ်နေသော ကြွယ်ဝအောင်ကို တွေ့လိုက်ရသဖြင့် မြူမိုး ဆူဆောင့်ဆောင့် ပြောလိုက်မိ၏။

"ကြွယ်ဝအောင် . . . နင် တော်တော်နေနိုင်တဲ့ကောင်နော်၊ နင့်ဆီ ဖုန်းဆက်တော့လည်း ဖုန်းက ပိတ်ထားသေးတယ်၊ ငါ ဒီမှာ ဗိုက်ဆာလို့ သေတော့မယ်ဟဲ့၊ သိရဲ့လား"

စက်သေနတ်ပစ်သလို တရစပ်ပြောပစ်လိုက်သည်။ ကြွယ်ဝအောင်က မြူမိုးပြောတာကို နားဟန်မရှိဘဲ ရယ်ပြရင်း . . .

"နင် စိတ်တိုနေမယ်ဆိုတာ ငါ သိပါတယ် မြူမိုးရာ၊ ငါလည်း အိမ်ကနေ မနည်း လှည့်ပတ်ထွက်လာရတာဟ၊ ကဲ . . . ရှေ့က ဖယ်ပါဦး"

မြူမိုးက ပိတ်ရပ်ထားသလို ဖြစ်နေသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။





ခပ်တင်းတင်းကြည့်ကာ မြူမိုးလှည့်၍ အိမ်ထဲဝင်သွားတော့မှ ကြွယ်ဝအောင်က လိုက်ဝင်လာ၏။

ထိုအချိန်ထိ မြူမိုး၏ဒေါသက မပြေသေး။

"ကြွယ်ဝအောင် . . . ငါ နင့်ကို တော်တော်စိတ်တိုနေတယ်နော်၊ သူများအိမ်မို့လို့ပေါ့ဟာ . . . ဖြစ်နိုင်ရင် နင့်ကို တစ်ခုခုလုပ်လိုက်ချင်တာ၊ ဘာလုပ်ရမှန်းမသိလို့ . . . တကယ်"

ကြွယ်ဝအောင်က စူပွပွပြောနေသော မြူမိုးကိုကြည့်ကာ ရယ်နေသေးသည်။ မြူမိုးက ကြည့်မရဖြစ်လာသည်မို့ . . .

"ဟဲ့ . . . နင်က ဘာဖြစ်လို့ ဒီလောက်ရယ်နေတာလဲ၊ ငါ ဒေါသထွက်တာကို လှောင်နေတယ်ပေါ့ . . . ဟုတ်လား"

ကြွယ်ဝအောင်က အရယ်ရပ်ရင်း . . .

"မဟုတ်ပါဘူးဟာ . . . ခဏလေး နင်စိတ်ပြေအောင် ငါ ဖန်တီးပေးပါ့မယ်"

ပြောရင်းပင် ကြွယ်ဝအောင်က ဝယ်လာသော ကြက်ဥထုပ်ကို မြူမိုး၏ရှေ့တွင် ချပေးလိုက်၏။ မြူမိုး ကြောင်တောင်တောင် ပြန်ကြည့်နေစဉ်မှာပဲ ကြွယ်ဝအောင်က သူ့ဖုန်းကိုထုတ်ကာ ဖုန်းနှင့် နားကျပ်ကို တွဲဆပ်လိုက်ပြန်သည်။ ထို့နောက် ဖုန်းကို တစ်ချက်နှစ်ချက် ပွတ်ပြီး နားကျပ်လေးကို မြူမိုး၏နားတွင် လာတပ်ပေး၏။

"ဟင်"

နားထဲတွင် ကြားလိုက်ရသော သီချင်းသံကြောင့် မြူမိုး အံ့ဩသွားရသည်။ ထိုသီချင်းက သူမအိမ်တွင် ဒေါသပေါက်ကွဲတိုင်း ပစ္စည်းတွေ


www.burmeseclassic.com

www.burmeseclassic.com



ပစ်ပေါက်ခဲ့ရင် အကျယ်ကြီး ဖွင့်လေ့ရှိသော နိုင်ငံခြားသီချင်း ဖြစ်လေ၏။

ခုလည်း ထိုသီချင်းသံကို နားထဲ ကြားနေရသည်။ ပြီး . . . ကြက်ဥ ထုပ်ကလည်း ရှေ့မှာ။ ကြွယ်ဝအောင် ဘာလုပ်တာလဲဟု ခတွေးကာ ကြည့်လိုက်မိသည်။

ကြွယ်ဝအောင်က မြူမိုးနှင့် ခြေလှမ်းလေးငါးလှမ်းအကွာလောက်သို့ နောက်ဆုတ်ကာ ရပ်လိုက်ရင်း ကြက်ဥထုပ်ကို လက်ညှိုးနှင့် ညွှန်ပြကာ သူ့ကို ကြက်ဥနှင့်ပစ်ဟု အမူအရာဖြင့် လုပ်ပြနေသည်။

ထိုမျှလောက်ဆိုလျှင် မြူမိုး သဘောပေါက်လိုက်လေပြီ။ ထို့ကြောင့် ကြွယ်ဝအောင်ကို ခပ်ငွေငွေကြည့်ရင်း အိတ်ထဲမှ ကြက်ဥတစ်လုံးကို နှိုက်ယူလိုက်၏။ ကြွယ်ဝအောင်က ပစ်လေဆိုသည့်ပုံစံနှင့် မျက်နှာပြောင်ပြ နေသေးသည်။

ထို့နောက်မှာတော့ တိုက်ခန်းထဲ ပတ်ပြေးနေသည့် ကြွယ်ဝအောင်ကို ကြက်ဥတွေနှင့် မြူမိုး ပစ်ပေါက်လေတော့၏။ ထိသည့် ကြက်ဥတထိသလို လွဲသွားသော ကြက်ဥတွေကလည်း နံရံသို့မှန်ကာ တစ်ခန်းလုံး ပေပွကုန်သည်။ ကြွယ်ဝအောင်မျက်နှာနှင့်ကိုယ်ခန္ဓာပေါ်တွင်လည်း ကြက်ဥ အနှစ်အကာဖတ်များက ကပ်ကာ ပေပွလျက်။

စိတ်ရှိလက်ရှိ ပစ်ပေါက်ပြီး ကြက်ဥတွေ ကုန်သွားချိန်မှာတော့ မြူမိုးလည်း စိတ်ဆိုးပြေကာ တဟားဟား ရယ်မိသည်။ စိတ်ထဲမှာ လည်း ကြွယ်ဝအောင်ကို ပိုပြီးခင်တွယ်သွားသလို ခံစားလိုက်မိ၏။ ခံစား ရသည့်အတိုင်း ရင်ထဲမှာ ဖြစ်တည်လာသော စကားတစ်ခွန်းကိုလည်း ပြောလိုက်မိလေသည်။





"ငါ့ကို အချိန်တိုတိုလေးအတွင်း စိတ်ဆိုးပြေအောင်လုပ်နိုင်တာ ကမ္ဘာပေါ်မှာ နင်တစ်ယောက်ပဲ ရှိသေးတယ် ကြွယ်ဝအောင်၊ တကယ်ပြော တာ"

ထိုစကားလေးတစ်ခွန်းနှင့် ကြွယ်ဝအောင်ရင်ထဲ ကြည်နူးလင်းမြူ သွားရသည်က ဆိုဖွယ်ရာမရှိတော့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

ထိုနေ့ညက အတော်လေးညနက်မှ ကြွယ်ဝအောင် ပြန်လာခဲ့သည် တိုက်ခန်းလေးထဲတွင် တစ်ယောက်တည်း အိပ်ကျန်ခဲ့ရမည့် မြူမိုးကိုလည်း ကြောက်မနေရန် မှာထားခဲ့သေး၏။ မြူမိုးကတော့ အသံခပ်တိမ်တိမ် ဖြင့် နေရဲပါသည်ဟု ဆိုသည်။ ဒီအချိန်ကျမှ မနေရဲလို့လည်း မဖြစ် ချေ။

ကြွယ်ဝအောင် အိမ်ပြန်ရောက်သည့်အထိ ဦးအောင်မိုး မအိပ် ည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သမီး ယောက်လုံး ပြန်ပေးဆွဲခံထားရသည်ဆိုမှတော့ သောကများရုံပင်မက ပဋာမြေလူးဖြစ်လို့ပင် ရသည်လေ။

အိမ်ထဲသို့ ဝင်လာသော ကြွယ်ဝအောင်ကို တစ်ချက်လှမ်းကြည့်

"ကြွယ်ဝအောင်"

ခေါ်သံကြောင့် ဆတ်ခနဲရပ်ကာ ပြန်ကြည့်လိုက်သည်။ သူ့





ကြောင်း တိုင်ပင်တော့မည်လားမသိ။ ထိုသို့တွေးလိုက်သော်လည်း အောင်မိုး ပြောလာသည်က တခြား။

"နောက်ကျလှချည်လားကွ ... ဘယ်လိုလဲ ... မင်းသတင်း မေးတဲ့လူနာက သက်သာရဲ့လား"

ခေါင်းခါပြလိုက်ရင်း ...

"မသက်သာပါဘူး ဆရာရယ် ... နေ့လား, ညလားပဲ ခုတောင် ာက်စီဂျင် လိုနေလို့ မနည်းရှာပေးခဲ့ရသေးတယ်၊ အဲဒါကြောင့် နောက် နေတာဗျ"

လိမ်မယ်လိမ်တော့လည်း ဖိဖိစီးစီး ပိုးစိုးပက်စက်ကို လိမ်ပစ် သည်။ ဦးအောင်မိုးက ဘာမှပြန်မပြောသဖြင့် ကြွယ်ဝအောင် ထပ်မေး သည်။

"ဘာခိုင်းစရာရှိသေးလဲ ဆရာ"

ဦးအောင်မိုးမျက်နှာက တစ်ချက်တွေခနဲဖြစ်သွားပြီးမှ ခေါင်းခါ ရင်း ...

"ဟောအေး ... မရှိပါဘူးကွာ၊ မင်းသွားချင် သွားလို့ရပြီ"

ကိုယ်နေသော အခန်းလေးဆီသို့ ပြန်လာရင်းက ကြွယ်ဝအောင် နေမိသေးသည်။ သမီးတစ်ယောက်လုံး ခုလိုဖြစ်နေသည်ကို ဦးအောင် ာဖြစ်လို့ ငြိမ်ဆိတ်နေလဲ၊ အသိမပေးသလဲ။ အတော်အံ့ဩဖို့ကောင်း တော့ အမှန်ပင်။ ပုံစံကြည့်ရသည်မှာ ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ ကြံစည်နေသည်ထင်၏။ ဒါမှမဟုတ် ... ရဲကိုများ အကြောင်းကြား လား။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက အတွေးပေါင်းများစွာနှင့် ကြယ်ဝအောင် အိပ်မပျော်ပါချေ။ မြူမှိုးတစ်ယောက်ကော ကြောက်ကြောက်နှင့် အိပ်မပျော်ရှဲ့လားဟုတွေးရင်း အိပ်ပျော်သွားရ၏။ အိပ်မက်ထဲတွင် မြူမှိုးနှင့်သူ မင်္ဂလာဆောင်ပြီး မြန်မာပြည် အနှံ့ လျှောက်လည်ကြသည်တဲ့လေ။

ကောင်းလေစွ . . .။

■

## (၂၀)

မနက်မိုးလင်းတော့ ဦးအောင်မိုးအနေအထားက ပြောင်းသွားသည်။ ကောင်းကြီးကနေ သမီးဇောနှင့် ရုတ်တရက် လေဖြတ်သွားခြင်းတော့ ဟုတ်။ ခပ်မဆိတ်မျိုသိပ်နေခဲ့သော သူ့သမီးကိစ္စအား၊ ကြယ်ဝအောင် ပြီးကျောက်ခဲကို ခေါ်ကာ အသိပေးလာခြင်းဖြစ်သည်။

သောကို ရင်ဝယ်ပိုက်ထားရသဖြင့် အတော်လေး အိုစာသွားသည့် ဦးအောင်မိုးက သူ့သမီး ပြန်ပေးဆွဲခံရသည့်အကြောင်း တဖွဲ့တနွဲ့ ပြောပြ ရှာ . . .

"အဲဒါပဲကွာ . . . လောလောဆယ် ငါ့အနေနဲ့ကတော့ ပြန်ပေး သမားတွေပြောတဲ့အတိုင်း ရဲမတိုင်ဘဲ ငွေပေးလိုက်ဖို့ စဉ်းစားထားတယ်၊ မင်းတို့ကော ဘယ်လိုစဉ်းစားမိလဲ"

ကြယ်ဇအောင်က ခပ်တည်တည်ဟန်လုပ်ကာ စဉ်းစားလိုက်ရင်း

"ဆရာ . . . ဟိုလေ . . . ငွေပေးပြီး ရွေးတာကတော့ ရွေးပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... ရုပ်ရှင်တွေထဲကလို ရဲကို တိတ်တိတ်လေး အကြောင်းကြားထားပြီး နောက်ကနေ လိုက်လာနိုင်ရင် မကောင်းဘူးလား''

ဦးအောင်မိုးက မင်းနားမလည်ပါဘူးကွာဆိုသည့် ခပ်နှိမ့်နှိမ့်အကြည့်မျိုးနှင့် ကြည့်လာသည်။ ပြီးမှ ...

''မင်း တော်တော်ဉာဏ်တိမ်တဲ့ကောင်ပဲ ကြွယ်ဝအောင်ရား ပြန်ပေးသမားတွေက နားလပိန်တုံးတွေ မဟုတ်ဘူးကွ၊ မဖြစ်ပါဘူး ... တော်ကြာ ငါ့သမီး တစ်ခုခုဖြစ်နေဦးမယ်''

ကြွယ်ဝအောင် ဘာမှပြန်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ ပြန်ပေးသမားတွေက နားလပိန်းတုံးတွေ မဟုတ်ဟုဆိုလာသည်ကို။

ဦးကျော်ခဲက ...

''အဲဒါဆိုရင်တော့ သူတို့တောင်းတဲ့ ငွေပေးပြီး ပြန်ရွေးလိုက်တာ အကောင်းဆုံးပဲလို့ ကျွန်တော် ထင်တယ်၊ တောင်းတဲ့ငွေကလည်း ဆရာ တတ်နိုင်တဲ့ငွေပမာဏ ဖြစ်နေလို့ပါ''

ဦးအောင်မိုးက ခေါင်းညိတ်သည်။

''အင်း ... ကျုပ်လည်း လောလောဆယ် အဲလိုပဲ စဉ်းစားထားတာပဲဗျ၊ ဒါပေမဲ့ ခက်နေတာက သမီးကို ဘယ်နေရာမှာ ဘယ်လိုပုံစံနဲ့ ရွေးရမယ်ဆိုတာ လုံးမပြောသေးဘူး၊ ဒီတော့ ... ဒီနေ့ စတန်းဆိုင် ဖုန်းထိုင်စောင့်ရမယ့်သဘောမှာ ရှိတယ်၊ ခင်ဗျားတို့လည်း ဒီနေ့ ဘယ်မှ မသွားကြနဲ့''

ခင်ဗျားတို့ဟုဆိုခြင်းကြောင့် ကိုယ်လည်း ပါနေပြီမှန်း ကြွယ်ဝအောင် နားလည်လိုက်သည်။ ခေါင်းလည်း ကုတ်လိုက်မိ၏။ မနေ့ညက





မြူမိုး တိုက်ခန်းမှာ အဆင်ပြေရဲ့လား။ ခုလည်း သူ့ကို မျှော်နေရှာမည်။ လောလောဆယ် အနေအထားအရ အိမ်က ထွက်လို့ရမည် မဟုတ်သေး။

ထိုအချိန်မှာပဲ ဖုန်းမြည်သံ ထွက်လာသည်။ ကြွယ်ဝအောင်၏ ဖုန်းမှဖြစ်၏။ အမြန်ဖွင့်ကိုင်လိုက်တော့ တစ်ဖက်မှ လေသံအုပ်အုပ်ဖြင့် ...

''ကြွယ်ဝအောင် ... ငါ မြူမိုးပါ၊ အခြေအနေ ဘယ်လိုလဲ''

စိတ်ထဲမှ ဒိန်းခနဲဖြစ်သွားရပြီး တခြားနေရာသို့သွားကာ ဖုန်းပြောမျိုး ထိုင်ရာမှ ထလိုက်၏။ ဦးအောင်မိုးက သိပ်မသက်သာဟန်ဖြင့် လှမ်းကြည့်သော ...

''ဟော့ကောင် ... ဘယ်ကဖုန်းလဲ''

စပ်ဖြဲဖြဲလေး ရယ်ပြလိုက်ရင်း ကြွယ်ဝအောင်က ...

''ဘာညာရှိရှောင်စမကာလာ ... ဖယားလေးတွေပါဗျာ၊ ဆရာ သိပါတယ်၊ ခဏ ... ခဏ''

ပြောရင်း ခပ်လှမ်းလှမ်းသို့ သွားလိုက်သည်။

''အေး ... မြူမိုးပြော ... ခုနက ဆရာရှေ့မှာမို့လို့''

မြူမိုးက ...

''နင် ငါ့ဆီ မလာသေးဘူးလားဟာ ... ငါ ညကလည်း ကြောက်တာနဲ့ ကောင်းကောင်းအိပ်မပျော်ဘူး၊ ဒါနဲ့ အခြေအနေက ဘယ်လိုလဲ''

ကြွယ်ဝအောင်က ဦးအောင်မိုး၏လတ်တလောသဘောထားကို အရင်ပြောပြလိုက်သည်။ အနေအထားကောင်းသည်ပေါ့။ ရဲမတိုင်ဘဲ ငွေနဲ့ စီစဉ်နေသည်ပေါ့။ ပြန်ပေးသမားရဲ့ဖုန်းကို စောင့်နေသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

စကားအဆုံးမှာ မြှုမိုးက ...

"အဲဒီလည်း သူ့ဆီ ဖုန်းပြန်ဆက်ဖို့က နင် ဒီကိုလာမှဖြစ်မှာပေ

"ဟုတ်ပါတယ် ... ငါ ထွက်လို့ရတာနဲ့ လာခဲ့ပါ့မယ်၊ ခုထေ

... မလွယ်သေးဘူးဟာ"

"အမြန်ဆုံးတော့ လာခဲ့နော်"

အသံလေးက ကိုယ့်ကို အားကိုးသံလေးပေါက်နေသဖြင့် စိတ်

ကျလိကျလိဖြစ်သွားရပြီး ...

"ဘာလဲ ... နင် ငါ့ကို လွမ်းနေလို့လား"

တစ်ဖက်မှ မြှုမိုး ကြောင်သွားဟန်တူသည်။ ခေတ္တ စကားမ

ဘဲ ငြိမ်သွားပြီးမှ အသံစာစာလေးဖြင့် ...

"ကောင်စုတ် ... ပေါက်ကရပြောမနေနဲ့ မြန်မြန်လာခဲ့ ...

ဖုန်းချသွားသည်။ သို့သော် အသံက စိတ်ဆိုးသံမဟုတ်။ စိတ်

ကျေနပ်သွားရင်း ဧည့်ခန်းဆီသို့ ပြန်ရန် တစ်ဖက်သို့ လှည့်လိုက်သည်

"ဟာ"

ခြေလှမ်းလေးငါးလှမ်းစာလောက်အကွာတွင် ရပ်ကာ စိုက်ကြ

နေသော ဦးကျောက်ခဲကို ရုတ်တရက် တွေ့လိုက်ရသဖြင့် ကြွယ်ဝအော

လန့်သွားရ၏။ ဖုန်းပြောနေတာများ ကြားသွားပြီလား။

ကြွယ်ဝအောင်က စိုးရိမ်မကင်းဟန်လေးဖြင့် ကြည့်ကာ ...

"ဦးလေးကျောက်ခဲ ... ဟွာလေ"

ဘာမှပင် မပြောရသေး။ ဦးကျောက်ခဲ ဝင့်ခနဲ ပြုံးလိုက်ရ

ခေါင်းတဆတ်ဆတ်ညိတ်ကာ ...



"ဘာပဲလုပ်လုပ် စေ့စေ့စပ်စပ် သေသေချာချာလေးတော့ လုပ်ပေါ့

ကောင်လေးရာ၊ မင်းဆရာက ခေတ်မကောင်းလို့ ရှုးချင်ယောင်ဆောင်နေ

တာကွ၊ ခေတ်ပျက်လို့ ရှူးသွားရင်တောင် အရှူးပါးကြီးဖြစ်မှာ၊ အဲတော့

သတိလေးတော့ ကပ်ထား"

ထိုသို့သာ ပြောပြီး ချာခနဲလှည့်ထွက်သွားလေသည်။ ရုတ်တရက်

ဘာပြန်ပြောရမည်မှန်းမသိဘဲ ကျန်နေခဲ့ရ၏။ ဒီလောက်ဆိုလျှင် ဦးကျောက်

ခဲ ရိပ်မိသွားပြီမှန်း သဘောပေါက်လိုက်သည်။ သို့သော် ပြဿနာမရှိချေ။

ဧည့်ခန်းသို့ ပြန်ရောက်ရောက်ချင်း မနုတ်တတ်သည့် ကြောင်ရည်

နှုန်လေးလို အသာငြိမ်ကုတ်ကာ ထိုင်နေလိုက်သည်။ အပြင်သို့ မည်သို့မည်သို့

လှည့်ပတ်ထွက်ရမည် ဉာဏ်နီဉာဏ်နက်ပင်မကဘဲ ဉာဏ်ကာလာစုံသုံးကာ

စဉ်းစားနေလိုက်၏။

စဉ်းစားရင်းပင် ဆိုဖာခုံပေါ်၌ သက်သောင့်သက်သာ နောက်လှန်

မှီလိုက်ရင်း သန်းဝေမိလိုက်သည်။

သောက်ရေးထဲ ... အိပ်ချင်လာပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

မည်မျှကြာအောင် အိပ်မောကျသွားသည်မသိ။ မျက်ခနဲနိုးလာ ချိန်မှာ ဆတ်ခနဲ နာရီကြည့်လိုက်မိသည်။ ဟာခနဲ ဖြစ်သွားရင်း ဝုန်းခနဲ ထရပ်လိုက်မိ၏။

ညနေလေးနာရီကျော်နေပြီ။ ဦးအောင်မိုးကတော့ မညောင်းသော အာရုံနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေဆဲဖြစ်၏။

ကြွယ်ဝအောင်က အမောတကောလေသံဖြင့် ...

"ဆရာ ... အခြေအနေဘာထူးလဲ၊ ဟိုဘက်က ဖုန်းဘာညာ လာသေးလား"

ဆတ်ခနဲ တင်းတင်းကြည့်လာသည်။

"မလာဘူးကွ ... မင်းကွာ အိပ်နေလိုက်တာများ ဆင်အော်တောင် နိုးမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ ... ဆင် ... အာ ... ဆရာရယ် ညက ဆေးရုံသွား





စောင့်လိုက်တာနဲ့ ပင်ပန်းသွားလို့ပါ"

ပြောရင်းပင် တရေးနိုးသော် အကြပေါ်ဆိုသလို ညတ်တော်ရှာ ထင်းခနဲ ပွင့်ထွက်လာသည်။

ထို့ကြောင့် ချက်ချင်းပဲ အရေးကြီးဟန်လုပ်၍ ...

"ဆရာပြောမှပဲ သတိရတော့တယ် ... ကျွန်တော့်သူငယ်ချင်းဆီ လှနာသတင်းမေးဦးမှပဲ"

ချက်ချင်းပင် ဖုန်းထုတ်ကာ မြင့်ဆန်းဆီသို့ ခေါ်လိုက်သည်။ ဖုန်းဝင်သွားတော့ မြင့်ဆန်းက ...

"ဟော့ကောင် ... အခြေအနေ ဘယ်လိုလဲ၊ တိုင်ပင်ရအောင် ဖုံးအိမ် ထွက်လာခဲ့ပါလား"

စကားအဆုံးမှာပင် ကြွယ်ဝအောင်က သူ့မျက်နှာကို အကြီး အကျယ် ဟန်လုပ်၍ မျက်ပစ်လိုက်ရင်း ...

"ဘာ ... မင်းအမေဆုံးသွားပြီ ဟုတ်လား။ ဟာကွာ ... အဲဒါကို မင်းက ဖုန်းမဆက်ဘူး။ ငါ ခုပဲ လာခဲ့မယ်၊ အေးပါ ညအိပ်ပေးပါ့မယ်။ ဒါပဲ ... ဒါပဲ၊ လာပြီ ဟော့ကောင်"

ဖုန်းချအပြီး တစ်ချက်အကဲခတ်လိုက်တော့ ဦးအောင်မိုးက ကြည့် နေသည်မို့ ...

"ကြားတဲ့အတိုင်းပဲ ဆရာရေ၊ ကျွန်တော့်သူငယ်ချင်းအမေတော့ ဆုံးသွားပြီဗျ၊ ဒီရက်ပိုင်း ကျွန်တော် နာရေးသွားစောင့်ပေးရလိမ့်မယ်"

ဦးအောင်မိုးက သဘောမတူချင်ဟန်ပုံစံကို ရအောင်လုပ်လိုက်ပြီး မှ ...



www.burmeseclassic.com

www.burmeseclassic.com

"နာရေးဆိုတော့လည်း သွားပေါ့ကွာ၊ ဟော့ကောင် ... နေခင်းပိုင်းတွေတော့ အိမ်ပြန်လာခဲ့နော်၊ အိမ်ကကိစ္စကလည်း အရေးကြီးတယ်"

လေးလေးနက်နက် ခေါင်းညိတ်လိုက်ရင်း ...

"သိပါတယ် ဆရာ ... မြို့မိုးကိစ္စအတွက်လည်း ဘာဖြစ်ဖြစ်ကျွန်တော် လုပ်မှာပါ၊ ခုတော့ လစ်လိုက်ဦးမယ်"

ဖောင်းက လွှတ်လိုက်သည့် မြင်းကဲ့သို့ မြူးတူးခုန်ပေါက်စွာထွက်လာခဲ့သည်။ မြင့်ဆန်းအိမ်သို့ အရင်သွားလိုက်၏။ ရောက်ရောက်ချင်းမြင့်ဆန်းက ဆီးကောလေသည်။

"မင်းကွာ ... သေပြီသား ငါ့အမေကို တစ်ခါ ထပ်သေခိုင်းရတယ်လို့"

ကြွယ်ဝအောင်က အားနာဟန်ဖြင့် ...

"အရေးပေါ် ပြောလိုက်တာပါကွာ၊ အဲဒါမှလည်း ငါ ညဘက်ထွက်လို့ရမှာပေါ့"

မြင့်ဆန်းက ...

"ပြဿနာတော့ မရှိပါဘူးကွာ ... လာ ... သွားရအောင်"

"ဟော ... ဘယ်ကိုလဲ"

"ဘီယာဆိုင်"



(၃၂)

အခြေအနေအားလုံးကို ပြောပြပြီးချိန်မှာတော့ မြင့်ဆန်းက ခေါင်းကို အရသာခံညိတ်ရင်း ဘီယာခွက်အား ဆတ်ခနဲ မော့ချလိုက်သည်။ ကြွယ်ဝအောင်ကတော့ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ဘီယာမသောက်ဖြစ်။

"အင်း ... မင်းပြောတဲ့အတိုင်းဆိုရင်တော့ အနေအထားကရှေ့ငါးပဲကွ၊ အားလုံးအဆင်ပြေသွားမယ့်သဘော ရှိတယ်၊ နိုင်ငံတော်ရဲ့ကျေးဇူးတွေပေါ့ကွာ"

ထိုစကားကြောင့် ကြွယ်ဝအောင် ကြောင်တက်တက်ဖြစ်သွားရင်း

"ဟာ ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ ... ခု နိုင်ငံတော်က ဆက်သွယ်ရေးအဆင်ပြေအောင် မူရင်းဈေး ဆယ့်ငါးသိန်းခွဲ၊ မှောင်ခိုဈေး သိန်းလေးဆယ်လောက်ပေါက်ခဲ့တဲ့ ဖုန်းလိုင်းတွေကို တစ်ထောင့်ငါးရာနဲ့ ရောင်းပေးနေတယ်လေ။ အဲလို ဈေးပေါပေါနဲ့ ဖုန်းဝယ်လို့ရလို့လည်း မင်းတို့ ခုလို ဖုန်းဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ငွေတောင်းနိုင်တာပေါ့ ... မဟုတ်ဘူးလား''

ကြွယ်ဝအောင်က မျက်နှာမဲ့လိုက်ရင်း ...

''မင်းစကားကလည်းကွာ ... နိုင်ငံနဲ့ယှဉ်ပြီး ကျယ်ပြန့်လိုက်တာ အဲဒါထားဦး ... ငွေပေးငွေယူလုပ်တဲ့နေ့ကျရင် ငါ မင်းအကူအညီ လိုတယ် နော် ဟေ့ကောင်''

ခေါင်းညိတ်ရင်း မြင့်ဆန်းက ...

''ငါ သိပါတယ်၊ မင်း ဘာပြောပြော ငါ လုပ်ပေးမယ်၊ ဟုတ်ပြီ လား။ ဒါနဲ့ ... ဒီနေ့ည မင်း ဟိုတိုက်ခန်းမှာပဲ အိပ်မှာပေါ့''

ကြွယ်ဝအောင် အနည်းငယ် အနေရခက်သွားရင်း ...

''အေး ... မြူမိုးလည်း ရှစ်ယောက်တည်း မအိပ်ရဲဘူးဆိုတော့ သွားအိပ်ပေးရမှာပေါ့''

စကားအဆုံးမှာ မြင့်ဆန်း၏မျက်လုံးက အရောင်တောက်သွားရင်း ဘီယာခွက်ကို ခပ်တင်းတင်းကိုင်ကာ မော့ချလိုက်ပြီး ...

''မထူးပါဘူးကွာ ... ဒီည မင်း မြူမိုးကို ဆွဲစီလိုက်တော့ ဟေ့ ကောင်''

''မိုက်ရိုင်းလှချည်လားကွ ... မင်း အဲလိုပြောစရာလား''

ချက်ချင်း ပြန်ပြောလိုက်သည်ကိုပင် မြင့်ဆန်းက ...

''ဟာကွာ ... ငါပြောတာက မဟုတ်တာလုပ်ဖို့ မဟုတ်ပါဘူး မင်း မြူမိုးကို ကြိုက်နေတာ ငါသိတယ်လေကွာ၊ အဲဒါကြောင့် အခွင့်အရေး ရတုန်း ဖွင့်ပြောလိုက်လို့ပြောတာ၊ ဒီအချိန်ဟာ မြူမိုးက မင်းအပေါ် အား ကိုးယုံကြည်နေစိတ်ဖြစ်နေတဲ့အချိန်ဆိုတော့ အချိန်ကောင်းပဲလေ၊ အဲဒါ





ကြောင့် ပြောတာ''

ကြွယ်ဝအောင်က ခပ်လေးလေး ခေါင်းခါလိုက်ပြီး ...

''မဖြစ်သေးပါဘူးကွာ၊ အခွင့်အရေးရနေတဲ့အချိန်ဆိုပြီး သူ့အပေါ် မှာ အခွင့်အရေးမယူချင်ပါဘူး၊ ဝန်ခံရရင် ငါ မြူမိုးကို ချစ်ပါတယ်၊ ငယ်ငယ် လေးထဲကကို ချစ်ခဲ့တာ၊ အဲဒါတွေ သူသိမှာမဟုတ်ပါဘူးကွာ၊ စိတ်လည်း ထိခိုက်မှာမဟုတ်ဘူး၊ အနေအထားက ဝေးလွန်းပါတယ်''

မြင့်ဆန်းက ခေါင်းခါသည်။

''မဟုတ်သေးဘူး ဟေ့ကောင် ... မင်းက ကိုယ့်ကိုယ်ကိုယ် သိမ် ငယ်နေတာပဲကွ၊ အတင်းကြီးလည်း မတိုက်တွန်းချင်ဘူး၊ ငါ့အမြင်ကို ပြောရရင် ခုချိန်မှာ မင်းတို့နှစ်ယောက်စလုံး ထောင်ချောက်ထဲမှာ ရောက်နေ ကြတယ်ကွ''

နားမလည်လိုက်သဖြင့် ကြွယ်ဝအောင်က ...

''ဘယ်လို ... ထောင်ချောက် ဟုတ်လား''

''ဟုတ်တယ်လေ ... ခုဖြစ်နေတဲ့ကိစ္စမှာ မြူမိုးက သူ့အဖေကို ထောင်ချောက်ဆင်တယ်၊ အဲဒီထောင်ချောက်ထဲမှာ မြူမိုးက မင်းကို ဆွဲ ထည့်တယ်၊ တကယ်တော့ ဒီထောင်ချောက်ဟာ မင်းဘဝကို ချိုမြိန်သွား စေမယ့် ချောကလက်ထောင်ချောက်မျိုးပဲကွ၊ ဒီထောင်ချောက်ထဲမှာပဲ မင်း မြူမိုးကို အမိဖမ်းသင့်တာ၊ ငါ ပြောတဲ့သဘောကို မင်း နားလည်မှာပါ''

ကြွယ်ဝအောင် ခပ်တွေတွေ ဖြစ်သွားသည်။

ချောကလက်ထောင်ချောက် ... တဲ့လား။

စဉ်းစားရင်းက စိတ်ထဲမှာ ပြတ်ပြတ်သားသား မဆုံးဖြတ်ရဲသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီ့ပြဿနာဖြစ်ကာ မှန်းသလို ခံစားလာရ၏။ သူ မြူမိုးကို . . .။ ဟား . . .။ ခေါင်းခါမိပြန်၏။

မြင့်သန်းက ကြယ်ဝအောင်၏ပုံစံကိုကြည့်ကာ သဘောပေါက်ဟန်တူသည်။ ခပ်ပြုံးပြုံးမျက်နှာလေးနှင့်ကြည့်ကာ ခေါင်းညိတ်နေ၏။ ပြီး . . . ဘီယာတစ်ခွက်ငှဲ့ကာ ရှေ့သို့ တိုးပေးလားရင်း . . .

"ရော့ . . . ဒါလေး သောက်လိုက်၊ နှစ်ခွက်လောက်ဆိုရင် မင်း စိတ်နည်းနည်း ကြည်လင်သွားလိမ့်မယ်"

စကားအဆုံးမှာ ကြယ်ဝအောင်လည်း ဘာမှမပြောမနေတော့ဘဲ ဘီယာခွက်ကို 'မ'ယူကာ မော့ချလိုက်ပါသည်။

လည်ချောင်းတစ်လျှောက် ရှတအေးစိမ့်ကာ ဗိုက်ထဲမှာတော့ နွေးပျပျ။

ပြီး နောက်တစ်ခွက်ပေါ့။

■

## (၂၂)

အိမ်ရှေ့တံခါးဆီမှ ဘဲလ်မြည်သံကြောင့် မြူမိုး အသာသွားကာ ချောင်းကြည့်ပေါက်လေးမှ အရင်ကြည့်လိုက်သည်။ ကြယ်ဝအောင်လာမည်ဟု ဖုန်းဆက်ပြောထားသော်လည်း ညအချိန်ဖြစ်နေသဖြင့် သေချာအောင် ကြည့်ရခြင်းဖြစ်၏။ ခေတ်ကြီးက လူဆိုး သူခိုးနှင့် လူမပီသသောသူတွေ များသည်လေ။

အခန်းတံခါးတွင် ရပ်နေသည့် ကြယ်ဝအောင်ကို တွေ့လိုက်ရတော့မှ စိတ်ချသွားပြီး တံခါးဖွင့်ပေးလိုက်သည်။

တံခါး ဆတ်ခနဲ ပွင့်သွားချင်းပဲ ကြယ်ဝအောင်က အထဲသို့ ဖျတ်ခနဲ ဝင်လာသည်။ မသိမသာ မျက်နှာလွှဲ၍ ဝင်လာခြင်းဖြစ်သဖြင့် မြူမိုးလည်း ကြောင်သွားရ၏။ ပို၍ထူးခြားသည်ကတော့ ကြယ်ဝအောင်က သူမကို စကားတစ်ခွန်းမှမပြောဘဲ နောက်ဘက် ထမင်းစားခန်းဆီသို့ တန်းကာ ဝင်သွားခြင်းကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခွန်…ပါ၊ကို ပြန်ပိတ်လိုက်ရင်းက မြူမိုး ရပ်ကာ စဉ်းစားနေမိသွားသည်။

ကြွယ်ဝအောင် ဘာဖြစ်လာတာလဲ။

အနေအထားက ပုံမှန်တော့ မဟုတ်ချေ။ စိစဉ်ထားသောကိစ္စ တစ်ခုခုများ လွဲသွားလို့လား။ မဖြစ်နိုင်။ အဲဒါဆို ဘာဖြစ်လို့လဲ။

မတ်တတ်ရပ်ကာ စဉ်းစား၍မရသဖြင့် ခေါင်းထိုင်ရင်း စဉ်းစားပါသေးသည်။ ထိုင်တာနှင့် ထရပ်တာ အနေအထားပြောင်းသွားသည်ကလွဲပြီး အဖြေက ထွက်မလာ။ ထိုနေရာတွင် ငါးမိနစ်လောက်သာ ကြာသွားသည်။ နောက်ဘက် ထမင်းစားခန်းဆီမှ ကြွယ်ဝအောင်၏အသံလည်း မကြားရသဖြင့် အသာထကာ သွားအကြည့်။

"ဟဲ့"

အာမေဋိတ်ပင် ခပ်အုပ်အုပ် 'တ' လိုက်မိလေသည်။ မ'တ'ခံနိုင်ရိုးလား။ ကြွယ်ဝအောင်သည် ဘာပယောဂ ဝင်သည်မသိ။ အပေါ်အင်္ကျီချွတ်ကာ တချူးရှဲရှဲနာမှုတ်ရင်းက ကြမ်းပြင်ပေါ် လေးဘက်ထောက်၍ ဒိုက်ထိုးနေလေသည်။

မြူမိုးလည်း ကြည့်ရင်းက မအောင့်နိုင်ဘဲ ရယ်ချလိုက်ပြီး …

"ကြွယ်ဝအောင် … အဲဒါ ဘာလုပ်နေတာလဲ"

ဒိုက်ထိုးနေရာက ရပ်သွားရင်း ရှက်အမ်းအမ်းမျက်နှာဖြင့် ကြွယ်ဝအောင် ထရပ်လိုက်သည်။ ပြီး … မြူမိုးကို မဝံ့မရဲလေး ကြည့်လျက် ..

"ငါ ဘီယာသောက်လာတယ်ဟ"

"အဲဆိုတော့"





မြူမိုးက စကားထောက်ပေးလိုက်သည်။

ကြွယ်ဝအောင်က …

"ဟိုလေ … ဘီယာသောက်ထားတော့ မူးပြီး တစ်ခုခုအမှားဖြစ်…မိုးလို့ အမူးပြေအောင် ဒိုက်ထိုးနေတာ"

မြူမိုး မျက်မှောင်ကြုတ်လိုက်သည်။

"နေစမ်းပါဦးဟဲ့ … ဘီယာသောက်လာတာက ဟုတ်ပါပြီ၊ ဘယ်…နှစ်ခွက်တောင် သောက်လာလို့လဲ၊ နင်က မူးနေလို့လား"

ခေါင်းခါလိုက်ရင်း ကြွယ်ဝအောင်က …

"မူး,မမူးတော့ မသိဘူး … ငါ နှစ်ခွက်တောင် သောက်လာတာ…အဲဒါကြောင့် …"

"ဟယ်"

ထအံ့ဩဩ ရေရွတ်မိရင်းက မြူမိုး ဝါးလုံးကွဲရယ်ချလိုက်လေသည်။

"ကြွယ်ဝအောင်ရယ် … နင် တော်တော် ရယ်ရတဲ့ကောင်ပဲ။ …ဘီယာနှစ်ခွက်လောက်နဲ့ မူးမလားဟာ၊ ပြီးတော့ … ဒီတိုက်ခန်းမှာ နင်နဲ့…နှစ်ယောက်တည်းဆိုပြီး နင့်ကို ငါ ကြောက်နေမယ်များ ထင်နေလို့…"

"မ … မထင်ပါဘူး"

အ,ထစ်ထစ် ပြန်ဖြေလိုက်တော့ မြူမိုးက ပြုံးစိစိဟန်ဖြင့် …

"အဲဒါဆိုလည်း ရေမိုးချိုးပြီး နားတော့၊ မနက်ဖြန် လုပ်စရာတွေ…သေးတယ်၊ ငါလည်း အခန်းထဲမှာ အိပ်တော့မယ်၊ နင့်အတွက် …



www.burmeseclassic.com

www.burmeseclassic.com

စောင် ဆက်တီပေါ်မှာ တင်ထားပေးမယ်၊ ဟုတ်ပြီလား''

''အေး . . . အေး''

မြူမိုးက လှည့်မထွက်ခင်မှာပဲ ရယ်ချင်ပက်ကျိုဟန်ဖြင့် စကားဆိုသွားသေးသည်။

''ဘယ်လိုကောင်မှန်းလည်း မသိဘူး၊ ကြောင်တောင်တောင်နဲ့''

ထိုစကားသံလေးကြောင့် ကြွယ်ဝအောင်က အသည်းယားသွားရပြီး ပြေးဖက်ကာ အာဘွားပေးချင်မိသောစိတ်ကို မနည်းချိုးနှိမ်လိုက်ရလေသည်။

အင်း . . . ခက်တော့မယ်။

■

## (၃၄)

ဝိုက်ထဲမှ ရစ်သီရစ်သီနှင့် အိမ်သာတက်ချင်တာတို့၊ ဘာတို့ ာသည်မို့ မြူမိုး အိပ်ပျော်နေရာမှ နိုးလာခဲ့သည်။ မနေ့ညတုန်းက ည်း ထိုသို့ဖြစ်သေးသည်။ သို့သော် အိပ်ခန်းထဲမှ အပြင်မထွက်ရဲသဖြင့် င့်တောင့်ပြီး နေခဲ့ရ၏။ ခုတော့ အပြင်ဘက် ဧည့်ခန်းထဲမှာလည်း ယ်ဝအောင်က ရှိနေပြီ။ ဒီညတော့ ရဲရဲတင်းတင်း အားရပါးရ အိမ်သာ ာ်ခွင့် ရပြီဟု တွေးရင်း အိပ်ခန်းထဲမှ တံခါးဖွင့်၍ ထွက်လာခဲ့၏။

ဧည့်ခန်းထဲတွင် ညအိပ်မီးပြာလဲ့လဲ့သာ ထွန်းထားသဖြင့် မြင်ရရုံ ာ်သာ အလင်းရှိလေသည်။ မြူမိုး အိပ်ခန်းထဲမှ ထွက်လာခဲ့ရင်း ယ်ဝအောင် အိပ်နေသည့်နေရာသို့ လှမ်းကြည့်မိလိုက်သေး၏။

တခူးခေါ်ခေါ်အိမ်ပျော်နေသော ဒင်းကို တွေ့ပါသည်။ သို့သော် ည်း ရင်ဘတ်ပေါ်တင်ထားသော ကြွယ်ဝအောင်၏လက်ထဲတွင် အဖြူ ဲ့အရာဝတ္ထုလေးတစ်ခု တွေ့လိုက်ရသဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။

www.burmeseclassic.com

ဘာလေးလဲ။

ထိုသို့တွေးရင်း အနားသွားကာ ယူကြည့်လိုက်သည်။ လက်တွင် ပတ်သော အဖြူရောင် ဖန်စီကြိုးလက်ပတ်လေးလည်း ဖြစ်၏။ ထိုလက် ပတ်လေးကို ကြည့်ရင်းက မြူမိုးစိတ်ထဲတွင် ပုံရိပ်ဟောင်းတချို့က ရုတ် ခြည်း ပြက်ထက်လာ၏။

အို . . .။

ဖလင်ဟောင်းတစ်ကွက်မှ ပုံရိပ်တချို့ကို မှတ်မိလိုက်သည်မို့ ရင်ထဲ နွေးပျပျ ဖြစ်သွားရ၏။ သို့သော်လည်း အီးပါချင်နေသောစိတ်က သိမ်းမြ ဖြစ်တည်နေသဖြင့် လက်ပတ်လေးအား ကြွယ်ဝအောင်၏လက်ထဲ အသာ ပြန်ညှပ်ထားကာ လှည့်ထွက်ခဲ့သည်။

ဘဝတွင် ညကြီးအချိန်မတော်ကျမှ ကြည်နူးမှုနှင့် အီးပါချင်သော စိတ်နှစ်ခုတို့ ဒွန်တွဲကာ ခံစားဖူးသော ပထမဆုံးအတွေ့အကြုံလည်း ဖြစ် လေသည်။ ခံစားရသည်မှာ ဟာစ် . . . ဟာစ်ကြီး။

အိမ်သာရှေ့ရောက်တော့ စိတ်ကို ဖလျော့ချကာ အိမ်သာတံခါး ဖွင့်လိုက်စဉ်မှာပဲ . . .

"ဟဲ့ . . . အမယ်လေး . . . လုပ်ပါဦး"

ရုတ်တရက် အချိန်ကိုက်ဆိုလို့ မီးပြတ်သွားခြင်းဖြစ်လေသည်။ (မြန်မာနိုင်ငံတွင် ထိုသို့ မီးခဏခဏပြတ်တတ်သဖြင့် မြန်မာဗီဒီယိုကားများ တွင်လည်း ထိုသို့ဇာတ်ဝင်ခန်းမျိုး ထည့်သွင်းရိုက်လေ့ရှိခြင်း ဖြစ်နိုင်သည်။ တခြားမီးမှန်သောနိုင်ငံတွေမှာဆို ရိုက်လို့ရမည်မဟုတ်။ ကံကောင်းလေစွ ဤကား စကားချပ်)





မဲမှောင်သွားသဖြင့် မြူမိုး လန့်ကာ အော်လိုက်မိခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပဲ အိမ်ရှေ့ဆီသို့ မှန်းဆကာ ပြေးထွက်လာခဲ့၏။

"ဘုတ်"

"အင့်"

မြူမိုးအော်သံကြောင့် အိပ်ပျော်နေရာမှ လန့်နိုးကာ ပြေးထွက်လာ သော ကြွယ်ဝအောင်နှင့် လမ်းခုလတ်မှောင်ကြီးမည်းမည်းတွင် တိတိကျကျ ဆင်တိုက်မိခြင်း ဖြစ်သည်။

ဝုန်းခနဲ နှစ်ယောက်သား လဲပြိုကျသွားရင်းက ထပ်လျက်ကြီး ဖြစ်နေသေးသည်။

"ကြွယ် . . . ကြွယ်ဝအောင်လား"

မြူမိုး၏အထစ်ထစ်အငေါ့ငေါ့ မေးသံကြောင့် ကြွယ်ဝအောင်က

"အေး . . . အေးလေ . . . နင့်အော်သံ ကြားလိုက်ရလို့ ဘယ်လို ဖြစ်တာလဲ"

"မီးပြတ်သွားလို့လေ"

နှစ်ယောက်သား နေရာမရွှေ့ဖြစ်ကြသေးဘဲ အမှောင်ထဲမှာ ခင်တာဗျူးလုပ်နေကြမိသေးသည်။

ထိုစဉ်မှာပဲ . . .

အချိန်ကိုက်ဆိုသလို ဖျတ်ခနဲ မီးပြန်လင်းလာလေ၏။

"ဟင်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မြူမိုးနှင့်ကြွယ်ဝအောင်လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိရင်း အလျင်အမြန်ပဲ လှချင်းခွာလိုက်မိကြသည်။

"မြူ ... မြူမိုး"

ကြွယ်ဝအောင် တစ်ခုခုပြောရန် ခေါ်လိုက်သေးသည်။ သို့သော် ပြောခွင့်မရ၊ မြူမိုးက အရှက်သည်းသော မျက်နှာနီစွေးစွေးဖြင့် ထရပ်ကာ အိပ်ခန်းဆီသို့ ပြေးထွက်သွားလေပြီ။

အိပ်ခန်းထဲ ပြန်ရောက်ပြီးမှ တံခါးကို လော့ခ်ချရင်း မြူမိုး ရင်ဘတ်ကို ဖိလိုက်မိ၏။

ဘုရား ... ဘုရား ... ငါ ရင်တွေခုန်နေပါလား။

ကိုယ့်စိတ်ကိုယ် ပြန်ဆန်းစစ်ကြည့်ရင်း မြူမိုး ကိုယ့်ကိုယ်ကို အံ့သြမိလေသည်။

ထိုအချိန်မှာ ...

ဗိုက်ရစ်တာတွေ၊ အီးပါချင်တာတွေလည်း မရှိတော့။ မသိတော့။ အချစ်ဆိုသည်မှာ ဗိုက်နာခြင်းအာရုံကို ခေတ္တဖြတ်တောက်ပေး နိုင်သည်တို့ ... ဘာတို့ဆိုပြီး Facebook ပေါ်တွင် Status ရေးရမည်လား မသိချေ။ ထို Status အောက်ကလည်း အာ့ ... လာပြော ဆိုပြီး ထပ်ရေးချင်ရေးပေါ့။

အဲလို ...။

■



## (၃၇)

ဖျော့ထောင်အိမ်လေး၏ရှေ့လမ်းမတွင် ရပ်ထားသော တက်စီကား လေးကို သူ ခပ်လှမ်းလှမ်းမှနေ၍ စိုက်ကြည့်နေမိသည်။ ထိုသို့ သူကြည့် နေသည်ကို ဘယ်သူမှ သတိထားမိမှာမဟုတ်ချေ။ အကြောင်းက ခပ်လှမ်း လှမ်းနေရာတွင် လမ်းဘေးချရပ်ထားသည့် ကားပေါ်မှကြည့်နေသောကြောင့် ဖြစ်သည်။

သူ စောင့်ကြည့်ရကျိုးနပ်ပါသည်။ ဖျော့ထောင်အိမ်လေးထဲမှ မြင့် ဆန်းဟု သူသိထားသော လူရှယ်ထွက်လာလေပြီ၊ ဖုန်းပြောရင်း ထွက်လာ ခြင်းဖြစ်၏။ ကားနားရောက်တော့ မြင့်ဆန်းက ကားထဲမဝင်သေးဘဲ ဖုန်း ပြောနေရင်းပင် ပတ်ဝန်းကျင်အား ဝေ့ကာတစ်ချက် အကဲခတ်လိုက်သေး၏။ ရပ်ထားသောသူ့ကားဆီသို့ အကြည့်က ဖျတ်ခနဲရောက်လာသဖြင့် သူ့ရင်ထဲ ဒိန်းခနဲဖြစ်သွားသေးသည်။

သို့သော်လည်း မြင့်ဆန်းပုံစံက ဘာမှထူးခြားဟန်မပြဘဲ တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

သို့ ပြန်လှည့်သွားသဖြင့် စိတ်အေးသွားရ၏။ မြင့်ဆန်းသည် တစ်ဖက်မှ လူနှင့် ဘာတွေများ အရေးတကြီး ပြောနေသည်မသိချေ၊ နောက်ထပ် ငါးမိနစ်လောက်ကြာအောင် ကားနားတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ပြောနေသေးသည်။ အတော်လေးကြာမှ ကားပေါ်တက်ကာ မောင်းထွက်သွားလေသည်။

မြင့်ဆန်းကားမောင်းထွက်သွားသည်နှင့် တစ်ပြိုင်နက်တည်းဆို သလိုပင် သူလည်းပဲ ကားစက်နှိုးလိုက်ပါ၏။ ထို့နောက်မှာတော့ မြင့်ဆန်း ၏ကားနောက်မှနေ၍ မောင်းကာ လိုက်ခဲ့လေသည်။

## (၃၆)

ချိန်းဆိုထားသည့်အချိန်ထက် နာရီဝက်လောက် နောက်ကျပြီးမှ မြင့်ဆန်းရောက်လာသည်။ စောင့်နေရသော ကြွယ်ဝအောင်မှာတော့ လည် ဆံတိုင်ပင် ဒေါက်ထောက်ထားရမလို ဖြစ်နေပြီ၊ ထို့ကြောင့် ရောက်လာလာ ချင်းပဲ စူပွပွအပြစ်တင်လိုက်၏။

"မင်းကွာ ... နောက်ကျလိုက်တာ၊ ငါ ဖုန်းဆက်ပြောထားတဲ့ ကိစ္စ အဆင်ပြေရဲ့လား၊ တစ်ခုခုဆိုရင်လည်း ဖုန်းပြန်ဆက်တာ မဟုတ်ဘူး၊ အခုတော့ ငါဆက်တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေတယ်ပဲ ပြောနေတယ်"

စကားအဆုံးမှာ မြင့်ဆန်းက လက်ကာပြကာ ဝင်ထိုင်လိုက်ရင်း

ဖြည်းဖြည်းပြောပါ ကြွယ်ဝအောင်ရာ၊ ငါလည်း ထိုင်ပါရစေဦး၊ ပြီးတော့လည်း မင်း မနက်ဖြန်အတွက် မှာထားတဲ့ ကားတစ်စီးဆိုတာကို လိုက် ရှာနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝအောင်က ...

"ခြော် ... အေး ... ကားကော ရရဲ့လား၊ အိမ်စီးကား ... နံပါတ်အနက်မှ ဖြစ်မှာနော်၊ မင်းရဲ့တက်စီနဲ့တော့ အဆင်မပြေဘူး"

မြင့်ဆန်းက သိပ်မကြည်ဟန်ဖြင့် ...

"ရပါတယ်ကွ၊ ဟော့ကောင် ... အဲဒီကားက ငါ့အသိကားနော် အမှတ်အောင်တော့ မလုပ်နဲ့"

"မင်းကလည်း ... ငါသိပါတယ်ကွ၊ ဘာမှမဖြစ်ဘူး ... စိတ်ချ"

"ဟုတ်ပြီလေ ... ဒါနဲ့ မင်းအစီအစဉ်ကို အသေးစိတ် ပြောဦး"

စကားအဆုံးမှာ ကြွယ်ဝအောင်မျက်နှာက လေးနက်သွားရင်း ...

"အစီအစဉ်ကတော့ကွာ ... ငါ ပြန်ပေးသမားအနေနဲ့ ဖုန်းဆက်ထားတဲ့အတိုင်း ငါ့ဆရာက သူ့သမီးကို သိန်းတစ်ထောင်နဲ့ ရွေးလိမ့်မယ် ရွေးတဲ့နေရာမှာလည်း တစ်ယောက်ပဲ လာခိုင်းထားတော့ ငါ့ကိုပဲ ရွေး လွှတ်မှာ သေချာတယ်၊ ကျန်တဲ့အပိုင်းကတော့ ငါ မင်းကို ပထမပြောထား သလိုပဲကွာ ... ဟုတ်ပြီလား"

ခေါင်းတဆတ်ဆတ်ညိတ်ရင်း မြင့်ဆန်းက ...

"အင်း ... မင်းပြောတဲ့အတိုင်းဆိုရင်တော့ ဒီအော်ပရေးရှင်းက အောင်မြင်နိုင်တယ် ဟော့ကောင်၊ တစ်ခုပဲ သတိထားရမယ်၊ ဒီအော်ပရေး ရှင်းထဲမှာ မင်းနဲ့ငါ နှစ်ယောက်တည်း တိုင်ပင်ပြီး စီစဉ်ထားတဲ့ ချောကလက် ထောင်ချောက်ကိစ္စလည်း အောင်မြင်ဖို့ လိုသေးတယ်ကွ"

ထိုစကားကြောင့် ကြွယ်ဝအောင်က သက်ပြင်းပါးပါး ချလိုက်ပြီး





"အဲဒါကတော့ ကံပေါ့ မြင့်ဆန်းရာ၊ အဲဒီအတွက်တော့ ငါလည်း စိတ်လှုပ်ရှားနေတယ်"

မြင့်ဆန်းက ပခုံးတွန့်ကာ မေးဆတ်ပြလာရင်း ...

"ကဲပါ ... မမြင်ရသေးတာကို ကြိုတွေးပြီး ပူမနေနဲ့ ဟော့ကောင် မနက်ဖြန် နေ့လယ်ဆိုရင် ဒီကိစ္စက ပြီးနေလောက်ပြီ၊ ကဲ ... မင်းရဲ့ချော ကလက်ထောက်ချောက် အောင်မြင်ဖို့အတွက် ချီးယား လုပ်လိုက်ရအောင်"

ပြောရင်း မြင့်ဆန်းက သူကိုင်လာသော ရေသန့်ဘူးကို မြှောက် လိုက်၏။ ကြွယ်ဝအောင်လည်း ခဏကြောင်သွားပြီးမှ ရှေ့တွင်ရှိသော ကော်ဖီခွက်ကို 'မ' ယူကာ ရေသန့်ဘူးနှင့် တိုက်လိုက်သည်။ အဆင်ပြေ သလို လုပ်ရတာပဲလေ။

ထိုသို့ သူတို့နှစ်ယောက် တင်ကြိုကာ အောင်ပွဲခံနေကြသည်ကို လမ်းမထက်တစ်နေရာ ကားထဲမှ ကြည့်နေသည့် မျက်လုံးတစ်စုံကိုတော့ နှစ်ယောက်စလုံး အလျှင်းသတိမထားမိပါချေ။

**တစ်ခါတလေတော့လည်း ထောင်ချောက်ဆိုတာက ကိုယ် တိုင် ထောင်ထားပေမယ့် ကိုယ်ကိုယ်တိုင်လည်း မိနေပြီးသား ဖြစ်နေတတ်သည် မဟုတ်ပါလော။**

■



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ ထောင်ချောက်တစ်ခုပဲ...
ခါးသီးနာကျင်စရာ ဝေဒနာတွေမပါဘဲ
အချိုမြိန်ဆုံး ချစ်ခြင်းတရားတွေနဲ့
မွှမွလေး တပ်ဆင်ထားတယ်။
ကောင်မလေးရေ...
တိုးဝင်လာခဲ့...။ ရဲရဲ...။
ချောကလက်ထောင်ချောက်ဆိုတာ
ဒေဝဥယျာဉ်တော်ကို နာမတော် ပြောင်းထားတဲ့
ရင်ခုန်စရာ အခင်းအကျင်းတစ်ခုလည်း ဖြစ်တယ်...။



## (၃၇)

နေဝင်သွားပြီ။ ကောင်းကင်မှာ ဆည်းဆာကလည်း ယီးလေးနိုင်နေပါ။ လင်းပွင့်လှပနေသော ဆည်းဆာရီကောင်းကင်အောက်တွင် အိပ်တန်းမှိန်သွားသော အမျိုးအမည်မသိ ငှက်တွေကို လှမ်းတွေ့နေရသည်။ သိမ့်ခဲ့ ရွေ့စီးလာသော လေပြည်နှင့်အတူ သက်ပြင်းအရှိုက်ပါ သူ အလိုက်သင့် ချောချလိုက်မိသည်။

တိုက်ခန်းဝရန်တာတွင် ဘေားချင်းအတူ ယှဉ်ကာ ရပ်နေနေရင်း မြူမိုးက ခပ်တိုးတိုးမေးလိုက်သည်။

"ဘာတွေကြောင့်များ သက်ပြင်း ခဏခဏ ချနေတာလဲ ကြယ်စဆောင်"

ပြောကာမှပဲ သက်ပြင်းထပ်ချမိပြန်သည်။ ပြီး... မြူမိုး၏မေးခွန်းကို မဖြေဖြစ်ဘဲ အမေးစကားသာ တုံ့ပြန်လိုက်မိ၏။

"မြူမိုး... မနက်ဖြန် နှင့်အဖေဆီက ပိုက်ဆံတွေရရင် ဘာဆက်



www.burmeseclassic.com

www.burmeseclassic.com



လှပ်မှာလဲဟင်''

မြူမိုးက မှုမှုလေး ပြုံးသည်။ ပြီးမှ ...

''ငါလား ... အဲဒီပိုက်ဆံတွေထဲက နင် ဖေဖေ့ကို အကြွေးဆပ်ဖို့အတွက် ပေးမယ်လေ၊ ပြီးတော့ ... ဖေဖေ့ဆီက ကတိတစ်ခု တောင်းမယ်''

ဘာကတိလဲဟု ထပ်မေးမနေတော့။ ကိုယ်နှင့်မဆိုင်ဟု ကြယ်ဝအောင် ယူဆလိုက်၍ ဖြစ်သည်။ ပြီးမှ ပြောချင်နေသော စကားကို ရိုးရိုးရှင်းရှင်းပဲ ပြောလိုက်ပါ၏။

''တကယ်တော့ ... ငါ အဲဒီအကြွေးဆိုတာကိုလည်း ဂရုမစိုက်ဘူး မြူမိုး။ အဲဒီကိစ္စကြောင့်လည်း နင်တို့အိမ်မှာ နေနေခဲ့တာ မဟုတ်ဘူး''

ထိုစကားကြောင့် မြူမိုးက မျက်ခုံးအတွန့်ချိုးလိုက်ပြီး ...

''အဲဒါဆို ဘာကြောင့်လဲ၊ နင် ခုလိုနေနေတာက နင့်အပေါ်မှာ ရှိနေတဲ့ ငါ့အဖေရဲ့ကျေးဇူးတွေကြောင့်လား''

''အဲဒီထက်ပိုပါတယ် မြူမိုး''

နှစ်ယောက်စလုံး စကားထပ်မပြောဖြစ်ဘဲ ငြိမ်သက်နေမိလိုက်ကြသည်။ နှစ်ဦးကြားတွင် ရှိနေခဲ့သော ပါးလွှာသည့် အရာလေးတစ်ခုကို နှစ်ယောက်စလုံး မြင်တွေ့လိုက်ကြသလိုမျိုး။ မကြာခင်မှောင်တော့မည့် ကောင်းကင်ထောင့်ချိုးတွင် တိမ်တွေက အစွမ်းကုန်ပွင့်ဝေနေကြပြီ၊ ရေစီးထဲတွင် လှုပ်လှဲ့လှဲ့မျောပါလာသည့် ပွင့်ချပ်ဖြူဖြူလေးကို ဆယ်ယူလိုက်ကြရန် နှစ်ယောက်သား မဝံ့မရဲဖြစ်နေပုံမျိုးနှင့်ပင် တူနေသေးတော့၏။

မြူမိုးက အရင်ဆိုလာသည်။





''ဒီကိစ္စတွေအတွက် နင့်အပေါ် ဖေဖေ အမြဲ[illegible]ား ငါ ကတိပေးပါတယ်၊ ပြီးတော့ ဖေဖေ့အပေါ်မှာလည်း ငါ [illegible]လိုလို ရှိလာပါပြီ''

''အလိုလို နားလည်လာတာ အကောင်းဆုံး သိမှာပေါ့ [illegible]''

ပြောရင်းပင် ကြယ်ဝအောင်က ကောင်းကင်ဆီသို့ လှမ်းကြည့်လိုက်ရင်း ...

''ဟိုးမှာကြည့်စမ်း မြူမိုး ... တိမ်တွေ တောက်နေတာ အရမ်း[illegible]တယ်''

မြူမိုးက လှမ်းကြည့်ရင်း ပြန်ပြောလိုက်၏။

''နောက်ဆုံးမီးတောက်သလိုမျိုးပေါ့ ... မကြာခင် မှောင်တော့မှာလေ''

နှစ်ဦးသား ပြန်ကာ ငြိမ်သက်လိုက်ကြ၏။ ပတ်ဝန်းကျင်သို့ အမှောင်ထုက တရွေ့ရွေ့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်လေသည်။

ထိုသို့ဖြင့် ...။

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

"ဟေ့ကောင် ကြယ်ဝအောင် . . . အဲဒီခရီးဆောင်အိတ်ထဲမှာ တစ်သောင်းတန်စစ်စစ် တစ်ရာစည်း အစည်းတစ်ရာတိတိ ပါတယ်နော်။ ငွေသိန်းတစ်ထောင် တစ်ပြားမှမလျော့ဘူး။ ငါ မင်းကို ယုံယုံကြည်ကြည်နဲ့ လွှတ်လိုက်သလို မင်းဘက်ကလည်း ငါ့သမီးကို မွဲတစ်ပေါက်မစွန်းစေဘဲ ပြန်ခေါ်လာခဲ့ . . . ကြားလား"

ကွန်ကရစ်လမ်းအတိုင်း ခရီးဆောင် Bag အိတ်ကြီးကို ဆွဲလာရင်း ဦးအောင်မိုး ပြောလိုက်သောစကားတွေကို ပြန်ကြားယောင်ကာ ပြုံးမိသေးသည်။ သူ့ကိုယ်သူတော့ သူ့သမီးဆီမှာ ပညာပေးခံနေရတာကိုမသိ။ ခုတော့ ပိုက်ဆံတွေ ပေးလိုက်ရုံမျှမကဘဲ လတ်တလော စိတ်ဆင်းရဲနေရပြီ။

တွေးရင်း လျှောက်လာရင်းက ရပ်ကွက်အစွန်ရှိ ဂိုဒေါင်ပျက်ကြီး အနားသို့ ရောက်လာသည်။ ဂိုဒေါင်အနီးတွင် ရပ်ထားသော ဆလွန်းကား တစ်စီးကိုပါ တွေ့လိုက်ရ၏။ လျှောက်လာရင်းက ကြယ်ဝအောင် ခြေလှမ်း





ရပ်ပစ်လိုက်သည်။

ထိုအချိန်မှာပဲ ကားလေးဆီမှ အချိန်းအချက်လုပ်ထားသည့်အတိုင်း မီးသုံးခါတောက်ပြလာ၏။ ထပ်ပြုံးလိုက်သည်။ ပြောရလျှင် ကိုယ်က နှစ်ဖက်စလုံးကို စီစဉ်နေသော နှစ်ဖက်ချွန်ဖြစ်နေသည်ကိုး။

ကြယ်ဝအောင်ကလည်း ရပ်နေရာမှ အသာထိုင်ချလိုက်ပြီး Bag အိတ်ကို ဖစ်ဖွင့်ကာ အတွင်းမှပိုက်ဆံများအား မြင်သာအောင် လှမ်းပြလိုက်သည်။ တစ်မိနစ်လောက် ထပ်ကြာတော့ ကားဆီမှ မီးသုံးခါ ထပ်၍တောက်ပြလာ၏။ အိုကေပြီ။ ဒါက ပိုက်ဆံတွေ လာပေးဆိုပြီး အချက်ပြတာ။

အိတ်ကြီးကို လမ်းအတိုင်း ဆွဲယူကာ ကားဆီသို့ သွားလိုက်၏။ အနားရောက်တော့ ကားနောက်ခန်း မှန်တံခါးတစ်ချပ် လျှောကျလာသည်။ ကားထဲတွင် ထိုင်နေသော မြူမိုးကိုလည်း တွေ့လိုက်ရ၏။

မြူမိုးက ကားထဲမှနေ၍ . . .

"ကြယ်ဝအောင် . . . ကားပေါ်တက်လေ၊ သွားရအောင်"

ကြယ်ဝအောင်က ကားတံခါးဖွင့်ကာ ပိုက်ဆံထည့်ထားသော အိတ်ကြီးကို ထည့်လိုက်ရင်းက . . .

'နင်ကလည်းဟာ . . . သဏ္ဍာန်လုပ် သရုပ်တူအောင်တော့ လုပ်ဦးမယ်လေ၊ ပြောလို့ရတာမဟုတ်ဘူးဟ၊ တော်ကြာ . . . နင့်အဖေ စောင့်ကြည့်ခိုင်းထားတဲ့ လူတစ်ယောက်ယောက် ရှိချင်ရှိနေမှာ"

"သြော် . . . အေး . . . ဟုတ်သားပဲ"

မြူမိုးက ပြုံးစိစိလုပ်ကာ ပြန်ပြောလာ၏။

ထိုအချိန်မှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းပြင်း မောင်းနှင်လာသည့် ကားနှစ်စီးက မြူမိုးနှင့် ကြွယ်ဝအောင်တို့ရှိနေသော ကားအနီးတွင် ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်ကြ၏။ ရုတ်တရက် ကြောင်ကာ ကြည့်နေမိကြ၏။

"ဟင် ... ဖေဖေ"

မြူမိုး နှုတ်မှ အလန့်တကြား ရေရွတ်လိုက်ခြင်း ဖြစ်၏။ ဟုတ်၏ သည်။ ပထမဆုံး ကားပေါ်မှ မာန်ပါပါဆင်းလာသူက တခြားမဟုတ် ဦးအောင်မိုးပဲ ဖြစ်လေ၏။

ဦးအောင်မိုးနှင့်အတူ ကားပေါ်မှ ဝန်ထမ်းတွေဖြစ်ဟန်တူသော လူသုံးဦးပါ ဆင်းလာကြသည်။ နောက်ကားတစ်စီးဆီ လှမ်းကြည့်လိုက် တော့ ဆင်းလာသူတွေက ကျော်မင်းနှင့်အတူ မြူမိုး၏သူငယ်ချင်းတွေ ဖြစ်သော နိုင်နိုင်နှင့်နီလာတို့နှစ်ယောက်။

ကြည့်နေရင်းမှာပဲ ဦးအောင်မိုးက လျှောက်လာရင်း ခပ်ဟဟရယ် ကာ မနိုးမခန့်ဟန်ဖြင့် ...

"မင်းတို့ကိုယ်မင်းတို့ သိပ်လည်လှပြီလို့ ထင်နေတယ် ဟုတ်လား ဝါးနက်ကို ဝါးရင့်ပတ်လို့ မရဘူးကွ ... မှတ်ထား။ ကဲ ... ကားထဲက ခေါ်မြူ လည်း ဆင်းခဲ့ပါဦး"

ကြွယ်ဝအောင်စိတ်ထဲမှ သွားပြီဟု၍ ရေရွတ်လိုက်မိသည်။ ကိုယ့် ထောင်ချောက်မှာ ကိုယ် ပြန်မိလေပြီ။ သို့သော် အလုံးစုံတော့ မဟုတ်သေး

ကားထဲမှ မြူမိုး ဆင်းလာသည်။ မျက်နှာမဲ့မဲ့လေးနှင့် သူ့အဖေ ကြည့်ကာ ...

"ဖေဖေက ဒီကိစ္စတွေကို သမီးတို့ စီစဉ်တယ်ဆိုတာ သိရေ တာလား"

ဦးအောင်မိုးက ခပ်တည်တည်ပဲ ...

"ဆိုပါတော့၊ ဒါပေမဲ့ ... သမီး ခဏနေဦး။ ဖေဖေ ဟိုကောင်နဲ့ ပြောလိုက်ဦးမယ်"

ဦးအောင်မိုးက ကြွယ်ဝအောင်ဆီသို့ မျက်နှာမူလာသည်။

"ဟေ့ကောင် ကြွယ်ဝအောင် ... ခုချိန် ငါ ရဲကို ဖုန်းဆက်ခေါ် အပြီး မင်း ငါ့သမီးကို ပြန်ပေးဆွဲဖို့ ကြိုးစားတယ်ဆိုရင် မင်း ထောင် ထိုးလုံးကျသွားနိုင်တယ်နော် ... သိရဲ့လား"

ဦးအောင်မိုး ညစ်ပြီ။ ကြွယ်ဝအောင်ကလည်း ခပ်တည်တည် ပြန်ပြောလိုက်၏။

"အဲဆိုလည်း လုပ်လိုက်လေ ဆရာ ... ဆရာ့သဘောပဲ"

"ကြွယ်ဝအောင်"

မြူမိုးက ဟန့်သလို လှမ်းခေါ်လိုက်ခြင်း ဖြစ်၏။ ဦးအောင်မိုးက သူ့သမီးကို တစ်ချက်ကြည့်လိုက်ပြီးမှ ကြွယ်ဝအောင်အား ...

"ဒါပေမဲ့ ... အစ်ခုတော့ မင်းနဲ့ငါ ညှိလို့ရတယ် ကြွယ်ဝအောင်ရ ... အဲဒါ ဘာလဲဆိုတော့ ... ဒီကိစ္စထဲ မင်းပါနေတာကို ငါ လျှော့လိုက်မယ် ... မင်းကိုလည်း ဘာမှမလုပ်ဘူး။ ဒါပေမဲ့ ... မင်း ငါ့အိမ်မှာတော့ ... သက်လုံး အလုပ်လုပ်ပေးရမယ်"

စကားအဆုံးမှာ ကြွယ်ဝအောင်က ရယ်လိုက်သည်။ ဦးအောင်မိုး ... ဒီကောင် ဘာဖြစ်တာလဲ ... ဆိုသည့် အမူအရာနှင့် ကြောင်တောင် ... ောင် ကြည့်လာ၏။







www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ မြူမိုးက ဝင်၍ ...

"ကြွယ်ဝအောင်အပေါ် အဲလို မတရားမလုပ်ပါနဲ့ ဖေဖေ၊ ဖေဖေ ဘာဖြစ်လို့ ကြွယ်ဝအောင်ကို အိမ်ခေါ်ထားချင်လဲဆိုတာ သမီး သိတယ် ခု အဲကိစ္စကို ဖွင့်ချလိုက်ရမလား၊ ဒါမှမဟုတ် ဖေဖေ သူ့ကို လွှတ်လပ်ခွင့် ပေးမှာလား၊ ဒါပဲပြော"

ဦးအောင်မိုးမျက်နှာက ကွက်ခနဲပျက်သွား၏။ ချက်ချင်းပဲ ...

"သ ... သမီးက ... အဲဒီကိစ္စကို သိ ... သိနေတာလား"

"မြူမိုးတင်မဟုတ်ဘူး ဆရာ ... ကျွန်တော့်အဖေနဲ့ ပတ်သက် ဆရာ လိမ်ဆင်ဖာတ်လမ်းကြီးလုပ်ထားတာ ကျွန်တော်လည်း သိတယ် ဆရာ့ဒိုင်ယာရီကို ကျွန်တော် ဖတ်ပြီးသွားပြီ"

"ဟေ"

ဦးအောင်မိုး ပါးစပ်ကြီး ပြဲသွား၏။ ပို၍အံ့ဩမိသူက မြူမိုး ကြွယ်ဝအောင်ကို အလန့်တကြား ကြည့်လိုက်ရင်းက ...

"ကြွယ်ဝအောင် ... နင် ... နင်လည်း အဲဒီကိစ္စကို သိနေ ပေါ့ ... ဟုတ်လား"

ထိုအခါမှ ကြွယ်ဝအောင်က ရင်ကော့ကာ ဦးအောင်မိုးနှင့် မျက် နှာချင်းဆိုင်လိုက်ပြီး ...

"သိပ်သိတာပေါ့၊ ဒီမှာ ဆရာ ... ဆရာ့ဒိုင်ယာရီထဲမှာ ဆရာ ကျွန်တော့်အဖေ အပ်ထားခဲ့တဲ့ ကျောက်နဲ့ အရင်အနှီးလုပ်ပြီး ဆရာ စီးပွားဖြစ်လာတယ်လို့ ရေးထားတယ်နော်၊ ပြီးတော့ ... ကျွန်တော့် အဖေ ကျွန်တော့်ကို ဒီလိုအလုပ်သမားအနေအထားမျိုးနဲ့ ဆရာ့ဆီ ခေါ်ထား



ပြောခဲ့တာ မဟုတ်ဘူးမလား"

"အဲ ... အဲဒါကွာ"

ခွေးအ,ကြီး လှည်းနင်းခံရသလို ဖြစ်လေပြီး ကြွယ်ဝအောင်က ဆက်၍ဖိပြောလေ၏။

"မညာပါနဲ့တော့ ဆရာရယ်၊ ဆရာပဲ ကျွန်တော့်အဖေကို ကတိ တွေပေးခဲ့တယ်လေ၊ ပြီးတော့ ... ကျွန်တော့်ကို မစောင့်ရှောက်ထားရင် စီးပွားမဖြစ်ပါစေနဲ့ဆိုပြီး ဘုရားမှာ သစ္စာဆိုခဲ့သေးတယ် မဟုတ်လား။ ခု လည်း ဆရာက စီးပွားပျက်မှာစိုးလို့ ဆရာ့အိမ်မှာ ကျွန်တစ်ကောင်လိုပုံစံမျိုး နဲ့ ကျွန်တော့်ကို ဆက်ထားချင်နေတာပဲ"

အားလုံးသွားပြီ။ အကုန် ဘူးပေါ်သလို ပေါ်ကုန်ပါပြီဟု တွေးကာ ဦးအောင်မိုး စိတ်ဓာတ်ကျသွားရသည်။

"ခဏလေးပါ ကြွယ်ဝအောင်ရာ ... ငါ ရှင်းပြပါရစေဦး"

လက်ကာပြရင်း ကြွယ်ဝအောင်က ...

"ကျွန်တော့်စကား မဆုံးသေးဘူး ဆရာ၊ အဲဒီဒိုင်ယာရီကို ဖတ် ပြီးချိန်း ကျွန်တော် ဆရာနဲ့ နှစ်ယောက်တည်း ရှင်းလို့ရပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ ပြောထားမယ်နော် ဆရာ၊ ကျွန်တော် ဆရာ့အိမ်မှာ ကျွန် တစ်ကောင်လို နေနေတာ မြူမိုးကြောင့်ပဲ၊ မြူမိုးကို ကာကွယ်ပေးချင်လို့ မြူမိုးရဲ့ဆန္ဒတွေ ဖြည့်ဆည်းပေးချင်လို့ နေနေတာ၊ ဆရာ့ဒိုင်ယာရီကို ဖတ် ပြီးချိန်မှာလည်း ကျွန်တော့်ရဲ့အဲဒီစိတ်က ပြောင်းလဲမသွားခဲ့ဘူး။ အဲဒါ ကြောင့် ကျွန်တော် ဆက်နေခဲ့တာ"

"ဒို"

www.burmeseclassic.com

မြူမိုး မျက်လုံးလေး ဝိုင်းသွားရင်း စိတ်တွေ လှုပ်ရှားလာမိသည်။ ကြွယ်ဝအောင်တို့ရှုမကြောင့် အိမ်မှာနေနေခဲ့တာ ... တဲ့။ သို့သော်လည်း ထို့နောက် ကြွယ်ဝအောင် ဆက်ပြောလာသောစကားကြောင့် ခဏချင်း ထိတ်လန့်သွားရ၏။

"ဒါပေမဲ့ ... ခုတော့ ကျွန်တော့်ရဲ့စိတ် လုံးဝပြောင်းလဲသွား ဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာက မြူမိုးကို အိမ်ထောင်ချပေးတော့ လေ၊ ဒီတော့ မြူမိုးကို ကာကွယ်စောင့်ရှောက်ပေးမယ့်လူလည်း ရှိလာပြီ တော့ ဆရာ့အိမ်မှာ ကျွန်တော် ဘာဖြစ်လို့ ဆက်နေနေတော့မှာလဲ"

မြူမိုးက တစ်ခုခုဝင်ပြောရန် ဟန်ပြင်လိုက်သည်။ သို့သော်လည်း မြူမိုး မပြောခင်မှာ ဦးအောင်မိုးက မျက်စိမျက်မျက်နှာပျက်နှင့် ...

"ဟာ ... ကြွယ်ဝအောင် မင်း အဲလို ငါ့အိမ်က ထွက်မသွား ကွာ၊ မင်းမရှိရင် ငါ သစ္စာရှူးပြီး စီးပွားပျက်မှာပေါ့ကွ၊ ခုကိစ္စကို ငါ ဖျ လွှတ်ပါတယ် ... မင်း ဘယ်မှမသွားပါနဲ့"

စကားအဆုံးမှာပဲ ကြွယ်ဝအောင်က မချိမဲ့ခန့် ရယ်ကာ ခေါင်း လိုက်ရင်း ...

"မရတော့ဘူး ဆရာ ... မြူမိုးကို ဆရာ အိမ်ထောင်ချပေးမယ် ဆိုကတည်းက ကျွန်တော် ဆုံးဖြတ်ထားခဲ့တာပါ၊ ကျွန်တော် တစ်နေရာ ကို ထွက်သွားရင်လည်း ဆရာက ရတဲ့နည်းနဲ့ လိုက်ခေါ်နေဦးမှာပဲ ဒီတော့ ကျွန်တော့်ဘက်ကလည်း ဆရာ လိုက်ခေါ်လို့မရတဲ့နေရာကို သွား စိတ်ဉ်ထားတယ်"

ထိုစကားကြောင့် ဦးအောင်မိုးတင် မဟုတ်တဲ့ မြူမိုးပါ ကြောင်အ





သွားရသည်။ ကြွယ်ဝအောင်က ဘယ်ကိုများ သွားမလို့လဲ။

ထိုသို့စဉ်းစားနေချိန်မှာပဲ မြင့်ဆန်းနှင့်အတူ ရောက်လာကြသော ဒုရဲအုပ်တစ်ယောက်နှင့် ရဲသားအချို့ကို တွေ့လိုက်ရလေသည်။

မြင့်ဆန်းက ...

"ကြွယ်ဝအောင် ... မင်း ဖုန်းဆက်ထားလို့ ငါလည်း ဒီက ဆရာ တွေကိုခေါ်လာခဲ့တာ ... ဘာဖြစ်လို့လဲ"

ကြွယ်ဝအောင်က မြင့်ဆန်းအမေးကို ပြန်မဖြေဘဲ ဒုရဲအုပ်ဘက် သို့ မျက်နှာမူလိုက်ပြီး ...

"ဆရာ ... ဒီက မြူမိုးဆိုတဲ့ ကောင်မလေးကို ကျွန်တော် ပြန် ပေးဆွဲခဲ့တာပါ၊ ကားထဲမှာ သက်သေခံငွေတွေလည်း ရှိပါတယ်၊ ကျွန်တော့် ကို ဖမ်းပါ ဆရာ၊ ကျွန်တော် ဝန်ခံပါတယ်"

"ဟာ"

"ဟင်"

"အို"

အားလုံးပဲ မျက်လုံးပြူး၊ ပါးစပ်တွေ ပြကုန်ကြတော့၏။ ကြွယ်ဝ အောင် ဘာလုပ်တာလဲ။ ဒါဆို လိုက်ခေါ်လို့မရတဲ့နေရာဆိုတာက ထောင်ထဲ ပေါ့။

အံ့ဩမှင်တက်စိတ်တွေနှင့် ဘယ်သူမှ စကားမဆိုဖြစ်ကြသော။ ကြွယ်ဝအောင်ကတော့ သူ့လက်နှစ်ဖက်ကို လက်ထိပ်ခတ်ရန် ရဲအရာရှိထံ ထိုးပေးနေလေပြီ။ မြူမိုးလည်း အာစေးမိသလို ငြိမ်သက်နေမိ၏။ ဘာတွေ လဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ . . .

စတင်ကာ လှုပ်ရှားလိုက်သူက ဦးအောင်မိုး။ ရဲအရာရှိနှင့် ကြယ်ဝအောင်တို့နှစ်ယောက်ကြားသို့ ဆတ်ခနဲ ဝင်ရပ်လိုက်ကာ ရဲအရာရှိကို ရယ်ပြရင်း . . .

"ဆရာ . . . အဲလိုမဟုတ်ဘူးနော်။ ဒီကောင်က ကျွန်တော့်တပည့်လေးပါ။ ဟိုဘက်ကလည်း ကျွန်တော့်သမီးပါပဲ။ ပြန်ပေးဆွဲတာ မဟုတ်ပါဘူးဗျာ၊ ဒီကောင် အတည်ပေါက်နဲ့ နောက်နေတာပါ။ စိတ်မရှိနဲ့နော်။ ကျွန်တော် တာဝန်ယူပါတယ်"

ထိုစကားကြောင့် ရဲအရာရှိ၏မျက်နှာက ဆတ်ခနဲ တင်းမာသွားရင်း

"အဲဒါဆိုရင်တော့ ဝတ္ထုရားနှောင့်ယှက်တာပဲဗျ။ ဒီကိစ္စ ခင်ဗျား တာဝန်ယူတယ်ဆိုရင် ခင်ဗျားကို အရင်ဖမ်းချုပ်ရလိမ့်မယ်၊ ကျုန်တာတော့ စခန်းရောက်မှရှင်းပေါ့"

"ဟာ . . . အဲ"

ဦးအောင်မိုး မျက်ဖြူလန်မတတ် ဖြစ်သွားရသည်။ ချက်ချင်းပဲ ကြယ်ဝအောင်ဘက်သို့လှည့်ကာ . . .

"ဟေ့ကောင် . . . မင်းလည်း ဝင်ပြောဦးလေကွာ . . . ဒီကိစ္စတွေက ဟန်ဆောင်တာပါလို့"

"ဆရာက ဘာလုပ်ပေးမှာမို့လို့လဲ"

ကြယ်ဝအောင် ဆတ်ခနဲ မေးလိုက်သည်ကို ဦးအောင်မိုးက . . .

"ဟာ . . . ဘာလုပ်ပေးရ လုပ်ပေးရကွာ . . . မင်း ငါ့အိမ်က ထွက် သွားလို့လည်း မဖြစ်ဘူး ဟေ့ကောင်၊ အဖမ်းခံလို့လည်း မဖြစ်ဘူးကွ





အိုကွာ . . . ကုန်ကုန်ပြောမယ်၊ မင်း ငါ့သမီးကို ကြိုက်နေတယ်ဆိုရင် ငါ့သမီးနဲ့ မင်းကို ပေးစားပြီး သမက်အဖြစ် အိမ်မှာထားမယ်ကွာ . . . တော်ပြီသား"

ကြယ်ဝအောင်မျက်နှာ ဝင်းခနဲဖြစ်သွားသည်။ သို့သော် တစ်ခန်းလုံးလာသူက ကျော်မင်း။

"ဟာ . . . အန်ကယ် အဲလိုလုပ်လို့ မရဘူးလေ၊ မြူမိုးက ကျွန်တော်နဲ့ လက်ထပ်ပေးဖို့ စီစဉ်ထားတဲ့ဥစ္စာ"

ဦးအောင်မိုးက ခပ်တည်တည်ပဲ . . .

"စီစဉ်ထားတယ်ဆိုလည်း အဲဒီအစီအစဉ် ဖျက်တယ်ကွာ၊ ဒီမှာ ရှင်းလို့မရတဲ့အထဲ မင်း ဝင်မရှုပ်နဲ့တော့"

"ဟာ . . . ကွိုင်ပဲဗျာ"

အချေအတင်ဖြစ်နေကြပြန်သည်။ ဦးအောင်မိုးက ကြယ်ဝအောင်ဘက်သို့လှည့်ရင်း . . .

"ဘယ်လိုလဲ ဟေ့ကောင် . . . ငါ အပေးအယူလုပ်တာကို သဘောတူလား"

ကြယ်ဝအောင်က မျက်မှောင်လေး ကြုတ်ကာ ရပ်နေသော မြူမိုးအား တစ်ချက်ကြည့်လိုက်ပြီးမှ . . .

"ဒီလိုရှိတယ် ဆရာ . . . ကျွန်တော်က မြူမိုးကို ချစ်နေတဲ့သူဆိုတော့ ဒီအစီအစဉ်ကို သဘောမတူစရာ မရှိပါဘူး။ ဒါပေမဲ့ . . . ဆရာသမီး ပိုင်ရှင်ရဲ့သဘောကိုလည်း မေးလိုက်ပါဦး"

ချက်ချင်းဆိုသလို ဦးအောင်မိုးက သူ့သမီး မြူမိုးကို အားကိုးတကြီး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။ မြူမိုးက ပြန်ကြည့်နေရင်း အသာလျှောက်လာပါသည်။ ပြီး ... ကြယ်ဝအောင်နှင့် မျက်နှာချင်းဆိုင်ကာ ရပ်လိုက်ရင်း လက်တစ်ဖက်မြှောက်ကာ လှဲရိုက်လိုက်လေ၏။

"ဖြန်း!"

မထင်မှတ်ထားသော မြူမိုး၏လက်သံပြောင်မှုကြောင့် ကြယ်ဝအောင် ပါးတစ်ခြမ်း ထုပ္ပသွားရသည်။ အံ့ဩသင့်နေသော လူအုပ်ကြီးကလည်း မြူမိုးဆီ လှမ်းကြည့်လိုက်မိကြ၏။

မြူမိုးက ကြယ်ဝအောင်နှင့် မျက်လုံးချင်း တည့်တည့်ဆုံကာ စကားကို တစ်လုံးချင်း ပြောလိုက်သေးသည်။

"ကြယ်ဝအောင် ... လဒ္ဒကောင်၊ နင့်ကို ငါ သတ်တောင် သတ်ပစ်ချင်တာ၊ မဟုတ်တဲ့နေရာကျတော့ ဉာဏ်ပြေးတယ်၊ နင် စဉ်းစားလေ မိန်းကလေးတစ်ယောက်က သူ့မေတ္တာမရှိ သဘောမကျတဲ့လူနဲ့ တိုက်ခန်းတစ်ခန်းတည်းမှာ အတူညအိပ်မလား"

"ဟာ"

ကြယ်ဝအောင်တစ်ယောက် သူ့ကိုယ်သူ လေပေါ်မြောက်တက်သွားမလား ထင်လိုက်မိသည်။ ကျော်မင်းအဖို့မှာတော့ ရပ်နေသောနေရာတွင် လဲသေပစ်လိုက်ဖို့ ကောင်းနေသေးတော့၏။

သို့သော်လည်း ကျော်မင်းက နိုင်ငံခြားမှာပင် နေနေသူဖြစ်သည်။ ဒီလိုမျိုးတော့ ကျောလို့မရဘူးဟု တွေးကာ ...

"အန်ကယ် ... ဒီကိစ္စကို ကျွန်တော် လုံးဝမကျေနပ်ဘူးနော်၊ အန်ကယ် အမှုမဖွင့်ရင် ဒီက ဆရာကြီးဆီမှာ ကျွန်တော် အမှုဖွင့်မှာ၊ ဒီမှာ





ရဲအရာကြီး ..."

"ဟာ ... ဒီကောင် ကျော်မင်းတော့ ... နေစမ်းပါဦးကွ"

ဦးအောင်မိုးက ကျော်မင်းကို လှမ်းဆွဲသည်။ ကျော်မင်းက ရဲအရာရှိကို ထပ်ဆွဲပြန်၏။

"နေစမ်းပါဦးဗျာ ... ခင်ဗျားတို့က ဘာတွေလဲဗျာ"

ရဲအရာရှိကလည်း ပြန်အော်၏။ ထိုသို့ သူတို့သုံးယောက် လုံးထွေးနေချိန်မှာပဲ ကြယ်ဝအောင်က မြင့်ဆန်းကို မျက်ရိပ်မျက်နှာကဲဖြင့် အချက်ပြရင်း မြူမိုးလက်ကို အသာဆွဲကာ ပိုက်ဆံတွေထည့်ထားသော ကားဆီသို့ သွားလိုက်၏။ မြင့်ဆန်းကတော့ ဦးအောင်မိုးနှင့်ကျော်မင်းတို့ကားတွေဆီသို့ ချဉ်းကပ်သွားလေသည်။

ကားတစ်စီး ဝူးခနဲမောင်းထွက်သွားသံကြောင့် လူအုပ်ကြီး လှမ်းကြည့်မိကြပြန်သည်။ ကြယ်ဝအောင်က မြူမိုးကို ခေါ်ကာ ပိုက်ဆံတွေနှင့် လစ်ပြီဆိုတာ သိလိုက်ရချင်းပဲ ...

"ဟာ ... မြူမိုး ပါသွားပြီ"

ကျော်မင်း၏အလန့်တကြားသံအဆုံးမှာ ဦးအောင်မိုးကလည်း မျက်လုံးပြူးလျက် ...

"ဟာ ... ဒီကောင် ငါ့သမီးကိုတော့ ပြန်အပ်မှာကွ၊ အဲဒါနဲ့ ... ပါသွားတဲ့ ပိုက်ဆံက သိန်းတစ်ထောင်တောင်၊ မဖြစ်ဘူး"

တစ်၊ နှစ်၊ သုံးဟု တိုင်ပင်စရာပင်မလိုဘဲ ဦးအောင်မိုးနှင့်ကျော်မင်းတို့ ကိုယ့်ကားဆီကိုယ် ပြေးတက်လိုက်ကြသည်။ ကြယ်ဝအောင်တို့နောက်သို့ လိုက်မည်ပေါ့။



www.burmeseclassic.com

သို့သော်လည်း . . .

ကျော်မင်းက ကားသော့နှစ်ခုစလုံးကို ဖြုတ်ယူထားပြီဖြစ်သောကြောင့် နှစ်ယောက်သား ဘာမှလုပ်မရတော့ချေ။

ကျော်မင်းတစ်ယောက် ကားပေါ်မှပြန်ဆင်းလာပြီး ငပိနှင့်တို့ခံရသော မျောက်တစ်ကောင်လို မြေကြီးပေါ် ဆွေ့ဆွေ့ခုန်နေသည်။ မြင့်ဆန်းက ခေါင်းတဆတ်ဆတ်ညိတ်နေသော ဦးအောင်မင်းဆီသို့ သွားလိုက်ရင်း . . .

"သိပ်လည်း သဘောကျမနေနဲ့ ဦးလေး၊ ဦးလေးရဲ့သမက်လောင်းငှားထားတဲ့ ရဲအတုတွေအတွက် နေ့တွက်ခလေး ရှင်းပေးလိုက်ပါဦး"

"ဘာ"

■

## (၃၉)

ကားလေးက လမ်းမထက် တရိပ်ရိပ်ပြေးနေသည်။ ကားပေါ်မှာတော့ ကြွယ်ဝအောင်နှင့်မြူမိုးတို့နှစ်ယောက် အပျော်ခရီးသွားများဖြင့် ရွှင်ပြုံးနေကြ၏။ စိတ်ညစ်စရာဆိုသည်များကတော့ ဝင်းဝင်းလှုပ်ကြွေကျကျန်ခဲ့ပြီ။

ခုန်နေသော ရင်ခုန်သံတွေကို အနိုင်နိုင်ထိန်းချုပ်ရင်း မြူမိုးက

"ကြွယ်ဝအောင် . . . နင် ဘယ်ကိုမောင်းနေတာလဲ"

ကြွယ်ဝအောင်က ရယ်ကာ . . .

"ရောက်ချင်တဲ့နေရာရောက်ပေ့ါဟာ . . . ဟန်းနီးမွန်းသွားမယ်လေ ဗိုက်ဆာလည်း အပြည့်ပါတာပဲဟာကို"

မျက်စောင်းထိုးလိုက်ရင်း မြူမိုးက ခပ်ခွခွ ပြန်ပြောလာသည်။

"အာ . . . မသွားပါဘူး၊ အဲလိုသွားလို့ ဖြစ်မလားဟ"

"ဟင် . . ဒါဆို နင်က ငါ့ကိုမချစ်ဘူးပေါ့"

မြူမိုးက ကြွယ်ဝအောင်၏ဗိုက်ခေါက်ကို အသာဆွဲဆိတ်လိုက်ရင်း

www.burmeseclassic.com

"အရှုံးရဲ ... နင်နဲ့ငါ လက်မှမထပ်ရသေးတာလေ၊ ဟန်းနီးမွန်း ထွက်ချင်ရင်တော့ ၃ တရားရုံးသွားပြီး အရင်ဆုံး လက်ထပ်မှဖြစ်မှာပေါ့"

"ပေါ့"

ကြယ်ဝအောင်က ပျော်ရွှင်စွာ အော်ဟစ်လိုက်ပြီးမှ ...

"အပေါ်ပေါ် ... မိန်းမလည်း ရတော့မယ်၊ ဟန်းနီးမွန်းထွက်ဖို့လည်း ပိုက်ဆံတွေ အပြည့်ပဲ၊ ဖြစ်ချင်တာဖြစ် ဒီပိုက်ဆံတွေနဲ့ မြန်မာပြည် အနှံ့ ပတ်ပစ်မယ်၊ ရှေ့သို့လှမ်းချီ မြန်မာပြည်တဲ့ပေါ့"

"ဟဲ့ ... အဲဒါ MPT ဆောင်ပုဒ်ကြီး"

နှစ်ယောက်သား ပျော်ရွှင်ပေါ့ပါးစွာ ရယ်လိုက်မိကြသည်။ ထိုရယ်သံတွေကတော့ ချောကလက်ထောင်ချောက်လေးထဲ ထာဝရချို့မြိန်နေဦးမည်သာ။

လေးစားစွာ

မိုးစက်ဝိုင်း

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့
ညနေ ၃ နာရီ ၃ မိနစ်



# မိုးစက်ဝိုင်း

## ထွက်ပြီးလုံးချင်းဝတ္ထုများ


#၁ ချစ်သူရေးတဲ့ ညီးစားစာ (ပွဲနိဿ)
#၂ ချစ်သူဝှက်တဲ့ ခေတ်သစ်ဖေင်
#၃ ချစ်သူပြောတဲ့ ညီးစားစကား (ပွဲနိဿ)
#၄ အပျိုဝင် (ပွဲနိဿ)
#၅ ချစ်လို့ (ပွဲနိဿ)
#၆ အိပ်မက်အက်ဆေး (ပွဲနိဿ)
#၇ ဟန်းနီးမွန်း (ပွဲနိဿ)
#၈ ရူပါဆန်းဒေး
#၉ ဖူးစာကွန်ရက် (ပွဲနိဿ)
#၁၀ သူငယ်ချင်းဒိုင်ယာရီ
#၁၁ ရိုးမြေကျသီအိုရီ (ပွဲနိဿ)
#၁၂ ပန်းသီးမက်ဆေ့ချ် (ပွဲနိဿ)
#၁၃ ကျောင်းစိမ်း (ပွဲနိဿ)
#၁၄ ရာသက်ပန်ပရိုဂရမ် (ပွဲနိဿ)
#၁၅ လေဗီစာအုပ်ကြီး (ပွဲနိဿ)
#၁၆ ကြည်နူးရာ ကြေကွဲရာ (ပွဲနိဿ)
#၁၇ အမုန်းမဲ့ဝှန် (ပွဲနိဿ)
#၁၈ အမည်ပေါက်သမီးရည်းစား (ပွဲနိဿ)
#၁၉ အနမ်းဂိမ်း (ပွဲနိဿ)
#၂၀ ကဏ္ဍီပါထောင်ချောက် (ပွဲနိဿ)
#၂၁ ပေးစာ ပြန်စာ
#၂၂ တစ်ကိုယ်တော်ကျူးပစ်




BURMESE CLASSIC
www.burmeseclassic.com